# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၂၇]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သီရိလင်္ကာနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၄

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မိုင်သရီပါလ ဆီရိစီနာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း အပြန်အလှန်ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်မြင့်မားလာရေး ဆွေးနွေး

စာမျက်နှာ-၃



**အမျိုးသားလွှတ်တော်အစည်းအဝေး**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတင်ကျင်းပ ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့ကို ရွေးချယ်တင်မြှောက်

စာမျက်နှာ-၆



# ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဒုတိယစီးပွားရေးဇုန်စီမံကိန်း စတင်



နောင်ဖြစ်ပေါ်လာမည့် ရန်ကုန်မြို့အပြည်ပြည်ဆိုင်ရာ ဒုတိယဗဟိုစီးပွားရေးဇုန် ပုံစံကို တွေ့ရစဉ်။ (သတင်း၊ စာမျက်နှာ-၉) ဓာတ်ပုံ-မျိုးမင်းသိန်း(မရမ်းကုန်း)

**ယနေ့**

## ဖတ်စရာ

### ဆိုမာလီယာနိုင်ငံ ဒါလိုလေကြောင်း ပိုင် လေယာဉ်တစ်စင်း မီးလောင်ကျွမ်းသဖြင့် အရေးပေါ်ဆင်းသက်

စာမျက်နှာ » ၄

### ရခိုင်ပြည်နယ်အတွင်း လူမျိုးဘာသာမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ » ၉




# ပြည်သူများမျှော်လင့်နေသော လွှတ်တော်သစ်

ဒီမိုကရေစီစနစ်တွင် မဏ္ဍိုင်သုံးရပ်ရှိသည့်အနက် လွှတ်တော်များသည် ဥပဒေပြုရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်ပါသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့နှင့်လည်း Check and Blance အပြန်အလှန်ထိန်းကျောင်းပေးရသောမဏ္ဍိုင်လည်း ဖြစ်ပါသည်။ ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်များသည် အဓိကအားဖြင့်ပြည်သူများ၏ အမျိုးသားရေးအကျိုးစီးပွားကို ထင်ဟပ်ဖော်ဆောင်ပေးရသည့် ဥပဒေ၊ နည်းဥပဒေများ ဆွေးနွေးဆုံးဖြတ်ပြဋ္ဌာန်းပေးရသော တာဝန်ကိုယူထားကြပါသည်။ တစ်ခါတစ်ရံလတ်တလောဖြစ်ပေါ်နေသော အရေးကိစ္စများတွင်လည်း လိုအပ်ပါက အရေးကြီးအဆိုများဖြင့် ဆွေးနွေးဆုံးဖြတ်လေ့ရှိပါသည်။ သို့အတွက် လွှတ်တော်များသည် ပြည်သူများ၏ဆန္ဒကို ထင်ဟပ်လျက်ရှိပါသည်။

ယခုအခါ ပထမအကြိမ် လွှတ်တော်သက်တမ်းကုန်ဆုံးသွားပြီဖြစ်၍ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကို ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာ နေပြည်တော်တွင် ကျင်းပလျက်ရှိပါသည်။ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းအပေါ် နိုင်ငံတကာက ထောက်ခံအားပေး ကြိုဆိုမှုများရှိသလို ပြည်သူများကလည်း အထူးစိတ်ဝင်စားလျက်ရှိပါသည်။ အကြောင်းသည်ကား လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမှ ပေါ်ထွက်လာသောပြည်သူများကိုယ်တိုင် ရွေးချယ်တင်မြှောက်လိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ကျင်းပသော လွှတ်တော်များဖြစ်၍ ပြည်သူများက စိတ်ဝင်စားလျက်ရှိပါသည်။

လွှတ်တော်များသည် ပြည်သူများက ရွေးကောက်တင်မြှောက်ထားခြင်းဖြစ်၍ ပြည်သူကိုကိုယ်စားပြုပြီး ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိသော ဥပဒေ၊ နည်းဥပဒေများ ဖြစ်ထွန်းပေါ်ပေါက်ရန် ကြိုးပမ်းကြရပါသည်။ ထို့ကြောင့်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်အဖွင့်တွင် တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များ၊ ကြေညာချက်များသည် ဒီမိုကရေစီကျင့်စဉ်နှင့် ညီ မညီ၊ လူ့အခွင့်အရေးစံချိန်စံညွှန်းများနှင့် ကိုက် မကိုက်၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့် ဆီလျော်မှုရှိ မရှိ၊ နိုင်ငံတကာ စာချုပ်စာတမ်းများနှင့် အကျုံးဝင် မဝင်၊ ပြည်သူလူထုအတွက် အကျိုးရှိ မရှိ၊ ပြည်သူလူထု၏ဘဝ လုံခြုံရေးနှင့် စိတ်လုံခြုံရေးကို အကာအကွယ်ပေး မပေးတို့ကို လေ့လာစိစစ်ကြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ အသစ်ရေးဆွဲခြင်းတို့ကို ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါသည်။

ဥပဒေ စည်းမျဉ်းစည်းကမ်းဟူသည် လူတိုင်းလိုက်နာကျင့်သုံးဖွယ်ရာများအဖြစ် ပြဋ္ဌာန်းထားသော်လည်း ခေတ်ကာလရေစီးကြောင်းအရ ပြောင်းလဲမှုများ ရှိတတ်ပါသည်။ ဥပဒေများ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်း စသည်တို့ကို လွှတ်တော်များကသာ ဆောင်ရွက်နိုင်စွမ်းရှိပါသည်။ လွှတ်တော်များသည် အမြဲတမ်းရှင်သန်နိုးကြားလျက်ရှိပါသည်။ လွှတ်တော်များသည် ပြည်သူများ၏ ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ပြည်သူများ၏ အမှန်တကယ်အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများပေါ်ပေါက်လာရေး အချိန်နှင့်တစ်ပြေးညီ ကြိုးပမ်းကြရပါသည်။

ပြည်သူများက ရွေးကောက်လိုက်သည့် ကိုယ်စားလှယ်များနှင့်အတူ ပေါ်ပေါက်လာသည့် လွှတ်တော်သစ်ထံမှ အကောင်းဆုံးသော ကြိုးပမ်းဆောင်ရွက်မှုများကို မျှော်လင့်လျက်ရှိပါသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကြီး ဒီမိုကရေစီနည်းလမ်း တကျဖြစ်ထွန်းပေါ်ပေါက်လာရေး ကြိုဆိုလျက်ရှိကြပါသည်။ သို့ဖြစ်၍ ဒီမိုကရေစီစနစ်တွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် ကျယ်ပြန့်နက်ရှိုင်းလှပြီး နိုင်ငံတော်၏ ကြီးမားသောတာဝန် များကို တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်နေကြရသကဲ့သို့ ပြည်သူ့အကျိုးစီးပွားကို ပိုမိုဖော်ဆောင်ပေးနိုင်မည့် လွှတ်တော်များဖြစ်လာရန် ပြည်သူအများက မျှော်လင့်လျက်ရှိပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |





## နွေစပါးစိုက်ပျိုးရေး တောင်သူပညာပေးဆွေးနွေး

**ချောက် ဖေဖော်ဝါရီ ၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေ/ခါတ်မြေအုပ်စု မကျီးကန်ကျေးရွာမွာရုံ၌ တောင်သူအသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီး အရာရှိက နွေစပါးစိုက်ပျိုးရန်အတွက် စပါးတစ်ဧကတင်း ၁၀၀ နှုန်း အထက်ထွက်ရန် သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄) ချက်နှင့် စိုက်ပျိုးရေးမြင့်မားရေး အခြေခံများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် တောင်သူများအား လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။ **ကျော်ကျော်မိုး(ပြန်/ဆက်)**

## ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ ပေးအပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးဒုက္ခကြုံတွေ့ခဲ့ရသည့် ပြည်သူများအတွက် နိုင်ငံတော်မှ ဦးဆောင်၍ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက သက်ဆိုင်ရာဘေးသင့်ဒေသများတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်သည့်လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ထိုင်ဝမ် အခြေစိုက် E. SUN BANK မှ CEO Mr.James Chen နှင့် တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၁၀၀၀ ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဖေဖော်ဝါရီ ၂ ရက်က လာရောက်လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံရယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**





ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှာမပရိယတ္တိစာသင်တိုက်သာသနာဝင် လေးထပ်ကျောင်းဆောင်မြေညီထပ်၌ အစိုးရနိကာယ် ပထမပြန်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ပထမ၊ ဒုတိယ၊ တတိယ ဂုဏ်ထူးများရရှိတော်မူသော ရွှာမပရိယတ္တိ စာသင်တိုက်မှ သာသနာ့အာဇာနည်သုံးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ဇန်နဝါရီ ၃၁ ရက်က ကျင်းပစဉ်။ မြင့်ဦး(အင်းစိန်)

## ကမ္ဘာ့ရေတိမ်ဒေသများနေ့ဟောပြော

**ကန်ပက်လက် ဖေဖော်ဝါရီ ၃**

သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန နတ်မတောင်အမျိုးသားဥယျာဉ်က ဖေဖော်ဝါရီ ၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ရေတိမ်ဒေသများနေ့အထိမ်းအမှတ် ဟောပြောပွဲကို ကန်ပက်လက်မြို့ မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး နတ်မတောင်အမျိုးသားဥယျာဉ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးက ကမ္ဘာ့ရေတိမ်ဒေသများနှင့် မြန်မာနိုင်ငံမြောက်ဖျားဒေသမှ မြန်မာနိုင်ငံတောင်ပိုင်းဒေသပင်လယ်ဝအထိ မြန်မာ့ရေတိမ်ဒေသများအကြောင်းကို ရှင်းလင်းဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃-၂-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၄၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၆၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | | |
|---|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - | ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - | ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - | ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - | ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - | ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - | ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - | ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - | ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - | ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - | ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - | ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - | ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၉၂ |
| ဥရောပ | တစ်ယူရို | ၁၄၀၈.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၈.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၆.၃၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၀၃ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉.၄ |

ခင်ရတနာ-စုစည်းသည်။

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း အပြန်အလှန်ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်မြင့်မားလာရေးဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွမ်မိုင်း ကအိုတီရာ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံတပ်မတော်အချင်းချင်း အပြန်အလှန် ချစ်ခင်ရင်းနှီးမှု ပိုမိုတိုးတက်မြင့်မားလာရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဦးဝဏ္ဏမောင်လွင်၊ ဦးရဲထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ပိစနု ဆူဗာနာဂျတာလည်း တက်ရောက်သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ မိုဆမ်မိုဟာမက်ဒီအား ခန့်ထားရန်သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသည့် သံအမတ်ကြီးအဖြစ် အီရန်သံအမတ်ကြီး မစ္စတာ ဟိုစိန် ကာမာလီယံ၏နေရာတွင် မစ္စတာ မိုဆမ်မိုဟာမက်ဒီအား ခန့်ထားရန် သဘောတူပြီးဖြစ်သည်။

မစ္စတာ မိုဆမ်မိုဟာမက်ဒီကို ၁၉၆၁ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၀ ပြည့်နှစ်တွင် အီရန် အစ္စလာမ္မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးဘာသာဖြင့် ဘွဲ့ရရှိခဲ့သည်။ အင်္ဂလိပ်၊ တူရကီ၊ အာရေဗျ၊ ပြင်သစ်နှင့် ရုရှားဘာသာစကားများကို တတ်ကျွမ်းသည်။

မစ္စတာ မိုဆမ်မိုဟာမက်ဒီသည် ၁၉၉၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန အနောက်အာရှဌာန ညွှန်ကြားရေးမှူးရုံး၌ နိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်သူအဖြစ် လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ တက်ရှ်ခန်မြို့ရှိ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံသံရုံး၌ နိုင်ငံရေးဆိုင်ရာကျွမ်းကျင်သူအဖြစ် လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ခနသဟာယနှင့် နိုင်ငံရေးပါတီဦးဆောင်အဖွဲ့ညွှန်ကြားရေးမှူးရုံး၌ နိုင်ငံတကာကျွမ်းကျင်သူအဖြစ် လည်းကောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အဆိုပါရုံး၌ ဒုတိယညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဟယ်လ်စင်ကီးမြို့ရှိ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံသံရုံး၌ သံရုံးဒုတိယအကြီးအကဲအဖြစ် လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန အနောက်ဥရောပညွှန်ကြားရေးမှူးရုံး၌ နိုင်ငံရေးဆိုင်ရာကျွမ်းကျင်သူအဖြစ် လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ လက်နက်ဖျက်သိမ်းရေးနှင့် အပြည်ပြည်ဆိုင်ရာလုံခြုံရေးညွှန်ကြားရေးမှူးရုံး၌ နိုင်ငံရေးဆိုင်ရာကျွမ်းကျင်သူအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ဘာလင်မြို့ရှိ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံသံရုံး၌ ဥပဒေနှင့်အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူအဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ လက်နက်ဖျက်သိမ်းရေးကွန်ဗင်းရှင်းများဆိုင်ရာ အီရန်အမျိုးသားအာဏာပိုင်အဖွဲ့တွင် ကျွမ်းကျင်သူအဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ်မှ လက်ရှိအချိန်အထိ ခနသဟာယနှင့် နိုင်ငံရေးပါတီဦးဆောင်အဖွဲ့ ညွှန်ကြားရေးမှူးရုံး(၂)၌ ညွှန်ကြားရေးမှူးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာ မိုဆမ်မိုဟာမက်ဒီသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိသည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

အလားတူ ဖေဖော်ဝါရီ ၄ ရက်တွင်ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ရာနေးလ် ဝစ်ခ်ရီမီ ဆင်းဟီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သီရိလင်္ကာနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၄**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ကျရောက်သော သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မန်ဂါလာ ဆာမာရာဝီရထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျူးကျော်နေထိုင်မှုများ ရှင်းလင်းဖယ်ရှားမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီးရှိ ယုဇနဥယျာဉ်မြို့တော်၊ မင်္ဂလာဒုံပျဉ်းမပင်စက်မှုဇုန်နယ်မြေနှင့် မန္တလေးတိုင်းဒေသကြီး ညောင်နီကျေးရွာအတွင်းရှိ ကျူးကျော်နေထိုင်မှုများကို ဖယ်ရှားရှင်းလင်းခဲ့မှုနှင့်ပတ်သက်၍ အကြံပြုချက်များ၊ ကျူးကျော်သူများအနေဖြင့် ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သင့်မှုများကို မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ယနေ့ရက်စွဲဖြင့် သတင်းတစ်ရပ်ထုတ်ပြန်ထားရှိကြောင်းနှင့် အပြည့်အစုံကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သော www.mnhrc.org.mm တွင် ဝင်ရောက်ကြည့်ရှု နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## လုပ်ငန်းကျွမ်းကျင်မှုမြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော လုပ်ငန်းကျွမ်းကျင်မှုမြင့်မားရေး ဆင့်ပွားသင်တန်းကို သန်လျင်မြို့ရှိ ခရိုင်ရုံး၌ ဖေဖော်ဝါရီ ၁ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

အဆိုပါ သင်တန်းသို့ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ဝန်ထမ်း ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

## နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **(မြန်မာ့အလင်း)**

# အမေရိကန်၌ ဇီကာပိုင်းရပ်စ် ကူးစက်မှု လိင်မှတစ်ဆင့်ကူးစက်သည်ဟုယူဆရ

**တက္ကဆက် ဖေဖော်ဝါရီ ၃**

အမေရိကန်၌ ဇီကာပိုင်းရပ်စ် ပထမဆုံးကူးစက်ခံရမှုတစ်မျိုး ဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း ကျန်းမာရေးအာဏာပိုင်များက အင်္ဂါနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါကူးစက်မှုသည် ခြင်ကိုက်ခံရခြင်းကြောင့် မဟုတ်ဘဲ လိင်မှတစ်ဆင့် ကူးစက်ခြင်း ဖြစ်ဟန်ရှိကြောင်း အာဏာပိုင်များက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစည်း (WHO) က နိုင်ငံတကာ လူထုကျန်းမာရေးဆိုင်ရာ အရေးပေါ်အဖွဲ့သို့ ကြေညာခဲ့ပြီး နောက်တစ်ရက်တွင် ထိုသို့ ပြောဆိုခဲ့ကြောင်း သိရသည်။



ဇီကာပိုင်းရပ်စ်သည် ဘရာဇီးလ်နိုင်ငံရှိ ထောင်ပေါင်းများစွာသော သန္ဓေသား ချို့ယွင်းသည့် မွေးဖွားမှုများနှင့် ဆက်နွှယ်လျက်ရှိပြီး အမေရိကနိုင်ငံများ၌ လျင်မြန်စွာ ပျံ့နှံ့လာနေသည်။ WHO အဖွဲ့အစည်း အာဏာပိုင်များက ပိုင်းရပ်စ်သည် အာဖရိကနှင့် အာရှနိုင်ငံများတွင်ပါ ကျရောက်လျက်ရှိသည်ဟု ဆိုသည်။ အေးဒိစ်ခြင်မျိုးစိတ် အကိုက်ခံရမှုကြောင့် ဇီကာပိုင်းရပ်စ် ကူးစက်ခံရသည်ဟု ဆိုထားသကဲ့သို့ လိင်ဆက်ဆံခြင်းမှလည်း ကူးစက်နိုင်ကြောင်း သတိပေးမှုများများပြား လာခဲ့သည်။

အမေရိကန်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုအဖွဲ့က ယခုဖြစ်ပွားမှုသည် ရောဂါပိုးကူးစက်မှုဖြစ်ပွားနေသည့် ပြည်ပနိုင်ငံများသို့ သွားရောက်ခြင်းမရှိဘဲ ဇီကာပိုင်းရပ်စ်ကူးစက်ခံရမှုကို အမေရိကန်၌ ပထမဆုံးတွေ့ရှိခြင်းဖြစ်ကြောင်း အတည်ပြုခဲ့သည်ဟု ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဗဟိုအဖွဲ့ (CDC) ၏ ဒါရိုက်တာ ဒေါက်တာ တွမ်ဖရိဒ်ဒင်က တွစ်တာပေါ်၌ ပြောကြားခဲ့သည်။ သို့သော်လည်း ပိုင်းရပ်စ်ပိုး မည်သို့မည်ပုံ ကူးစက်ကြောင်းကို CDC အနေဖြင့် စုံစမ်းစစ်ဆေးနိုင်ခြင်း မရှိသေးပေ။

နိုင်ငံတကာ ကျန်းမာရေးအာဏာပိုင်များက တက္ကဆက်၌ ဖြစ်ပွားသည့် အဆိုပါကူးစက်မှုသည် လူလူချင်း လိင်မှတစ်ဆင့် ကူးစက်ခြင်း ဖြစ်နိုင်သည်ဟု ကောက်ချက်ချခဲ့သော်လည်း ထိုသို့ကူးစက်မှုဟု အခိုင်အမာပြောဆိုနိုင်ရန် အထောက်အထားများ လိုအပ်နေသေးကြောင်း Pan အမေရိကန် ကျန်းမာရေးအဖွဲ့က ဆိုသည်။

**(ရိုက်တာ)**

# ဆိုမာလီယာနိုင်ငံဒါလိုလေကြောင်းပိုင် လေယာဉ်တစ်စင်းမီးလောင်ကျွမ်းသဖြင့် အရေးပေါ်ဆင်းသက်

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၃**

ဆိုမာလီယာနိုင်ငံ ဒါလိုလေကြောင်းပိုင် လေယာဉ်တစ်စင်းသည် မိုဂါဒစ်ရှူးလေဆိပ်မှ ပျံတက်စဉ်မိနစ်အနည်းငယ်အတွင်း မီးလောင်ကျွမ်းမှုဖြစ်ပွားသဖြင့် ခရီးသည်နှစ်ဦးဒဏ်ရာရရှိပြီး အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ လေယာဉ်ခရီးစဉ်အမှတ် ဒီ ၃၁၅၉သည် မိုဂါဒစ်ရှူးမှ ဒီဂျီဘိုတူသို့စတင်ပျံသန်းစဉ် လေယာဉ်ကိုယ်ထည်ဘေး၌ ဗုံးပေါက်ကွဲမှုဟု ယူဆရသော ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အပေါက်တစ်ပေါက်ဖြစ်သွားကြောင်း လေကြောင်းပို့ဆောင်ရေးနှင့် ပြည်သူ့လေကြောင်းဝန်ကြီး အလီအာမက်ဂျမားကပြောကြားသည်။ ဒီပေါက်ကွဲမှုအတွက် အစိုးရက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ ခရီးသည်နှစ်ဦးဒဏ်ရာရကြောင်း အတည်ပြုနိုင်ခဲ့ပြီး တစ်ဦးမှာ ပျောက်ဆုံးနေကြောင်း ၎င်းက သတင်းထောက်များအား ပြောကြားသည်။

၎င်းပေါက်ကွဲမှုကြောင့် ခရီးသည်တစ်ဦး လေယာဉ်အပြင်သို့လွင့်စဉ်ထွက်သွားကြောင်း မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ လေယာဉ်အတွင်း ပေါက်ကွဲသံများ ကြားရပြီးနောက် ပေတစ်သောင်းနှင့် တစ်သောင်းလေးထောင်အမြင့်အတွင်း ပျံသန်းနေသော ၎င်းလေယာဉ်အား မိုဂါဒစ်ရှူးလေဆိပ်သို့ ပြန်လည်ဆင်းသက်ခိုင်းခဲ့ရကြောင်း ဂျမားက ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ လေယာဉ်မှူးက ဆင်းသက်ခွင့်တောင်းခံတာကို ခွင့်ပြုခဲ့ပြီး ခရီးသည်တွေလိုအပ်တဲ့ အကူအညီတွေကို ပေးခဲ့ပါတယ်"ဟု ၎င်းက ပြောကြားသည်။ "ဒီဖြစ်ရပ်ဖြစ်တဲ့အချိန်မှာ ကျွန်တော်အိပ်ပျော်နေခဲ့ပါတယ်။ ခရီးသည်တွေရဲ့ ကြောက်လန့်တကြား ပြေးလွှားနေတဲ့ အသံတွေကြောင့်ကျွန်တော်နိုးလာခဲ့ပါတယ်။ လေယာဉ်မှူးအနေနဲ့ အကောင်းဆုံးလုပ်ဆောင်ပြီး ကျွန်တော်တို့ရဲ့အသက်ကို ကယ်တင်ခဲ့ပါတယ်။ ဒဏ်ရာရတဲ့ခရီးသည်နှစ်ဦးက လွဲပြီး ကျန်ခရီးသည်အားလုံးကို ကယ်တင်နိုင်ခဲ့ပါတယ်"ဟု ခရီးသည်တစ်ဦးဖြစ်သူ ဝါဟီရိက ဆိုသည်။ လေယာဉ်ထဲမှ လွင့်ထွက်သွားသည့် ခရီးသည်ကို ဘလတ်ခရိုင် အလယ်ရှာဘီလီဒေသမှာ ရှာတွေ့ခဲ့သည်ဟု သိရကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည့် ဆိုမာလီအစိုးရကို ကျေးဇူးတင်ကြောင်း ၎င်းကဆိုသည်။ အဆိုပါ လွင့်စဉ်ထွက်သွားသော ခရီးသည်မှာ ပေါက်ကွဲမှု၏ အဓိကတရားခံဖြစ်နိုင်ကြောင်း သတင်းရပ်ကွက်များက ဆိုသည်။

**(ဆင်ဟွာ)**



# မြောက်ကိုရီးယား ဒုံးကျည်ပစ်လွှတ်မည့် အစီအစဉ်အပေါ် ဂျပန်တပ်မတော် သတိထားစောင့်ကြည့်

**ဆိုးလ် ဖေဖော်ဝါရီ ၃**

ဒုံးစမ်းသပ်မှုဟုယူဆသော ဒုံးပစ်လွှတ်မှုများကို မြောက်ကိုရီးယားနိုင်ငံက ဆက်လက်ပြုလုပ်မည်ဆိုပါက ယင်းနိုင်ငံအနေဖြင့် တန်ဖိုးကြီးကြီးပေးဆပ်ရမည်ဟု တောင်ကိုရီးယားနိုင်ငံကသတိပေးမှုများ ပြုလုပ်နေချိန်၊ အကယ်၍ မြောက်ကိုရီးယား ဒုံးကျည်ကဂျပန်နိုင်ငံကိုပါ ခြိမ်းခြောက်ခဲ့မည်ဆိုပါက ယင်းဒုံးကျည်ကိုပစ်ချရန် ဂျပန်နိုင်ငံက ၎င်း၏တပ်ဖွဲ့ကို ဖေဖော်ဝါရီ ၃ ရက်က သတိပေးမှုများပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထို့ကြောင့် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကိုဖောက်ဖျက်သည့် ဒုံးပစ်လွှတ်မည့်အစီအစဉ်ကို ချက်ချင်းရပ်ဆိုင်းသင့်ကြောင်း တောင်ကိုရီးယားအိမ်ပြာတော်က ယင်း၏ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ ကမ္ဘာ့စုံစမ်းထောက်လှမ်းရေးဂြိုဟ်တုဟု အမည်ပေးထားသော ဒုံးပျံကို ဖေဖော်ဝါရီ ၈ ရက်နှင့် ၂၅ရက်တွင် ပစ်လွှတ်မည့်အစီအစဉ်ကို မြောက်ကိုရီးယားက အသိပေးပြီးနောက် တောင်ကိုရီးယား၏သတိပေးမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကလည်း အမေရိကန်နိုင်ငံအပါအဝင် အခြားနိုင်ငံများနှင့်ပူးပေါင်း၍ ယင်းအစီအစဉ်နှင့်ပတ်သက်ပြီး ကန့်ကွက်မှုများပြုလုပ်မည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(ရိုက်တာ)**

# အိန္ဒိယနိုင်ငံ၏ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် ဘရူနိုင်းကို ကမ်းလှမ်း

**ဘန်ဒါဆရီဘီဂါဝမ် ဖေဖော်ဝါရီ ၃**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးအလားအလာမှာ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လာသောကြောင့် တိုးမြင့်လာသော စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် အလို့ငှာ ဟိုက်ဒရိုကာဗွန်ကို ယင်းနိုင်ငံသို့တင်သွင်းရန် ဘရူနိုင်းနိုင်ငံအား အခွင့်အရေးတစ်ရပ် ကမ်းလှမ်းခဲ့ကြောင်း ဒုတိယသမ္မတ ဟာမစ်အန်ဆာရီက ဖေဖော်ဝါရီ ၃ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ဟိုက်ဒရိုကာဗွန်သုံး ဓာတ်မြေဩဇာစက်ရုံတစ်ခု တည်ဆောက်ရန်အတွက် ဘရူနိုင်းနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။



အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ ဟာမစ်အန်ဆာရီ ဘရူနိုင်းနိုင်ငံတွင် မိန့်ခွန်းပြောကြားနေစဉ်။

ဘရူနိုင်းတက္ကသိုလ်တွင် ပြောကြားခဲ့သော မိန့်ခွန်း၌ ဘရူနိုင်းနှင့် အိန္ဒိယနိုင်ငံတို့သည် ငြိမ်းချမ်းစည်ပင်သာယာဝပြောသော မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း အန်ဆာရီက ပြောကြားခဲ့သည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဘရူနိုင်းနိုင်ငံနှင့် စွမ်းအင်ဆိုင်ရာ ဝယ်ရောင်း မိတ်ဖက်ဆက်ဆံရေးကို ကျော်လွန်လျက် ပိုမိုကောင်းမွန်သော အလားအလာသို့ ဦးတည်လျက်ရှိကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ လယ်ယာကဏ္ဍတွင်လိုအပ်လျက်ရှိသော ဓာတ်မြေဩဇာများကို ထုတ်လုပ်နိုင်မည့် ဓာတ်မြေဩဇာစက်ရုံတစ်ရုံတည်ဆောက်မှုကိုလည်း ဘရူနိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်း၊ ယင်းစက်ရုံတည်ဆောက်ခြင်းအားဖြင့် နိုင်ငံ၏ ဝင်ငွေတိုးပွားအောင် ဆောင်ရွက်နိုင်မည်ဖြစ်သလို ဒေသခံများကိုလည်း အလုပ်အကိုင်များဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ **(ပီတီအိုင်)**

# ဗင်နီဇွဲလားနှင့် ရုရှားအာဏာပိုင်များ ရေနံဈေးကွက်တည်ငြိမ်ရေးဆွေးနွေး

**ကရာကတ် ဖေဖော်ဝါရီ ၃**

ဗင်နီဇွဲလားရေနံနှင့် သတ္တုတွင်းဝန်ကြီး ယူလိုဂျီယိုဒယ်လ်ပီနိုသည် ရေနံစိမ်းဈေးကွက်ထိုးကျသွားမှုနှင့် ပတ်သက်၍ ဈေးကွက်တည်ငြိမ်စေရေးဆွေးနွေးရန် ရုရှားရှိနိုင်ငံပိုင် ရို့စ်နက်ဖ်ရေနံမြေအကြီးအကဲဖြစ်သူ အီဂါစီချင်နှင့် အင်္ဂါနေ့က တွေ့ဆုံခဲ့သည်။

ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအဖွဲ့ (OPEC) အဖွဲ့ဝင်နိုင်ငံများသို့ အလည်အပတ်သွားရောက်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် အဆိုပါတွေ့ဆုံမှုကို ပြုလုပ်ခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီ PDVSA က ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ PDVSA ၏ ဥက္ကဋ္ဌဖြစ်သူ ဒယ်လ်ပီနိုက ရေနံစိမ်းထုတ်လုပ်မှုလျှော့ချရေးနှင့် ရေနံဈေးနှုန်းအကျဘက်သို့ ဦးတည်နေမှုကို ပြောင်းလဲရေးအတွက် သဘောတူစာချုပ်ချုပ်ဆိုရန် ရည်ရွယ်ချက်ဖြင့် ကာတာ၊ အီရန်နှင့် ဆော်ဒီအာရေဗျစသည့် အိုပက် (OPEC) အဖွဲ့ဝင်နိုင်ငံများသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

OPEC ၏ ရေနံဈေးကွက်သည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၆၉ ဒေါ်လာအထိ ၇၀ ရာခိုင်နှုန်း ထိုးကျလျက်ရှိသည်။ **(ဆင်ဟွာ)**

# မီချီဂန်ရှိ ခဲဆိပ်သင့်ရေများကို အက်ဖ်ဘီအိုင် စုံစမ်းစစ်ဆေး

**ဝါရှင်တန် ဖေဖော်ဝါရီ ၃**

မီချီဂန်ရှိ ခဲဆိပ်သင့်နေသော သောက်သုံးရေများနှင့် ပတ်သက်၍ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဆက်သွယ်လျက်ရှိသည်ဟု အက်ဖ်ဘီအိုင်က အင်္ဂါနေ့က ပြောခဲ့သည်။

နိုင်ငံတကာ၏ အာရုံစိုက်ခြင်းကိုခံနေရသည့် အဆိုပါကိစ္စရပ်တွင် ဥပဒေကို ဖောက်ဖျက်ကျူးလွန်ခြင်းရှိမရှိကိုပါ စုံစမ်းဖော်ထုတ်မည်ဟု သိရသည်။ မီချီဂန်ရှိ ရှေ့နေများအဖွဲ့သည် အက်ဖ်ဘီအိုင်အပါအဝင် အမေရိကန်ရှိ စုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့်အတူ စစ်ဆေးမှုများပြုလုပ်နေကြောင်း ဒက် ထရွိုက်ရှိ အမေရိကန်ရှေ့နေများရုံးမှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးတစ်ဦးက ဆိုသည်။ ထောက်လှမ်းရေးဌာနအနေဖြင့် တရားဥပဒေ ဖောက်ဖျက်ကျူးလွန်မှုများ ရှိ မရှိ အဖြေရှာခဲ့ကြောင်း ၎င်းကပြောကြားခဲ့သော်လည်း တစ်စုံတစ်ရာ မှတ်ချက်ချခဲ့ခြင်းမျိုးမရှိပေ။

ကလေးငယ်များ၏ သွေးနမူနာထဲမှ ခဲပါဝင်မှုနှုန်းမြင့်မားနေသည်ကို စမ်းသပ်တွေ့ရှိခဲ့ပြီးသည့်နောက် ပြီးခဲ့သည့်အောက်တိုဘာလတွင် ဖလင့်တ်မြစ်ရေမှ သောက်သုံးရေသုံးစွဲမှုကို ပိတ်ပင်ထားခဲ့သည်။ ခဲသည် အာရုံကြောစနစ်ကို ထိခိုက်စေနိုင်သော အဆိပ်သင့်ပစ္စည်းဖြစ်သည်။

**(ရိုက်တာ)**

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းကြောင့် လက်ရှိဆက်ဆံရေးမှာ အကောင်းဆုံးအခြေအနေရောက်ရှိ



**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ-ထိုင်း နှစ်နိုင်ငံသည် ထာဝရမပြောင်းလဲသည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုကို တည်ဆောက်နိုင်ခြင်းကြောင့် လက်ရှိတပ်မတော်နှစ်ရပ်ဆက်ဆံရေးမှာလည်း အကောင်းဆုံးအခြေအနေသို့ ရောက်ရှိနေကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ **(ယာပုံ)**ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွမ်မိုင်း ကအိုတီရာနှင့် တွေ့ဆုံဆွေးနွေးစဉ် ထည့်သွင်းပြောကြားသည်။

ထိုင်းဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ(ကြည်း၊ ရေ၊ လေ) စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး နှစ်ဖက်တပ်မတော်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် ရပ်တည်လုပ်ဆောင်မှုများ၊ တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ၏ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုများကို ဆွေးနွေးခဲ့ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် Banquet Hall ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(မြဝတီ)**

# ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း လှည့်လည်လေ့လာ



**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဆွမ်မိုင်း ကအိုတီရာနှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ အမျိုးသားပြတိုက်သို့ သွားရောက်၍ ပြခန်းများကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(ယာပုံ)**

ညနေပိုင်းတွင် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ သွားရောက်ကာ စေတီတော်ကြီးအား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး၍ အလှူတော်ငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းနောက် စေတီတော် ပရိဝုဏ်အတွင်းရှိ ဆင်ဖြူတော်များကို သွားရောက်ကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ Grand Treasures ရွှေရတနာနှင့် ပိုးထည်တိုက်နှင့် The Rich Gem ကျောက်မျက်ရတနာဆိုင်သို့ သွားရောက်လေ့လာကြသည်။ **(မြဝတီ)**

# ပုဇွန်တောင်မြို့နယ်၌ စာပေဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၇) ရပ်ကွက် စာပေမြတ်နိုးသူများစုပေါင်းကျင်းပမည့် စတုတ္ထအကြိမ်မြောက် စာပေဟောပြောပွဲကို ဦးဝိဇ္ဇာလမ်းနှင့် လိပ်ကန်လမ်းထောင့်၌ ဖေဖော်ဝါရီ ၆ ရက်မှ ၇ ရက်အထိ ညစဉ် ၇ နာရီ၌ ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၆ ရက်ညတွင် စာရေးဆရာများဖြစ်ကြသော ဆရာချစ်ဦးညို၊ ဆရာသရဝဏ်(ပြည်) နှင့် ဆရာဇော်ခိုင်ဦး(မန္တလေး) တို့ကလည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်ညတွင် ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)၊ ဆရာ ဦးဘုန်း(ဓာတု) နှင့် ရုပ်ရှင်သရုပ်ဆောင် ဗေလုဝတို့ဟောပြောမည်ဖြစ်ရာ စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **ဟန်စိန်**

# ပြည်တွင်းရှိ အင်ဂျင်နီယာများ နိုင်ငံတကာအဆင့်မီ အရည်အသွေးတိုးတက်စေရန် ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

အာရှဒေသတွင် အင်ဂျင်နီယာများ၏ အရေးပါသောအခန်းကဏ္ဍနှင့် ပြည်တွင်းရှိ အင်ဂျင်နီယာများ၊ နိုင်ငံတကာအဆင့်မီ အရည်အသွေးဖွံ့ဖြိုးတိုးတက်စေရန် စိန်ခေါ်မှုများ၊ အခွင့်အလမ်းများနှင့်ပတ်သက်ပြီး ဆွေးနွေးအကြံပြုမည့် Demand of Engineers in ASEAN ( Trend & Challenges ) ခေါင်းစဉ်ဖြင့် Public Seminar ကို ဖေဖော်ဝါရီ ၇ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ ရန်ကုန်မြို့ လှိုင်တက္ကသိုလ်နယ်မြေ MICT Conference Hall ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် Adjunct Professor Phumin kirawanich (STIMU) က ဟောပြောဆွေးနွေးအကြံပြုမည်ဖြစ်ရာ Professional Engineer များအဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူများ၊ ကျောင်းသား ကျောင်းသူ လူငယ်များ၊ Engineer နှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူများ၊ လုပ်ငန်းလုပ်ကိုင်ရန် စိတ်ဝင်စားသူများအတွက် အထူးသင့်လျော်သော ဟောပြောပွဲဖြစ်ကြောင်း သိရသည်။ **ကိုညီ**

# ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးရှိ ဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ထပ်မံပြောင်းရွှေ့တာဝန်ထမ်းဆောင်လျက်ရှိသော လူပျို၊ အပျိုဝန်ထမ်းများနှင့် အမှုထမ်းအိမ်ထောင်သည်ဝန်ထမ်းများအား အဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရေးအတွက် နေရာချထားပေးနိုင်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သန်း ၂၀၀၀၀ တန်ဖိုးရှိသောအပျိုဆောင် ၁၀ လုံး၊ အခန်း ၄၈၀၊ လူပျိုဆောင်ငါးလုံး အခန်း ၂၄၀ နှင့် ခြောက်ခန်းတွဲလေးထပ်(အိပ်ခန်းနှစ်ခန်း) ပါရှိသော အမှုထမ်းအိမ်ရာ ၂၃ လုံး အခန်း ၅၅၂ ခန်း စုစုပေါင်း ၁၂၇၂ ခန်းကို နေပြည်တော်ကောင်စီသို့ နိုင်ငံတော်က ခွင့်ပြုချထားပေးခဲ့သည်။

အဆိုပါလုပ်ငန်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခဲ့ရာ အဆောက်အအုံဦးစီးဌာနက တာဝန်ယူဆောက်လုပ်ခဲ့သဖြင့် ယခုအခါ အပျိုဆောင် ၁၀ လုံးနှင့် လူပျိုဆောင်ငါးလုံးတို့မှာ လုံးဝပြီးစီးနေပြီဖြစ်၍ အပျို၊ လူပျို ဝန်ထမ်းများနေထိုင်လျက်ရှိပြီဖြစ်သည်။

ကျန်ရှိသောအမှုထမ်းအိမ်ထောင်သည် ဝန်ထမ်းများနေထိုင်ရန်အတွက် ခြောက်ခန်းတွဲလေးထပ်(အိပ်ခန်းနှစ်ခန်း)ပါရှိသော အမှုထမ်းအိမ်ရာ ၂၃ လုံးကို ဆက်လက်ဆောက်လုပ်နေပြီး ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အပြီးနေရာချထားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(နေပြည်တော် မြန်/ဆက်)**

# သတိပေးနှိုးဆော်ချက်

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို ၁၀-၂-၂၀၁၆ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်းအခမ်းအနားနှင့် ၁၂-၂-၂၀၁၆ ရက်နေ့ နံနက် ၅ နာရီတွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသောယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့ လည်းကောင်း ဆက်လက်မောင်းနှင်ကြရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# အများအားဖြင့် သာယာမည်

**နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော်စတင်ကျင်းပ၊ ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်တို့ကို ရွေးချယ်တင်မြှောက်

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ၊ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပပြီး လွှတ်တော်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် ဦးမန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရန် ဦးအေးသာအောင်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) မှ ဦးဇုန်လှယ်ထန်းကို အမျိုးသားလွှတ်တော် သဘာပတိအဖြစ် လွှတ်တော် ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်သဘာပတိ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဦးအောင်ဝင်းတို့က ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမန်းဝင်းခိုင်သန်း တစ်ဦးတည်းကိုသာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁ အရ ဦးမန်းဝင်းခိုင်သန်းအား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း သဘာပတိကကြေညာသည်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ရာတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးတို့က ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးအေးသာအောင် တစ်ဦးတည်းကိုသာ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် တင်သွင်းသည့်အတွက် ဦးအေးသာအောင်အား အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက် တင်မြှောက်ကြောင်း သဘာပတိက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့သည် သဘာပတိ၏ ရှေ့မှောက်၌ ကတိသစ္စာပြုကြပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ယင်းနောက် သဘာပတိ ဦးဇုန်လှယ်ထန်းက ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅ အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းအား တာဝန်လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ဖြစ်လာအောင် ဆောင်ရွက်နိုင်ရန် ရရှိလာသည့်အခွင့်အရေးကို မိမိရရဆုပ်ကိုင်ပြီး မှန်မှန်ကန်ကန် သစ္စာရှိစွာဆောင်ရွက်ရင်း မိမိတို့၏ ကောင်းမွန်သည့် သမိုင်းသစ်ကို ရေးထိုးရမည်ဖြစ်ပါကြောင်း။

မိမိတို့၏ နိုင်ငံကို ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံဖြစ်အောင် ဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးမှုရရှိရေးနှင့် အမျိုးသားရင်ကြားစေ့ရေး ရရှိရန် အထူးလိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် တရားဥပဒေများ လိုအပ်မည်ဖြစ်ပါကြောင်း။

မိမိတို့၏ အမျိုးသားလွှတ်တော်သည် နိုင်ငံတော်၏ အာဏာသုံးရပ်အနက် ဥပဒေပြုရေးအာဏာရရှိထားသည့် အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသားရင်ကြားစေ့ရေးတို့အတွက် လိုအပ်သည့်ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းရန်၊ မလိုအပ်သည့်ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ မိမိတို့ ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲ၊

စာမျက်နှာ ၇ သို့



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)




**ရှင်းလင်းချက်**

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ် | - ၁၆၈ ဦး | NLD | - ၁၃၅ ဦး | = ၆၀. ၂၇ % | NUP | - ၁ ဦး | = ၀. ၄၅ % |
| တပ်မတော်သားကိုယ်စားလှယ် | - ၅၆ ဦး | USDP | - ၁၁ ဦး | = ၄. ၉၁ % | PNO | - ၁ ဦး | = ၀. ၄၅ % |
| အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း | - ၂၂၄ ဦး | ANP | - ၁၀ ဦး | = ၄. ၄၆ % | MNP | - ၁ ဦး | = ၀. ၄၅ % |
| တက်ရောက်သည့်ကိုယ်စားလှယ်စုစုပေါင်း | - ၂၂၃ ဦး | SNLD | - ၃ ဦး | = ၁. ၃၄ % | IC | - ၂ ဦး | = ၀. ၈၉ % |
| ခွင့်တိုင်ကြားသူ(တစ်သီးပုဂ္ဂလ) | - ၁ ဦး | ZCD | - ၂ ဦး | = ၀. ၈၉ % | DSPC | - ၅၆ ဦး | = ၂၅ % |
| | | TNP | - ၂ ဦး | = ၀. ၈၉ % | | | |

**ရှင်းလင်းချက်**

NLD = အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
USDP = ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
ANP = ရခိုင်အမျိုးသားပါတီ
SNLD = ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
ZCD = ဇိုမီး ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ
TNP = တအာင်း(ပလောင်)အမျိုးသားပါတီ
NUP = တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
PNO = ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO)ပါတီ
MNP = မွန်အမျိုးသားပါတီ
IC = Independent Candidate(တစ်သီးပုဂ္ဂလ)
DSPC = Defence Services Personnel Candidates (တပ်မတော်သားကိုယ်စားလှယ်)

*အမျိုးသားလွှတ်တော်မှ*

ပုဂ္ဂိုလ်စွဲများ မထားဘဲ မိမိတို့သည် ပြည်ထောင်စု မြန်မာနိုင်ငံသားများ ဖြစ်ကြပြီး တစ်မြေတည်းနေ တစ်ရေတည်းသောက်သည့် ညီအစ်ကိုမောင်နှမများဖြစ်ကြသည်ဟု ခံယူပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်ရေးအတွက် လိုအပ်သည့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အမျိုးသား ရင်ကြားစေ့ရေးတို့ကို ဖော်ဆောင်ပေးမည့် ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းနိုင်ရန် တစ်ဦးကိုတစ်ဦး ယုံယုံကြည်ကြည် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ကြိုးစားဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားသည်။

ယနေ့ စတင်ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၂၂၄ ဦးအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ၁၃၅ ဦး၊ တပ်မတော်သား ကိုယ်စားလှယ် ၅၆ ဦး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ၁၁ ဦး၊ ရခိုင်အမျိုးသားပါတီမှ ၁၀ ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ သုံးဦး၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်မှ နှစ်ဦး၊ တစ်သီးပုဂ္ဂလပါတီမှ တစ်ဦး၊ တအာင်း(ပလောင်) အမျိုးသားပါတီမှ နှစ်ဦး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ တစ်ဦး၊ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)မှ တစ်ဦးနှင့် မွန်အမျိုးသားပါတီမှ တစ်ဦး စုစုပေါင်း ၂၂၃ ဦး တက်ရောက်ခဲ့ကြပြီး တစ်သီးပုဂ္ဂလမှ တစ်ဦး ခွင့်တိုင်ကြားခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး ဒုတိယနေ့ကို ဖေဖော်ဝါရီ ၄ ရက်တွင် ကျင်းပရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**




အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။ (သတင်းစဉ်)



# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာ ကော်မတီဆောင်၌ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအား တွေ့ဆုံပြီး လွှတ်တော်အတွင်း စနစ်တကျသတင်းရယူနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ **(ဓါတ်ပုံ)**

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ ရွေးချယ်တင်မြှောက်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်နာယကတာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် စတင်တာဝန်ထမ်းဆောင်မည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာလုပ်ငန်းစဉ်မှတ်တမ်းများ ပြသရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နာယက တာဝန်ထမ်းဆောင်ခဲ့သူ သူရဦးရွှေမန်းက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် စတင်တာဝန်ထမ်းဆောင်မည့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးမန်းဝင်းခိုင်သန်းအား ပြည်ထောင်စုလွှတ်တော်နာယကအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းအပေါ် ဂုဏ်ပြုစကားပြောကြားခြင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်မှတ်တမ်းများ ရှင်းလင်းပြသခြင်းတို့ကို ယနေ့ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်နာယကရုံးခန်း၌ ဆောင်ရွက်သည်။ **(ယာပုံ)**

ယင်းသို့ ဆောင်ရွက်စဉ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယကအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော ဦးအေးသာအောင်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကသည် ဇမ္ဗူသီရိဆောင်ရှိ လွှတ်တော်စာကြည့်တိုက်နှင့် မှတ်တမ်းမော်ကွန်းဌာန၊ လေ့ကျင့်ရေးဗဟိုဌာနနှင့် သင်တန်းခန်းမများ၊ e-Library ခန်းနှင့် ဧည့်သည်တော်လက်ခံတွေ့ဆုံသည့်ခန်းမများကို ကြည့်ရှုသည်။ **(သတင်းစဉ်)**



# လွှတ်တော်ရုပ်သံလိုင်း နေ့စဉ်ထုတ်လွှင့်နေမှု အသိပေးတင်ပြထား

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြည်သူ့ဗဟိုပြု ရုပ်မြင်သံကြားနှင့် အသံလွှင့်ဝန်ဆောင်မှုလုပ်ငန်းသို့ ပြောင်းလဲရန် အခြေခံကျသည့် ပြုပြင်ပြောင်းလဲမှုများကို ၂၀၁၃ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက်ကစတင်၍ နေ့စဉ်နံနက် ၇ နာရီမှ ည ၉ နာရီအထိ နာရီစဉ်လိုက်သတင်းများကို ထုတ်လွှင့်ခဲ့သကဲ့သို့ အောက်တိုဘာ ၁၅ ရက်တွင် ဒစ်ဂျစ်တယ်ရုပ်သံလိုင်းများအဖြစ် Farmers channel, National Races channel နှင့် Hluttaw channel များကို စတင်ထုတ်လွှင့်နိုင်ခဲ့သည်။

Hluttaw channel ကို နေ့စဉ် နံနက် ၆ နာရီမှ ည ၁၀ နာရီအထိ ၁၆ နာရီကြာ ထုတ်လွှင့်ပေးလျက်ရှိပြီး လွှတ်တော်ပုံမှန်အစည်းအဝေး များ၊ တစ်ပတ်အတွင်း လွှတ်တော်သတင်းများနှင့် ညစဉ် ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များအစီအစဉ်တို့ ထည့်သွင်းတင်ဆက်ပေးလျက်ရှိသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှစတင်ကာ နေ့စဉ် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို မွန်းတည့် ၁၂ နာရီမှစတင်ကာ ထုတ်လွှင့်ပေးခဲ့သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ လွှတ်တော်ပုံမှန်အစည်းအဝေးများကို နံနက် ၁၀ နာရီမှ လွှတ်တော်ပြီးဆုံးချိန်အထိ တိုက်ရိုက်ထုတ်လွှင့်ပြသလျက်ရှိသည်။

Hluttaw channel တွင် လွှတ်တော်ပုံမှန်အစည်းအဝေးများအပြင် လွှတ်တော်သုံးရပ်ဆိုင်ရာ ကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးအကျဉ်းအစီအစဉ်များ၊ လွှတ်တော်သမိုင်း(မြန်မာ/အင်္ဂလိပ်)နှင့် လွှတ်တော်သုံးရပ် မှတ်တမ်းတို့ကို ပြင်ပမီဒီယာကုမ္ပဏီနှင့် ချိတ်ဆက်ဆောင်ရွက်၍ ၂၀၁၅ ခုနှစ် ဧပြီလမှစတင်ကာ ရိုက်ကူးထုတ်လွှင့်နိုင်ခဲ့သည်။

လွှတ်တော် ပုံမှန်အစည်းအဝေးများကို Hluttaw channel တွင် သာမက MRTV News channel တွင်လည်း နေ့စဉ်မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီ၊ ညနေ ၄ နာရီတွင် ရရှိပြီး လွှတ်တော်သတင်းများအား လည်းကောင်း၊ ည ၇ နာရီတွင် လွှတ်တော်သတင်း အပြည့်အစုံကို လည်းကောင်း၊ ည ၈ နာရီသတင်းတွင် လွှတ်တော်သတင်းအကျဉ်းချုပ် ကိုလည်းကောင်း ထည့်သွင်းထုတ်လွှင့်ခဲ့သည်။

လွှတ်တော်အစည်းအဝေးသာမက ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီများ၏ အစည်းအဝေးများ၊ ဥက္ကဋ္ဌများ၏ ပြည်တွင်း/ပြည်ပခရီးစဉ်များလည်း ထည့်သွင်းထုတ်လွှင့်ပေးခဲ့သည်။

ပြည်သူအတွက်ကြိုးပမ်းမှု ပုံရိပ်များအစီအစဉ်ကို ညစဉ် ၉ နာရီသတင်းအပြီးနှင့် မွန်းတည့် ၁၂ နာရီ သတင်းအပြီးတွင် ပုံမှန်ထုတ်လွှင့်လျက်ရှိသည်။ တစ်ပတ်အတွင်း လွှတ်တော်သတင်းအစီအစဉ်ကိုလည်း စနေနေ့ မွန်းလွဲပိုင်းတွင် ထည့်သွင်းထုတ်လွှင့်ပေးလျက်ရှိသည်။

ဒုတိယအကြိမ်ပုံမှန် အစည်းအဝေးစတင်သည့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ မွန်းတည့် ၁၂ နာရီ၊ ညနေ ၃ နာရီ ၊ ညနေ ၄ နာရီ၊ ညနေ ၅ နာရီ၊ ည ၇ နာရီ၊ ည ၈ နာရီသတင်းများတွင် အင်တာဗျူးအစီအစဉ်များပါ ထည့်သွင်းလျက် ယခင်ထုတ်လွှင့်မှုပုံစံအတိုင်း ထုတ်လွှင့်လျက်ရှိကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို အားလုံးပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်မည်

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့ နံနက်ပိုင်းတွင် စတင်ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ ရွေးချယ်တင်မြှောက်ခြင်း၊ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါအစည်းအဝေးတွင် တက်ရောက်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌအဖြစ် ကရင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမန်းဝင်းခိုင်သန်းနှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးအေးသာအောင်တို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

တင်မောင်လွင်၊ ဇူလိုင်မိုး (မြန်မာ့အလင်း)၊ သတင်းစဉ် ဓာတ်ပုံ-မောင်မွေး



ဦးဂျေယောဂူ



စိုင်းဝမ်းလှိုင်းခမ်း



ဦးခင်ဝင်း



ဦးကျင်ခန့်ပေါင်



ဦးစိုးသီဟ



ဒေါ်ခင်ဆွေလွင်

အဆိုပါ အစည်းအဝေးတွင် တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးအား ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌများအဖြစ် ခန့်အပ်ခဲ့မှုအပေါ် တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားအမြင်နှင့် ဆောင်ရွက်မည့်အခြေအနေများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

**ဦးဂျေယောဂူ**
**ကချင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁)**

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးကလည်း ပြောသွားတယ်။ အခုလွှတ်တော်က ပိုပြီးလုပ်သွားနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ဟိုတုန်းက ဖက်ဒရယ်ဆိုတာက ကြောက်ရတယ်ဆိုတဲ့ ဝေါဟာရတွေရှိခဲ့တယ်။ အခုလွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင်က သတ္တိရှိရှိ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ကြစို့လို့ အားလုံးကို ဖိတ်ခေါ်တဲ့သဘောမျိုး ပြောသွားခဲ့တယ်။ ဒါဟာ ကျွန်တော်တို့အတွက် ပိုပြီးပွင့်လင်းလာပြီး ပြည်ထောင်စုဖွား တိုင်းရင်းသား ညီရင်းအစ်ကိုမောင်ရင်းနှမ အားလုံးတို့ရဲ့ မျှော်လင့်ချက်ပန်းတိုင်ကို ဖော်ကျူးပေးလိုက်ပြီလို့ ယူဆပါတယ်။ နောက်ပြီး လွှတ်တော်အသစ်အနေနဲ့ အခင်းအကျင်းလည်း ပိုပြီးလှလာလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပြည်သူလူထု တစ်ဦးစီရဲ့ မျှော်လင့်ချက်ကို ဆောင်ကြဉ်းပေးနိုင်လိမ့်မယ်လို့ ခံယူထားပါတယ်။

**စိုင်းဝမ်းလှိုင်းခမ်း**
**ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၃)**

တိုင်းရင်းသားတွေကို နေရာပေးတဲ့အတွက် ဝမ်းလည်း ဝမ်းသာပါတယ်။ ဂုဏ်ယူစရာလည်း ကောင်းပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြောသွားတဲ့ စကားတွေကလည်း အင်မတန်မှကို အားကျစရာကောင်းတာရှိပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီ တည်ထောင်ဖို့ ကျွန်တော်တို့နိုင်ငံက ငြိမ်းချမ်းရေးလိုအပ်တယ်။ တရားဥပဒေစိုးမိုးရေးလည်း လိုအပ်တယ်။ ပြီးတော့ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ကိစ္စတွေ ပါလာတော့ ကျွန်တော်တို့ တိုင်းရင်းသားတွေ မျှော်လင့်တဲ့အရာတွေ ပါလာတာပေါ့။ လွှတ်တော်အသစ်မှာ ပညာရေးနဲ့ ဖွံ့ဖြိုးရေးအပိုင်းတွေ ဦးစားပေး ဆွေးနွေးသွားမယ်။ တိုင်းရင်းသား ဘာသာစကားကိုလည်း ပြဋ္ဌာန်းပေးစေချင်ပါတယ်။ ဒါမှ တိုင်းရင်းသားတွေက ကိုယ့်ရဲ့မိခင်စကားနဲ့ ပညာသင်ကြားတဲ့အပိုင်းမှာ ပိုမိုလွယ်ကူပြီး တိုင်းရင်းသားပညာတတ်တွေ အများကြီး မွေးထုတ်ပေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ အခုဟာက ဒုတိယမြောက်ဘာသာစကားဖြစ်တဲ့ မြန်မာစကားနဲ့ စာသင်နေရတော့ အခက်အခဲ အနည်းငယ်ရှိပါတယ်။

**ဦးခင်ဝင်း**
**မကွေးတိုင်းဒေသကြီး**
**မဲဆန္ဒနယ် အမှတ်(၂)**

လွန်ခဲ့တဲ့ ၂၉ နှစ်ကတည်းက တိုင်းပြည်ကို အခုလို ပြုပြင်ပြောင်းလဲချင်နေတာ။ ဒီနေ့တော့ တရားဝင်ပြုပြင်ပြောင်းလဲလို့ ရနေပြီလို့ ယုံကြည်သွားတယ်။ တာဝန်လည်း ကျေပွန်အောင် ထမ်းဆောင်မယ်လို့ ဆုံးဖြတ်ချက်ချထားပါတယ်။ ကျွန်တော်တို့အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြောသွားသလိုပဲ ကျွန်တော်တို့နိုင်ငံက တိုင်းရင်းသားတွေ စုပေါင်းနေတဲ့ နိုင်ငံဖြစ်လို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ဖက်ဒရယ်ပြည်ထောင်စုဖြစ်အောင် တည်ဆောက်မယ်။ ပြည်တွင်းစစ်တွေ ရပ်တန့်စေဖို့ ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်မယ်။ အဓိကအနေနဲ့ ဥပဒေတွေရေးဆွဲမယ်။ ဖက်ဒရယ်ပြည်ထောင်စုဖြစ်အောင် ရေးဆွဲရမယ်။ နောက်ပြီး တရားဥပဒေစိုးမိုးရေးအတွက်လည်း ကြိုးစားမယ်။ ဒါတွေက ကျွန်တော်တို့ရဲ့ အဓိကကျတဲ့ လုပ်ငန်းတာဝန်တွေပဲ ဖြစ်ပါတယ်။ အဲဒီသုံးခုသာ ရရှိမယ်ဆိုရင် ကျွန်တော်တို့ရဲ့နိုင်ငံကပိုပြီးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီနေ့အမျိုးသားလွှတ်တော်မှာတက်လာတဲ့ ဥက္ကဋ္ဌတွေက တိုင်းရင်းသားတွေဖြစ်တဲ့အတွက် တိုင်းရင်းသားတွေရဲ့အရေးကို အရင်ကထက် ပိုပြီးလုပ်ဆောင်လာနိုင်လိမ့်မယ်လို့ ထင်ပါတယ်။

**ဦးကျင်ခန့်ပေါင်**
**ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၆)**

ကျွန်တော်တို့ရဲ့ အတွေ့အကြုံအသစ်ဖြစ်တဲ့အတွက် ကျွန်တော်တို့အတွက် ဗဟုသုတတွေ အများကြီးရတယ်။ အစည်းအဝေးတို့ အခမ်းအနားတို့ ရှိတဲ့အခါဆို ဒီလိုပဲလုပ်ကြမှာပဲလို့ ခံယူပါတယ်။ လွှတ်တော်အသစ်ရဲ့ လာမယ့်သက်တမ်းငါးနှစ်ကာလအတွင်းမှာ တာဝန်ယူမယ့်ပုဂ္ဂိုလ်တွေကို ရွေးချယ်တာဝန်ပေးအပ်ထားတာ ဖြစ်ပါတယ်။ အများကြီးပြောစရာတွေ ရှိပေမယ့် ဒီနေ့မှာ အစည်းအဝေးစတက်ရတဲ့အတွက် ကျွန်တော်တို့ တင်ပြရမယ့် အချက်အလက်တွေကိုတော့ အခုငါးနှစ်အတွင်းမှာ တဖြည်းဖြည်း အခြေအနေကြည့်ပြီး တင်ပြဆောင်ရွက်သွားမှာပါ။

**ဦးစိုးသီဟ**
**မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၀)**

တိုင်းရင်းသားတွေကို ဦးစားပေးရွေးချယ်လိုက်တဲ့အတွက် ပုဂ္ဂလိကခံစားချက်နဲ့ပြောရရင် ပိုကြိုက်တယ်။ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲစာတမ်းမှာလည်းပါပြီးသား။ အမျိုးသားရင်ကြားစေ့ရေး လမ်းကြောင်းအတိုင်းဆို ကောင်းပါတယ်။ တစ်နိုင်ငံလုံးအပစ်အခတ် ရပ်စဲရေးအတွက် အားလုံးပူးပေါင်းပြီး ကြိုးစားသွားရင် ရနိုင်ပါတယ်။ ညီညွတ်မယ်ဆိုရင် အောင်မြင်မယ်။ မညီညွတ်ရင် မအောင်မြင်ဘူး။ ဒါက လမ်းကြောင်းတစ်ခုတည်း ဖောက်လို့မရဘူး။ အဖွဲ့အစည်းတစ်ခု၊ တစ်ဦးတစ်ယောက်နဲ့ လုပ်လို့မရဘူး။ အခုလည်း မညီညွတ်ဘူးလို့ ပြောတာမဟုတ်ပါဘူး။ လမ်းကြောင်း မတူကြတာပါ။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဘယ်လိုမြင်တယ်ဆိုတာမပြောချင်ဘူး။ ကိုယ်တိုင်ကိုယ်ကျ ထဲထဲဝင်ဝင်နဲ့ ဝင်လုပ်နေကြတဲ့ သူတွေရဲ့အမြင်က ပိုပြီးသင့်တော်ပါတယ်။ တိုင်းရင်းသားနှစ်ယောက်ကို ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတင်မြှောက်လိုက်တဲ့အတွက် လုပ်ငန်းကိုင်ငန်းတွေ ပိုအောင်မြင်လာမယ်လို့ မျှော်လင့်ပါတယ်။ အခုအမျိုးသားရင်ကြားစေ့ရေးကို သွားပြီး ဥက္ကဋ္ဌကြီးအနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ပြည်သူ့ငြိမ်းချမ်းရေးကို ပိုပြီးဦးစားပေးမယ်လို့ ပြောခဲ့တယ်။ အဲဒီအပေါ်မှာ အရာရာတိုင်းက ပြီးပြည့်စုံတယ်လို့ မရှိဘူး။ ရာခိုင်နှုန်းအများစုကောင်းရင်ကောင်းတယ်လို့ ယူဆရပါမယ်။ Full Perfect တော့ မဖြစ်နိုင်ဘူး။ တာဝန်ဝတ္တရားတွေ ပိုကြီးလာပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဘယ်လောက်အထိ လုပ်ပေးနိုင်မလဲပေါ်မူတည်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်တိုင်းကတော့ ကိုယ့်ဒေသဖွံ့ဖြိုးတိုးတက်ဖို့ အကောင်းဆုံးလုပ်ကြမှာပါပဲ။

အမျိုးသားလွှတ်တော်မှာ တိုင်းရင်းသားတွေကို ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုက်တဲ့အတွက် တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေဟာ အရင်ကထက် ပိုမိုရရှိလာမယ်လို့ မျှော်လင့်ရပါတယ်။ အမျိုးသားလွှတ်တော်ဆိုတဲ့ သဘောသဘာဝကိုက တိုင်းရင်းသားတွေအတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်အတွက်မျှပြီး တိုင်းရင်းသားရေးရာအတွက် ကိစ္စတွေကို အဓိကဦးတည်တဲ့ လွှတ်တော်တစ်ရပ်ဖြစ်တဲ့အတွက် အခု ဦးစီးဦးဆောင်ပေးမယ့်သူတွေဟာ တိုင်းရင်းသားတွေဖြစ်လာတဲ့အတွက် ဘာပဲပြောပြော သဘာဝအားဖြင့်ဆိုရင်ကိုပဲ သက်ဆိုင်ရာတိုင်းရင်းသားတွေက ပိုပြီးတော့ လွတ်လွတ်လပ်လပ် ပြောနိုင်မယ်၊ ဆိုနိုင်မယ်ဆိုရင် အဲဒီအရေးကိစ္စတွေကို ဆောင်ရွက်ဖို့ရာအတွက် ပိုပြီးတော့နီးစပ်တယ်။ ပိုပြီးတော့ လက်တွေ့ကျတယ်လို့ ပြောရမယ်။

**ဦးစိုးအောင်**
**မန္တလေးတိုင်းဒေသကြီး**
**မဲဆန္ဒနယ် အမှတ်(၁၁)**

အပစ်အခတ်ရပ်စဲရေးအနေနဲ့ကတော့ လူကြီးတွေရဲ့ ခြေလှမ်းပေါ်မှာကြည့်ပြီးတော့မှ သွားမှာပါ။ မြန်မာနိုင်ငံမှာ အပစ်အခတ်ရပ်စဲရေးရှိဖို့ကတော့ အဓိကလိုအပ်ပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးနဲ့ ပတ်သက်တဲ့ အဆိုတွေ၊ နိုင်ငံတစ်ဝန်းလုံးနဲ့ပတ်သက်တဲ့ အဆိုတွေကို အကောင်းဆုံးပြုစုပြီး လုပ်ဆောင်သွားမှာပါ။ ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်မှာ ဒေသစွဲတွေ၊ ပါတီစွဲတွေ၊ လူမျိုးစွဲတွေ၊ ဘာသာစွဲတွေ မထားဘဲနဲ့ ပူးပေါင်းပြီးလုပ်ဆောင်သွားမယ်လို့ ပြောသွားပါပြီ။ အဲဒါကြောင့် သူတို့နဲ့ပူးပေါင်းပြီး ဆောင်ရွက်သွားမှာပါ။

**ဒေါက်တာဝင်းမြတ်အေး**
**ပဲခူးတိုင်းဒေသကြီး**
**မဲဆန္ဒနယ် အမှတ်(၄)**

ပြည်သူတွေက အများကြီး မျှော်လင့်ကြတာတွေ ရှိတယ်။ ပြည်သူတွေ မျှော်လင့်နေရတာတွေကို တကယ်စတင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်တော့မယ်လို့ယူဆပါတယ်။ ပြည်သူတွေမျှော်လင့်နေတဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို စနစ်တကျနဲ့ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်နိုင်ဖို့ အမျိုးသားလွှတ်တော်ကြီးက ဆောင်ရွက်နေပါတယ်။ ထိထိရောက်ရောက်လည်း ဆောင်ရွက်သွားမှာပါ။ ဖက်ဒရယ်ပြည်ထောင်စု ဒီမိုကရေစီနိုင်ငံတော်ကြီးကို ထူထောင်တဲ့နေရာမှာ အခုလိုဖြစ်လာတဲ့ အခင်းအကျင်းကြီးက တော်တော်ကို အားရကျေနပ်စရာ ကောင်းပါတယ်။

**ဒေါ်ခင်ဆွေလွင်**
**ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)**

NLD ပါတီကို ပြည်သူက အလွန်မျှော်လင့်ထားတယ်။ ပြည်သူရဲ့လိုအပ်ချက်တွေကိုလည်း ဖော်ဆောင်ပေးနိုင်လိမ့်မယ်၊ အတိုင်းအတာတစ်ခုအထိ ရောက်အောင် ဖော်ဆောင် ပေးနိုင်ပါလိမ့်မယ်။ ဒါကတော့ ကျွန်မတို့ရဲ့ ပါတီမူဝါဒအပေါ်မှာ မူတည်ဦးမှာပါ။ ကျွန်မတို့ အကောင်းဆုံးဆောင်ရွက်သွားမှာပါ။

**ဦးမြင့်နိုင်**
**ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၅)**

ကျွန်တော်တို့ကတော့ အရင်ဆုံး လွှတ်တော်တက်တယ် ဆိုတာကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ရဲ့ နိုင်ငံရေးအရ ဘာတွေရနိုင်မလဲဆိုတာကိုတောင်းဆိုမယ်၊ ကျွန်တော်တို့ရဲ့ နိုင်ငံရေးရပိုင်ခွင့်တွေ အရင်တောင်းမယ်။ ပြီးသွားရင် ဒေသဖွံ့ဖြိုးမှုအတွက် ဒုတိယအဆင့်အနေနဲ့တောင်းမယ်။ ရခိုင်ရဲ့ ရပိုင်ခွင့်ကို အဓိက ကျွန်တော်တို့ တောင်းဆိုပါမယ်။

ဘယ်အချက်တွေလဲဆိုတော့ အခုပြောနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုရအောင် အဓိကတောင်းဆိုသွားမယ်။ ပြည်တွင်းငြိမ်းချမ်းရေးကတော့ အဓိကအရေးကြီးတယ်။ ဒါကတော့ နှစ်ပိုင်းဖြစ်မယ်။ ပြည်တွင်းငြိမ်းချမ်းရေးကနေ တစ်ဖက်တောင်းရမယ်။ လွှတ်တော်ကနေ တစ်ဖက်တောင်းမယ်၊ သူ့အပိုင်းနဲ့သူပဲ နှစ်ပိုင်းလုံးက လုပ်ဆောင်ရမှာပါ။ ပြည်ထောင်စုဝန်ကြီးအဆင့်တွေ မျှော်လင့်ထားတာ မရှိပါဘူး။ လွှတ်တော် ဒုတိယဥက္ကဋ္ဌကတော့ လက်ခံပါတယ်။ အရင်လွှတ်တော်နဲ့ အခုလွှတ်တော်ကတော့ စောင့်ကြည့်ရဦးမှာပါ။ ပိုပြီးရလာမယ်လို့တော့ မမျှော်လင့်သေးဘူး။ လောလောဆယ်တော့ သူတို့ရဲ့လုပ်ပိုင်ခွင့်ပေးတဲ့အပေါ်မှာ မူတည်ပြီးတော့ စောင့်ကြည့်ရဦးမှာပါ။

## ကုန်စည်ကူးသန်းမှုအဆင်ပြေမည့် ချောင်းကူးတံတားတည်ဆောက်

ဇလွန် ဖေဖော်ဝါရီ ၃

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ပုသိမ်မိုးဇရာကျော်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် မဟာသာကြီး သံကူကွန်ကရစ်တံတားသစ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းက ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ပေးသည်။ အဆိုပါတံတားသည် အရှည် ပေ ၂၂၀၊ အကျယ် ၁၄ ပေရှိပြီး တံတားသစ်ပြီးစီးသွားပါက ကျေးလက်နေပြည်သူများ သွားလာမှုနှင့် ကုန်စည်ကူးသန်းမှုအဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း လူမျိုးဘာသာမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် လူမျိုး၊ ဘာသာ မခွဲခြားဘဲ လူသားချင်းစာနာထောက်ထားသော စိတ်စေတနာဖြင့် ပြုစုကုသပေးကြရန်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က ပြောကြားသည်။



ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၃၀ ရက် ညနေပိုင်းက စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိပြီး ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ဆေးရုံအတွက် ဆေးဝါးရရှိမှုနှင့် အဆောက်အအုံ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လူနာများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ဆေးရုံအစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို ဝေဖန်သုံးသပ်ပြီး ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်အောင် ကြိုးစားကြရန်နှင့် လူနာများအပေါ် လူမျိုး၊ ဘာသာ မခွဲခြားဘဲ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများကို လူသားချင်း စာနာထောက်ထားစိတ်ထား၍ စေတနာဖြင့် ပြုစုကုသပေးကြရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးရုံး၌ ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများနှင့် တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၃၁ ရက် နံနက်ပိုင်းက မောင်တောခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး လူနာများအားကြည့်ရှု၍ ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။ ဆက်လက်၍ မောင်တောမြို့ ဘဂုံးနား ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ရောက်ရှိပြီး သံသယဖြစ်ဖွယ်တွေ့ရှိခဲ့သော လတ်တလော ပျော့ခွေအကြောသေ လူနာကလေးငယ်အား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုကာ လူနာမိဘများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ထို့နောက် ဘဂုံးနားအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။ နေ့လယ်ပိုင်းတွင် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆေးရုံ၏ လူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးရုံအဆောက်အအုံသစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၁ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့နယ် အောင်တိုင်ကျေးလက်ကျန်းမာရေးဌာနခွဲသို့ရောက်ရှိပြီး ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးနေမှုကိုကြည့်ရှု၍ ကျန်းမာရေးဝန်ထမ်းများ၊ ကူညီဆောင်ရွက်ပေးနေသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ယင်းနောက် သက်ကယ်ပြင်ကျေးရွာ၌ ဖွင့်လှစ်ထားသော အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုဌာနတွင် ကုသမှုခံယူနေသော အတွင်းလူနာများနှင့် သားဖွားခန်းကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော်မှ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယခုအခါ နိုင်ငံတော်၏ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ဒေသခံပြည်သူများကဲ့သို့ဘင်္ဂါလီလူမျိုးများကိုလည်း အပြည့်အဝ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



**စစ်တွေမြို့နယ် အောင်တိုင်ကျေး လက်ကျန်း မာ ရေးဌာနခွဲသို့ လာရောက် ဆေးကုသမှုခံယူကြသော ဘင်္ဂါလီများအား တွေ့ရစဉ်။**

# ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဒုတိယစီးပွားရေးဇုန် စီမံကိန်းစတင်

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ၃၆ ဒသမ ၅၅၁ ဧကအကျယ်မြေကွက်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ခွင့်ပြုချက်ဖြင့် First Myanmar Construction ကုမ္ပဏီ မှ တာဝန်ယူကာ ဒုတိယဗဟို စီးပွားရေးဇုန်စီမံကိန်း (Secondary Control Business Distirict-SCBD) ကို စတင်ဖော်ဆောင်နေပြီဖြစ်ကြောင်း တာဝန်ခံ အင်ဂျင်နီယာမှူး ဒေါ်စိုးစိုးတင်ထံမှ သိရသည်။

“ရန်ကုန်မြို့လယ် ခြောက်မြို့နယ်ဟာ မြို့ပြဖွံ့ဖြိုးလာတာနဲ့အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလာပြီး လူဦးရေ၊ မော်တော်ယာဉ်တွေနဲ့ စီးပွားရေးဆိုင်ရာ ရုံးဌာနတွေဟာလည်း များပြားကျပ်သိပ်လာတယ်။ ဒါတွေကို ဖြေလျှော့စေနိုင်ဖို့အတွက် လေဆိပ်နဲ့လည်းနီး လှိုင်သာယာ၊ ရွှေလင်ပန်း၊ ရွှေပြည်သာ၊ မြောက်ဥက္ကလာပ စက်မှုဇုန်ကြီးတွေနဲ့နီးတဲ့ ဒီနေရာမှာ ဒုတိယဗဟိုစီးပွားရေးဇုန်ကြီးကို ဖော်ဆောင်နေတာပါ။ ဒီဘက်ကို ပျံ့နှံ့လာမယ်ဆိုရင် သိပ်သည်းမှုတွေဟာ ဖြေလျှော့နိုင်ပြီး တိုးတက်မှုတွေဟာလည်း နေ့ချင်းညချင်း ဖြစ်ပေါ်လာမယ်လို့ယုံကြည်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။

ထိုစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် First Myanmar Construction မှ မြေဧရိယာ ၃၆ ဒသမ ၅၅၁ ဧကပေါ်၌ ဖေဖော်ဝါရီလ ပထမပတ်က စတင်ဖော်ဆောင်နေပြီး စီမံကိန်းကာလ ငါးနှစ်ကြာမြင့်မည်ဖြစ်ကြောင်း၊ ယခုအခါတွင် စီမံကိန်းပထမအဆင့်အဖြစ် လက်ရှိ မင်းဓမ္မလမ်း MCC ခန်းမထက် ခြောက်ဆကြီးသော MCC ခန်းမကြီး တည်ဆောက်ရေးအတွက် မြေညှိခြင်း၊ မြေကြီးတူးဖော်ခြင်း၊ မြေထိန်းနံရံများပြုလုပ်ခြင်းနှင့် အောက်ခံဖောင်ဒေးရှင်းလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း စီမံကိန်းရုံးမှ သိရသည်။

ဆက်လက်၍ အဆင့်မြင့်ဟိုတယ်ကြီးများ၊ ကုမ္ပဏီရုံးခန်းများ၊ စီးပွားရေးဆိုင်ရာ Service ပေးသော ရုံးဌာနများ၊ Shopping Centre များ၊ IT အဆောက်အအုံများနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ပါဝင်တည်ဆောက်သွားမည် ဖြစ်သည်။ စီမံကိန်းကြီးတစ်ခုလုံးအတွက် မြေအောက် သုံးထပ်၌ ကားအစီးရေ ၅၀၀၀ ခန့် ရပ်နားနိုင်သော မြေအောက် သုံးထပ်ကားပါကင်ကြီးတစ်ခုပါဝင်မည်ဖြစ်သည်။ ထိုစီမံကိန်းကို ခေတ်မီလှပခိုင်ခံ့စွာ တည်ဆောက်သွားမည်ဖြစ်သဖြင့် မြန်မာအင်ဂျင်နီယာများအပြင် ကိုရီးယား၊ ဂျပန်နိုင်ငံများမှ ပညာရှင်များနှင့် ပူးပေါင်းပါဝင် တည်ဆောက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ သန်း ၃၅၀ အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကြောင်း စီမံကိန်းရုံးမှ သိရသည်။

ထိုစီမံကိန်း ဖော်ဆောင်သည့်နေရာသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် မြေနေရာဖြစ်ပြီး ယခင် ပန်းဥယျာဉ်ပြခန်းများ ရှိခဲ့ကြောင်းနှင့် စီမံကိန်းဖော်ဆောင်မည် ဖြစ်သောကြောင့် ပန်းခင်းဆိုင်ခန်းပြခန်းနေသူများအား သာကေတမြို့နယ်နှင့် မြောက်ဥက္ကလာပ ပတ္တမြားမြို့သစ်ဘက်၌ ရွှေ့ပြောင်းရောင်းချခွင့် ပေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# မြိတ်မြို့၌ ယာဉ်တိုက်မှုဖြစ်ပွားရာမှ ကျောင်းသား ကျောင်းသူကိုးဦး ထိခိုက်ဒဏ်ရာရရှိ

**မြိတ် ဖေဖော်ဝါရီ ၃**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ရှမ်းချောင်းရပ်ကွက် အမကကျောင်းရှေ့ မြိတ်-ကျွဲကူးလမ်းမကြီးပေါ်၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က ထော်လာဂျီက ကျောင်းကားကို ဝင်ရောက်တိုက်မိပြီး ကျောင်းကားတိမ်းမှောက်၍ ကျောင်းသား ကျောင်းသူ ကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ ရှမ်းချောင်းရပ်ကွက် ရှမ်းချောင်းအမကကျောင်းရှေ့ မြိတ်-ကျွဲကူး လမ်းမကြီးပေါ်၌ ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က မြိတ်မြို့ဘက်မှ ကျွဲကူးဘက်သို့ ယာဉ်မောင်း ဘိုဘို(၂၃ နှစ်) ဇေယျာသီရိ(၁)ရပ်ကွက် မြိတ်မြို့နေသူသည် ယာဉ်အမှတ် YGN 3H/-----နစ်ဆန်းလိုက်ထရပ် ယာဉ်သည် ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားရှစ်ဦး၊ ကျောင်းသူ ၁၃ ဦးတို့အားတင်ဆောင်၍ မောင်းနှင်လာစဉ်ကျွဲကူးမှ မြိတ်မြို့ဘက်သို့ တောင်ဖီလာကျေးရွာ ကဟန်းကျေးရွာအုပ်စု မြိတ်မြို့နေသူ ဦးနောင်မဲ(ခ) ဦးတင်မျိုးလွယ်(၃၆ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် ၈၄/---- ထော်လာဂျီက ဆိုင်ကယ်ကိုရှောင်တိမ်းရာမှ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး ကျောင်းကား၏ ဝဲဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့ရာ ကျောင်းကားမှာ ယာဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။



အဆိုပါ ယာဉ်တိုက်မှုကြောင့် ဒုတိယနှစ် ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများဖြစ်ကြသော မစုမြတ်ဇော်(၁၈ နှစ်)၊ မဂျူးမီမီအောင်(၁၈ နှစ်)၊ မမီမီကျော်ဇင်(၁၈ နှစ်)၊ မစုမြတ်သွယ်(၁၇ နှစ်)၊ မဇင်ပွင့်ထွေး(၁၇နှစ်)၊ မခိုင်သဇင်ဖြိုး(၁၉ နှစ်)၊ မောင်အောင်ဝင်းထွဋ်(၁၇ နှစ်)၊ မောင်ရဲမင်းကျော်(၁၉ နှစ်)တို့ ဒဏ်ရာ(မစိုးရိမ်ရ) ရရှိပြီး မလင်းထက်ထက်အောင်(၁၇ နှစ်)မှာ ဦးခေါင်းမူးဝေနာကျင်ဒဏ်ရာရရှိကာ အတွင်းလူနာအဖြစ် မြိတ်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ထော်လာဂျီမောင်းနှင်သူ ဦးနောင်မဲ(ခ)ဦးတင်မျိုးလွယ်ကို မြိတ်မြို့မ ရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# လားရှိုးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၃**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁ ရက်က လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာအဝင် ညောင်ပင်အနီး၌ ရန်ဆုံဖုန်း မောင်းနှင်လာသည့် ယာဉ်အမှတ် FF/---- နစ်ဆန်းယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ မူးယစ်ဆေးဝါးများကို အခကြေးငွေပေး၍ သယ်ယူပို့ဆောင်ခိုင်းသူ ချိုတာကွေအား ဟိုပိတ်အိုရီယမ်တယ်တိုးဂိတ်၌ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# သူငယ်တန်းသင်ရိုးသစ်

ဒေါက်တာခင်မျိုးမြင့်ကြူ
သူငယ်တန်းသင်ရိုးညွှန်းတမ်းကော်မတီ၊ ဥက္ကဋ္ဌ

ယနေ့ပညာရေးကို စိတ်ဝင်စားသူတော်တော်များများရဲ့ပါးစပ်ဖျားမှာ သူငယ်တန်းသင်ရိုးအကြောင်း ရေပန်းစားနေတာ ကြားနေရပါတယ်။ အထူးသဖြင့် facebook မှာ ထောက်ခံသူရော၊ ဝေဖန်သူပါ အသံပေါင်းစုံ။ ကျွန်မကလည်း ကိုယ်နဲ့ဆိုင်နေတော့ အထူးဂရုစိုက်ဖတ်နေဖြစ်ပါတယ်။ စိတ်ဝင်တစားဝေဖန်ပေးကြတဲ့အတွက်တော့ အထူးကျေးဇူးတင်ရပါတယ်။ ဒီသင်ရိုးသစ်အကြောင်းသေချာနားမလည်တော့ သို့လော သို့လော ပြောနေကြတာပါ။ တကယ်လို့ ဒီဆောင်းပါးဖတ်ဖြစ်သွားရင်တော့ စေတနာအပြည့်အဝနဲ့ ဆောင်ရွက်နေကြတဲ့ ကျွန်မတို့အဖွဲ့လည်း ငါးဖယ်တေ အတေခံရတဲ့ဘဝက လွတ်မြောက်သွားလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

၂၀၁၃ ခုနှစ်ကတည်းက သင်ရိုးသစ်အတွက် အစပျိုးခဲ့ရပါတယ်။ သင်ရိုးသစ်မရေးဆွဲမီ သူငယ်တန်းသင်ရိုးညွှန်းတမ်း အညွှန်းဘောင်ကို အရင်ဆုံးပြုစုရပါတယ်။ ဒီအညွှန်းဘောင်ကို နိုင်ငံတကာပညာရေးပညာရှင် (Miss Margarette) နဲ့အတူ ပြည်တွင်းပညာရေးပညာရှင်များ ဝိုင်းဝန်းပြုစုခဲ့ပြီးနောက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ အပါအဝင် ဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းကော်မတီဥက္ကဋ္ဌများ၊ ပညာရေးတက္ကသိုလ်များမှ ပညာရေးပညာရှင်များနဲ့ အကြိမ်ကြိမ်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပြီး အတည်ပြုခဲ့ရပါတယ်။ အဲဒီနောက်မှ သူငယ်တန်းသင်ရိုး ရေးဆွဲရေးအဖွဲ့ကို ဖွဲ့စည်းပြီး သင်ရိုးကို စတင်ရေးဆွဲရတာပါ။ သင်ရိုးရေးဆွဲရေးအဖွဲ့မှာ (က) တကယ်လက်တွေ့သင်ကြားနေကြတဲ့ အခြေခံပညာမှ ဆရာများ၊ (ခ) ပညာရေးကောလိပ်မှ ဆရာများ၊ (ဂ) ပညာရေးသုတေသန၊ သင်ရိုးအဖွဲ့မှ ဝန်ထမ်းများ ပါဝင်ပါတယ်။ ကျွန်မက ဒီအဖွဲ့ရဲ့ဥက္ကဋ္ဌဖြစ်ပါတယ်။ ကိုယ့်ဂုဏ်ကိုယ်ဖော် မသူတော်ထဲ ပါမှာစိုးလို့ မပြောချင်ပေမယ့်လည်း ပြောမှဖြစ်တော့မှာမို့လို့ ပြောရပါလိမ့်မယ်။ ကျွန်မက အခြေခံပညာကဏ္ဍမှာ အထက်တန်းပြဆရာမဘဝကနေ ဒုတိယညွှန်ကြားရေးမှူးချုပ်အထိ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှာ နည်းပြကနေ ဒုတိယပါမောက္ခချုပ်အထိ စုစုပေါင်း ၃၇ နှစ်ကျော်ကြာ အမှုထမ်းခဲ့ပြီး အငြိမ်းစားယူထားသူပါ။ B.Ed, M.Ed, Ph.D ပညာရေးဆိုင်ရာဘွဲ့တွေ ရရှိထားပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရည်အသွေးပြည့်မီတဲ့ပညာရေးက အဓိကကျတာမို့ အငြိမ်းစား ယူပြီးသော်လည်း အနားမယူ၊ မည်သည့် အသီးအပွင့်မှ ခံစားမှုမရှိဘဲ စေတနာအပြည့်နဲ့ ဝင်ရောက်ဆောင်ရွက်နေသူဖြစ်ပါတယ်။

ကျွန်မတို့အဖွဲ့ကို အနီးကပ်ကြီးကြပ်လမ်းညွှန်မှုပေးနေသူ ပညာရေးပညာရှင်သုံးဦးရှိပါတယ်။ (၁)ဆရာကြီး ပါမောက္ခ ဒေါက်တာဦးသိန်းလွင်- ပညာရေး စိတ်ပညာရှင်၊ (၂)ဆရာကြီး ဒေါက်တာ ဦးမြင့်သိန်း - သင်ရိုးညွှန်းတမ်းဆိုင်ရာပညာရှင်၊ (၃)ဆရာကြီး ဒေါက်တာဦးဝင်းအောင် - ဘာသာစကားဆိုင်ရာပညာရှင်တို့ဖြစ်ပါတယ်။ သင်ရိုးအဖွဲ့က ရေးဆွဲထားတဲ့ သင်ခန်းစာအစီအစဉ်များကို ဘာသာရပ်ဆိုင်ရာ သင်ရိုးဥက္ကဋ္ဌများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပညာရေးပညာရှင်များ၊ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ ပညာရှင်တို့ထံ အကြိမ်ကြိမ်တင်ပြအတည်ပြုချက်ရယူရပါတယ်။ ဥပမာအားဖြင့် သူငယ်တန်းကလေးများအတွက် အင်္ဂလိပ်စာလုံး Q ရေးဖို့အတွက် ပြီးရင်ပြီးရော ပေါ့ပေါ့တန်တန်မလုပ်ခဲ့ကြပါ။ အမျိုးသားအင်္ဂလိပ်စာဘာသာစကားဗဟိုဌာန ညွှန်ကြားရေးမှူး၊ British Council မှ ပညာရှင်တို့နှင့် ညှိနှိုင်းပြီး Q(Arial Font Q)ကို ရွေးချယ်ခဲ့ရပါတယ်။ စာလုံးပုံစံများမတူသည်ကို သတိပြုမိစေရန် နှိုင်းယှဉ်ဖော်ပြလိုက်ပါတယ်- (Calibri – Q; Times New Roman – Q;Arial – Q) မြန်မာစာလုံးများတွင်လည်း အရစ်အဆွဲ မှန်ကန်စေရန် အတွက် မြန်မာစာပညာရှင်အဖွဲ့က ဆရာကြီးများ၏ အကြံဉာဏ်ကို ရယူခဲ့ရပါတယ်။

ကလေးများအနေနဲ့ အသက်ငါးနှစ်ပြည့်ပြီးရင် သူငယ်တန်းတက်ရောက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာ မွေးစမှ အသက်ရှစ်နှစ်အရွယ် အထိကို ရှေးဦးကလေးသူငယ်အရွယ် (early childhood) လို့ သတ်မှတ်ကြပြီး ဒီအရွယ်ကလေးတွေကို ဖွံ့ဖြိုးမှုနဲ့ကိုက်ညီတဲ့ ပြုစုပျိုးထောင်မှုပေးကြရပါတယ်။ အခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ မိတ်ဆက်ပေးမယ့် သူငယ်တန်းသင်ရိုးသစ်ဟာ (ECCD – Early Childhood Care and Development) နည်းစနစ်များနဲ့ ကိုက်ညီစွာပြုစုထားတာဖြစ်ပါတယ်။

အရင်တုန်းက သူငယ်တန်းကလေးများဟာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ စသည်ဖြင့် ဘာသာရပ်များကို သင်ကြရပါတယ်။ အခုကလေးတွေကတော့ ပြောကြစို့ဆို စာတွေမသင်ကြရတော့ဘူး။ သူတို့က ပညာတွေသင်ယူကြရမှာပါ။ စာနဲ့ ပညာမတူတာကို ဒီနေရာမှာ နည်းနည်းရှင်းပြချင်ပါတယ်။ ကျွန်မတို့ရဲ့ဆရာကြီး ဦးမြင့်ဟန်(အငြိမ်းစားတာဝန်ခံ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန) အမြဲပေးလေ့ရှိတဲ့ ဥပမာပါ။ စာဆိုတာ ပညာကို များများနဲ့မြန်မြန် ယူလို့ရနိုင်တဲ့ ကိရိယာတစ်ခုသာဖြစ်ပါတယ်တဲ့။ ပညာခေတ်ရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နေရတဲ့ ဒီနေ့ ဒီအချိန် ဒီအခါသမယမှာ စာတွေကို ကြက်တူရွေးသင် သင်ပြီး အလွတ်ကျက်မှတ်စေတဲ့ နည်းလမ်းတွေကနေ ဖယ်ခွာကြရပါတော့မယ်။ ကလေးတွေကို စာတတ်စေချင်တာလား၊ ပညာတတ်ဖြစ်စေချင်တာလား ခွဲခြားဆန်းစစ်ရပါမယ်။ ပညာတတ်ဖြစ်စေချင်ရင် စာထက် ဘက်စုံဖွံ့ဖြိုးမှုကို ဦးစားပေးရပါလိမ့်မယ်။ သူငယ်တန်းသင်ရိုးသစ်ကတော့ အနာဂတ်ကလေးတွေ ဘက်စုံဖွံ့ဖြိုးတိုးတက်တဲ့၊ (၂၁) ရာစုရဲ့ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်တဲ့ ကလေးတွေဖြစ်လာစေဖို့အတွက် ရည်ရွယ်ရေးဆွဲထားခြင်းဖြစ်ပါတယ်။ သူငယ်တန်းသင်ရိုးသစ်ရဲ့ ရည်ရွယ်ချက်ကို တိတိကျကျပြောရမယ်ဆိုရင် အောက်ပါအတိုင်းဖြစ်ပါတယ်-

- မိမိကိုယ်မိမိ ယုံကြည်အားကိုးတတ်သူများဖြစ်လာရန်၊
- အာဟာရပြည့်ဝ၍ ကျန်းမာပျော်ရွှင်သူများဖြစ်လာရန်၊
- စာရေးစာဖတ်ခြင်းနှင့် သင်္ချာအပါအဝင် အသိပညာများကို စိတ်အားထက်သန်စွာ လေ့လာသင်ယူမှုများဖြစ်လာရန်၊
- မိမိပတ်ဝန်းကျင်အကျိုးကို ဆောင်ရွက်တတ်သူများဖြစ်လာရန်။

ဒီရည်ရွယ်ချက်တွေပြည့်မီဖို့ ကလေးတွေအတွက် သင်ယူမှုနယ်ပယ်ခြောက်ခုကို အောက်ပါအတိုင်းချမှတ်ခဲ့ပါတယ်- (၁)ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်း၊ (၂)စာရိတ္တ၊ မိတ္တနှင့် စိတ်လှုပ်ရှားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ (၃)အပြန်အလှန်ပြောဆိုဆက်သွယ်ခြင်း၊ (၄)သင်္ချာအခြေခံများကို စူးစမ်းလေ့လာခြင်း၊ (၅)အနုပညာရသခံစားမှုနှင့် ဖန်တီးခြင်း၊ (၆)ပတ်ဝန်းကျင်လောကကို သိရှိနားလည်ခြင်း။ သင်ရိုးဝင်အကြောင်းအရာတွေကတော့ မိမိအကြောင်း၊ တို့မိသားစု၊ တို့ကျောင်း၊ တို့ရပ်ရွာ၊ အပင်များ၊ ရာသီဥတု၊ သယ်ယူပို့ဆောင်ရေး၊ ဈေးများ၊ ပွဲတော်များ၊ ငါး၊ ရေ၊ ပိုးကောင်လေးများ၊ အိမ်များ၊ ငှက်များ၊ နို့တိုက်သတ္တဝါများတို့ဖြစ်ပါတယ်။ ကလေးများကို ဘာသာရပ်များသင်ကြားပေးမှာမဟုတ်ဘဲ ကလေးဖွံ့ဖြိုးမှုနှင့်ကိုက်ညီသော ချဉ်းကပ်မှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့်ချဉ်းကပ်မှု၊ အကြောင်းအရာအလိုက် ချဉ်းကပ်မှု(developmentally appropriate approach, holistic development approach & thematic approach) အစရှိတဲ့ ချဉ်းကပ်မှုများနဲ့ သွားမှာဖြစ်ပါတယ်။ ကလေးတွေဟာ ကစားရင်း၊ ပုံပြင်နားထောင်ရင်း၊ ပုံပြောရင်း၊ သီချင်းဆိုရင်း၊ ကခုန်ရင်း၊ ပုံဆွဲရင်း၊ ဆေးရောင်ချယ်ရင်း စာသာမက ပညာပါတတ်သွားမှာပါ။ ကလေးတွေ စာကိုကြောက်မသွားအောင်၊ မိဘကသင်ခိုင်းလို့၊ ဆရာကသင်ပေးလို့ သင်ယူရတာမျိုးမဟုတ်ဘဲ စာပေကို ချစ်မြတ်နိုးပြီး သင်ယူလိုစိတ်ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်သွားရမှာဖြစ်ပါတယ်။

စာလုံးများရေးသားစေခြင်းနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ငါးနှစ်အရွယ် ကလေးတွေအတွက် လက်ချောင်းကလေးများရဲ့ သေးငယ်တဲ့ ကြွက်သားလေးတွေဟာ စာရေးဖို့အဆင်သင့်မဖြစ်သေးပါဘူး။ ကလေးများ စာရေးနိုင်ဖို့အတွက် ပြင်ဆင်မှုအရင်လုပ်ပေးရပါမယ်။ ဂျုံနယ်ခြင်း၊ စက္ကူရုပ်ခေါက်ခြင်း စသည်ဖြင့် လက်ကြွက်သားကလေးများ သန်မာအောင် ဆောင်ရွက်ပေးရပါတယ်။ ဒါကြောင့် စာအရေးအသားကို သူငယ်တန်းနှစ်ကုန်ခါနီးမှ လေ့ကျင့်ပေးခြင်းဖြစ်ပါတယ်။ ကလေးများဟာ မျဉ်းဖြောင့်အရင်ဆွဲပြီးမှ မျဉ်းကွေးများကို ဆွဲရပါတယ်။ မျဉ်းဖြောင့်ဆွဲရာမှာတောင် အပေါ်မှအောက်၊ အောက်မှအပေါ် (ထောင်လိုက်မျဉ်းများ)၊ လက်ဝဲမှလက်ယာ၊ လက်ယာမှလက်ဝဲ(ရေပြင်ညီမျဉ်းများ)၊ ထို့နောက် အချိတ်ကျဲကျဲပုံစံ၊ ထိုနောက်မှ မျဉ်းကွေးများ စသည်ဖြင့် အဆင့်ဆင့်လေ့ကျင့်ပေးရန်လိုပါတယ်။ လက်ချောင်းကြွက်သားကလေးများ မသန်စွမ်းမီ အရေးသင်ကြားပေးလိုက်ရင် ကလေးတွေစာရေးရမှာ ကြောက်သွားခြင်း၊ လက်ရေးမလှခြင်း၊ ခဲတံကိုင်နည်းစနစ်မကျခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ပါတယ်။

ကလေးတွေ စာသင်ကြားလိုစိတ်၊ စာကိုချစ်မြတ်နိုးစိတ်ဖြစ်ပေါ်လာစေဖို့အတွက် အဆင်သင့်ဖြစ်စေမယ့်အချိန် (readiness)ကို စောင့်ပေးရပါမယ်။ အချိန်မတိုင်မီ လမ်းလျှောက်သင်ပေးတဲ့ ကလေးတစ်ယောက်နဲ့ ဥပမာပေး ပြောလိုပါတယ်။ စောစောလမ်းလျှောက်သင်ပေးလို့ လမ်းလျှောက်တတ်သွားတဲ့ကလေးက အချိန်တန်မှ လမ်းလျှောက်တတ်လာတဲ့ ကလေးထက် လမ်းလျှောက်ပိုမကျွမ်းကျင်သလို လမ်းလျှောက်လည်း ပိုမမြန်ပါဘူး။ ဗျည်း ၃၃ လုံးမှာ ရှစ်လုံးချန်သင်လိုက်တဲ့အတွက်လည်း ကလေးဖွံ့ဖြိုးမှုကို အဟန့်အတားမဖြစ်စေတဲ့အတွက် မစိုးရိမ်ကြပါနဲ့။ တကယ်က အရေးအတွက်သာ ချန်တာပါ။ ရွတ်ဆိုခြင်းမှာတော့ ဗျည်း ၃၃ လုံးစလုံးကို အစဉ်လိုက် ရွတ်ဆိုကြရမှာဖြစ်ပါတယ်။ လက်တွေ့သင်ကြားနေတဲ့ သူငယ်တန်းဆရာမများရဲ့ အတွေ့အကြုံများအပေါ် လေ့လာဆန်းစစ်ချက်များအရ ကလေးတွေအတွက် ဒီအက္ခရာ ရှစ်လုံးကို ရေးဖို့ အခက်အခဲတွေ့ကြရကြောင်း သိရှိခဲ့ရပါတယ်။ ဒ့ါအပြင် ကျွန်မတို့အနေနဲ့ ဗမာကလေးများသာမက တိုင်းရင်းသားကလေးများကိုပါ ထည့်သွင်းစဉ်းစားပေးရပါတယ်။ ဒါကြောင့် ကလေးတွေအတွက် ကျောင်းစတက်တက်ချင်း ပထမနှစ်မှာ အခက်အခဲမတွေ့စေလိုတဲ့အတွက် ကလေးစိတ်ပညာအရ ချန်ထားခဲ့ခြင်းဖြစ်ပါတယ်။

**ဒီနေ့ ဒီအချိန် ဒီအခါသမယမှာ စာတွေကို ကြက်တူရွေးသင် သင်ပြီး အလွတ်ကျက်မှတ်စေတဲ့ နည်းလမ်းတွေကနေ ဖယ်ခွာကြရပါတော့မယ်။ ကလေးတွေကို စာတတ်စေချင်တာလား၊ ပညာတတ်ဖြစ်စေချင်တာလား ခွဲခြားဆန်းစစ်ရပါမယ်။ ပညာတတ်ဖြစ်စေချင်ရင် စာထက် ဘက်စုံဖွံ့ဖြိုးမှုကို ဦးစားပေးရပါလိမ့်မယ်။**

ပထမတန်းရောက်တော့ ဗျည်းအကုန်၊ သရအကုန် သင်ယူကြရမှာပါ။ သင်ရိုးသစ်ချပြလိုက်တဲ့အချိန်မှာ ဝိုင်းဝန်းဝေဖန်အကြံပြုကြတဲ့အတွက် ကျေးဇူးတင်ရပါတယ်။ သင်ရိုးရေးဆွဲရေးအဖွဲ့အနေနဲ့လည်း နှစ်နှစ်ကျော်ကာလအတွင်း စနေမရှိ၊ တနင်္ဂနွေမရှိ၊ ညဥ့်နက်သည်အထိ အလုပ်လုပ်ကြရပါတယ်။ ရေးဆွဲပြီးသမျှတွေကို ပညာရှင်များထံ တင်ပြကြရာမှာလည်း မဟာဘွဲ့၊ ပါရဂူဘွဲ့တွေအတွက် လုပ်နေသလားထင်ရလောက်အောင် စိတ်ရော၊ လူပါ ပင်ပန်းကြရတယ်။ ပြုပြင်ဖို့ပြောလိုက်ရင် ချက်ချင်းပြုပြင်ပြီး ပြန်ပြ၊ အတည်ပြုချက်ရယူကြရပါတယ်။ ကျွန်မကတောင် သူတို့ကို နောက်မိပါတယ်။ ဆယ်တန်းတုန်းကသာ ဒီလိုကြိုးစားခဲ့ရင် ဘာသာစုံဂုဏ်ထူးနဲ့ top ten ဝင်လောက်တယ်လို့။ သင်ရိုးရေးဆွဲပြီး ပြန်တော့ အခုသူငယ်တန်းဆရာများအတွက် သင်တန်းပေးနိုင်ဖို့ မိသားစုများနဲ့ ခွဲခွာပြီး စနေ၊ တနင်္ဂနွေမရှိ ၁၄ ရက်ဆက်တိုက် ပညာရေးတက္ကသိုလ်မှ ဝါရင့်ပါမောက္ခများ၊ ကထိကများနဲ့အတူ ဗဟိုနည်းပြသင်တန်းသွားပေးနေကြရပြန်ပါတယ်။ သူငယ်တန်းဆရာဖြစ်သင်တန်းကို သူငယ်တန်းပြဆရာတွေအထိ တက်ရောက်သင်ယူကြရမှာ ဖြစ်ပါတယ်။ ဒီလို မမောနိုင် မပန်းနိုင် ဆောင်ရွက်နေကြတဲ့ သင်ရိုးအဖွဲ့ဝင်များ၊ ကူညီထောက်ပံ့သူ ပညာရှင်တွေအားလုံးရဲ့ တစ်ခုတည်းသောဆန္ဒကတော့ ကျောင်းနေပျော်၍ ဘက်စုံဖွံ့ဖြိုးသော၊ ၂၁ ရာစု အရည်အသွေးများနဲ့ ပြည့်စုံသော လူရည်ချွန်၊ လူရည်မွန်များ ပေါ်ထွက်လာစေဖို့သာဖြစ်ပါတော့တယ်။

# မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်

**ပုသိမ် ဖေဖော်ဝါရီ ၃**

ပုသိမ်မြို့ အမှတ်(၁) နယ်မြေ ရွှေဘုံသာလမ်း ရွှေဘုံသာရပ်ကွက်၌ ယနေ့နံနက် ၁၁ နာရီ ၃၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ရဲဗလမျိုးဝင်းသည် မြို့နယ်မီးသတ်ဦးစီးဌာန ဝန်ကျွန်းသာနယ်မြေ မီးသတ်စခန်းတို့နှင့် ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် သုံးစီး၊ မီးသတ်ရေယာဉ် နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများအပါအဝင် ဒေသခံရပ်ကွက်ပြည်သူများ ပူးပေါင်းမီးငြိမ်းသတ်မှုကြောင့် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် လုံးဝမီးငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘုံသာအပြင်လမ်းနေ ဦးဇော်နိုင်၏ နေအိမ်ထရံကာဘေး၌ ထားရှိသော မီးအားမြှင့်စက်မှ အပူရှိန်လွန်ကဲပြီး နေအိမ်ထရံမှ မီးကူးစက်ရာ အနီးရှိနေအိမ်နှစ်လုံးအပါအဝင် လူနေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။ **(ယာပုံ)** နေအိမ်သုံးလုံးမှ မီးဘေးသင့်ပြည်သူ ၁၇ ဦးအား ရွှေဘုံသာဓမ္မာရုံ (မြတ်မေတ္တာအသင်း)၌ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားပြီး လိုအပ်သည်များကို ကူညီထောက်ပံ့စောင့်ရှောက်ထားရှိသည်။ အဆိုပါ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ ဦးဇော်နိုင်အား အရေးယူထားကြောင်း သိရသည်။

**ပုသိမ်လှကြည်**



# ဝင်းစိန်ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နိဗ္ဗာန်စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်

**မော်လမြိုင် ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် မုဒုံမြို့နယ် မြိုင်ကုန်းကျေးရွာတွင် အတောင် ၄၀၀ နှင့် အတောင် ၆၀၀ ကမ္ဘာ့အကြီးဆုံး လျောင်းတော်မူဘုရား နှစ်ဆူ တည်ထားကိုးကွယ်ခဲ့သည့် ဝင်းစိန်ဆရာတော် အဘိဇဓအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကေသရဆရာတော်ကြီး၏ သက်တော် (၉၅) နှစ်ပြည့် မွေးနေ့ မင်္ဂလာနှင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နိဗ္ဗာန် စံကျောင်းတော်သို့ ပင့်ဆောင်ပူဇော်ပွဲ ကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၇ နာရီက နိဗ္ဗာန် စံကျောင်းတော်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နိဗ္ဗာန် စံကျောင်းနှင့် ကမ္ပည်းကျောက်စာတိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး နိဗ္ဗာန်စံကျောင်းတော် ပေါ်ရှိ စေတီငယ် ၂၆ ဆူကို ထီးတော်တင်မင်္ဂလာ ပြုလုပ်ကြသည်။ ဆက်လက်ပြီး ဝင်းစိန်ဆရာတော်ကြီးအား ဓမ္မာရုံမှ နိဗ္ဗာန် စံကျောင်းတော်သို့ ပင့်ဆောင် ပူဇော်ကြပြီး မွန်းတည့် ၁၂ နာရီတွင် ပင့်ကျောင်း ၁၅၀ မှ သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆရာတော်ကြီး၏ သက်တော် (၉၅) နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နိဗ္ဗာန်စံကျောင်းတော် ပင့်ဆောင်ပူဇော်ပွဲသို့ အနယ်နယ် အရပ်ရပ်မှ ဆရာတော်ကြီးများနှင့် သံဃာတော်များ၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ထိုင်းနိုင်ငံမှ သာသနာပြု သီလရှင်ဆရာလေးများအဖွဲ့၊ အလှူရှင်ဒကာ၊ ဒကာမများ၊ ရပ်နီးရပ်ဝေးမှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



ဆရာတော်ကြီး၏ သက်တော် (၉၅) နှစ်ပြည့် မွေးနေ့မင်္ဂလာနှင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား နိဗ္ဗာန် စံကျောင်းတော် ပင့်ဆောင်ပူဇော်ပွဲသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြစဉ်။

# ဇီကာဗိုင်းရပ်စ်ရောဂါကြိုတင်ကာကွယ်ရေးအတွက် စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ခြင်ကျားနှိမ်နင်းရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေ

**မန္တလေး ဖေဖော်ဝါရီ ၃**

ဇီကာဗိုင်းရပ်စ်ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ဖေဖော်ဝါရီ ၂ ရက်တွင် အရေးပေါ်ကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် မန္တလေးတိုင်းဒေသကြီးတွင် ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အထူးကုဆရာဝန်ကြီးများ ပါဝင်သော စောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများနှင့် ခြင်ကျားနှိမ်နင်းရေး လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ သိရသည်။



"ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ပုံက သွေးလွန်တုပ်ကွေး ကူးစက်စေတတ်တဲ့ ခြင်ကျားကတစ်ဆင့် ကူးစက်တာဖြစ်လို့ ခြင်ကျားအကိုက်မခံရအောင် ကာကွယ်ရေးက အရေးကြီးပါတယ်။ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ကျွန်တော်တို့ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။

ပြည်သူလူထုက ပူးပေါင်းပါဝင်ပြီး ညွှန်ကြားချက်တွေကို လိုက်နာဆောင်ရွက်မှသာလျှင် ဒီဗိုင်းရပ်စ်ပိုး ကူးစက်မှုက ကင်းဝေးနိုင်မှာပါ" ဟု တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းနိုင်က ပြောသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ လက်ရှိလေယာဉ်ကွင်းတွင် လူအင်အားများထပ်တိုးချထားပြီး ပြင်ပနိုင်ငံများမှဝင်ရောက်လာသည့် နိုင်ငံခြားဧည့်သည်များကို စောင့်ကြပ်လေ့လာကြည့်ရှုမှုများ ပြုလုပ်လျက်ရှိသည်။

ထို့အပြင် သွေးလွန်တုပ်ကွေးရောဂါကို အဓိကဖြစ်ပွားစေသည့် ခြင်ကျားနှိမ်နင်းရေးကို မန်းစည်ပင်နှင့် ကျန်းမာရေးဦးစီးဌာနမှ ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကအဖွဲ့အစည်းများကလည်း လိုက်ပါဆောင်ရွက်လျက်ရှိသည်။

"ဒီရောဂါလက္ခဏာစု ခံစားရတဲ့လူတွေမှာ ခုခံအားစနစ်က ခန္ဓာကိုယ်ရဲ့ အာရုံကြောစနစ်ကို တိုက်ခိုက်ခံရတာကြောင့် ဖြစ်ပါတယ်။

အသက်အရွယ်မရွေး ဖြစ်နိုင်ခြေရှိပါတယ်။ ဒီရောဂါလက္ခဏာစု ခံစားရတဲ့သူတွေမှာ ခြေထောက်တွေနဲ့ လက်တွေထုံကျဉ်ပြီး ကြွက်သားတွေလည်း အားနည်းလာတတ်တယ်။

ပိုပြီးဆိုးရင် အသက်ရှူလမ်းကြောင်းက ကြွက်သားတွေ ထိခိုက်ခံရပြီး ဆေးရုံတင်ရတဲ့အထိ ဖြစ်လာနိုင်တယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေမှာ ဒီဗိုင်းရပ်စ်ပိုး ဝင်ရောက်ခံရရင် မွေးလာတဲ့ကလေးရဲ့ ဦးခေါင်းမှာသေးငယ်နေတဲ့ (Microcephaiy) ပြဿနာခံစားရနိုင်ပါတယ်။ ဦးနှောက်သေးငယ်ပြီး မွေးလာတဲ့ကလေးတွေဟာ ဦးနှောက်ဖွံ့ဖြိုးမှုမရှိဘဲ လူကြီးဘဝရောက်တဲ့အထိ ဦးနှောက်မဖွံ့ဖြိုးတဲ့သူ တစ်ယောက်အဖြစ် ခံစားသွားရနိုင်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါရောဂါသည် သွေးလွန်တုပ်ကွေးကဲ့သို့ ခြင်ကျားကိုက်ခြင်းမှ ဖြစ်ပေါ်လာသောရောဂါဖြစ်ပြီး သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ လက္ခဏာနှင့် ဝေဒနာခံစားရမှုမှာ ပြင်းထန်မှုမရှိသော်လည်း နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် အခြေအနေများမှာ ဆိုးရွားစွာ ထိခိုက်နိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာ့ရုပ်မြင်သံကြား News Channel အစီအစဉ်

၄-၂-၂၀၁၆ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | အနုပညာသတင်းအစီအစဉ် |
| ၈း၃၅ | မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ် |
| ၉း၄၀ | ရှုဖွယ်စုံလင် အာဆီယံအစီအစဉ် |
| ၁၀း၃၅ | အလုပ်အကိုင်အခွင့်အလမ်းအစီအစဉ် |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၈၂) |
| ၁၃း၁၀ | မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း **မိုးနတ်သူဇာအငြိမ့်** |
| ၁၄း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ" **တွယ်ငြိတတ်သည်** |

**ညပိုင်း**

| | |
|---|---|
| ၁၅း၃၅ | တရုတ်-မြန်မာချစ်ကြည်ရေးရင်းနှီးမှု အစွန့်ရှည်ကြာစေမည့် ခရီးစဉ်တစ်ခု |
| ၁၇း၃၅ | တောင်ပိုင်းပိုးလမ်းမကြီးစတင်ရာ BAOSHAN Tenschoy ဆီသို့ (အပိုင်း-၄) |
| ၁၇း၅၀ | ပြည်သူတို့ရဲ့ စကားသံများ |
| ၁၉း၁၅ | မြန်မာ့အငြိမ့်သဘင်ရေစီးကြောင်း **တစ်ခိုင်လုံးရွှေအငြိမ့်**(အပိုင်း-၁) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ နိုင်ငံခြားဇာတ်လမ်းတွဲ **တောင်းတဲ့ဆု** (အပိုင်း-၈၃) မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်(အပိုင်း-၄) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။**





ဗဟိုစာရင်းအင်းအဖွဲ့မှ ၂၀၁၅ခုနှစ် မြန်မာစာရင်းအင်းစာစောင် (Myanmar Statistical Yearbook 2015) ကို နိုင်ငံတကာတွင် ထုတ်ပြန်လျက်ရှိသည့် စာရင်းအင်းစာစောင်များနည်းတူ အခန်းပေါင်း(၁၇)ခန်း၊ ဇယားပေါင်း(၂၇၅)ခုဖြင့် စာရင်းအင်းစာစောင် ပုံစံသစ်ကို ၂၀၁၅ ခုနှစ်အတွက် ပုံနှိပ်ထုတ်ဝေ ရောင်းချမည် ဖြစ်ပါကြောင်းနှင့် စာအုပ်နှင့် CD နှစ်မျိုး တွဲလျက်ဈေးနှုန်းမှာ ကျပ် (၁၅၀၀၀ိ/-)၊ CD တစ်မျိုးတည်းဝယ်ယူပါက ကျပ် (၁၀၀၀၀ိ/-)နှုန်းစီဖြင့် ရောင်းချပေးမည် ဖြစ်ပါသည်။

ဝယ်ယူရရှိနိုင်သောနေရာများမှာ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ခြံအမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ (ရန်ကုန်ရုံးခွဲ) နှင့် စာပေဗိမာန်အရောင်းဆိုင် (နေပြည်တော်၊ ရန်ကုန်မြို့) တို့တွင် ဝယ်ယူရရှိနိုင်မည်ဖြစ်ပါကြောင်း သတင်းကောင်းပါး အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၆၇-၄၀၆၃၂၅၊ ၀၆၇-၄၀၆၃၂၉
၀၆၇-၄၀၆၃၃၆၊ ၀၁-၆၅၇၃၀၇



## အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန
## (Graduate School of Administration and Development-GSAD/နေပြည်တော်)
## ဘွဲ့လွန်ဒီပလိုမာသင်တန်းများဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
## ကြေညာချက်

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှု ပညာဘွဲ့လွန်သင်တန်းဌာန (Graduate School of Administration and Development-GSAD) နေပြည်တော်တွင် အောက်ဖော်ပြပါ သင်တန်းများကို ၂၀၁၆ခုနှစ် မတ်လတွင် ဖွင့်လှစ်မည်ဖြစ်ပါသည်-

(က) Post Graduate Diploma in Public Policy and Administration (PG Dip in PPA) (Full Time/Part Time)
(ခ) Post Graduate Diploma in Development Planning and Practice (PG Dip in Dev Pln & Pract) (Full Time/Part Time)
(ဂ) Post Graduate Diploma in International Economic Relations and Development (PG Dip in IERD) (Part Time)
(ဃ) Post Graduate Diploma in Statistics (PG Dip in Stats) (Part Time)

၂။ အပိုဒ် ၁(က)နှင့် ၁(ခ)ပါ သင်တန်းများအား အချိန်ပြည့် (Full Time)နှင့် အချိန်ပိုင်း (Part Time) သင်တန်း နှစ်ခုခွဲခြားပို့ချမည် ဖြစ်ပါသည်။ အချိန်ပြည့် (Full Time)သင်တန်းသို့ ဒုတိယဦးစီးမှူး၊ ဦးစီးအရာရှိနှင့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်ရှိ အရာထမ်းများ တက်ရောက်ရမည်ဖြစ်ပြီး အချိန်ပိုင်း (Part Time)သင်တန်းသို့ ဒုတိယညွှန်ကြားရေးမှူးမှ ညွှန်ကြားရေးမှူးချုပ်အဆင့်ထိ တက်ရောက်ရမည် ဖြစ်ပါသည်။

၃။ အပိုဒ် ၁(ဂ)နှင့် ၁(ဃ)ပါ သင်တန်းများအား အချိန်ပိုင်း ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယဦးစီးမှူးမှ ညွှန်ကြားရေးမှူးချုပ်အထိ တက်ရောက်ရမည် ဖြစ်ပါသည်။

၄။ ဒုတိယဦးစီးမှူးမှ ညွှန်ကြားရေးမှူးအဆင့်အထိ အရာထမ်းများသည် အောက်ဖော်ပြပါသင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | English | (For all courses) | 1hr |
| (ခ) | Logical Reasoning | (For all courses) | 1hr |
| (ဂ) | Numerical Skill | (For all courses) | 1hr |

၅။ ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ဝင်ခွင့်ရေးဖြေ ဖြေဆိုရန်မလိုအပ်ဘဲ၊ လူတွေ့နှုတ်ဖြေ ဖြေဆိုရန် လိုအပ်ပါသည်။

၆။ ညွှန်ကြားရေးမှူးချုပ်များအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဗဟိုအဖွဲ့အစည်းများအလိုက် ရွေးချယ်စေလွှတ်မည့်သူများဖြစ်ရန် လိုအပ်ပါသည်။

၇။ သင်တန်းနှင့်သက်ဆိုင်သောစာရွက်၊ စာတမ်းများနှင့် သတ်မှတ်ထားသည့်လျှောက်လွှာပုံစံများကို အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ ရာဇသင်္ဂဟလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၌ ၅-၂-၂၀၁၆ရက် (သောကြာနေ့)မှစ၍ စတင်ရောင်းချမည်ဖြစ်ပြီး ဝန်ကြီးဌာနအသီးသီးမှ သင်တန်းတက်ရောက်ရန် စိတ်ပါဝင်စားသူများအနေဖြင့် အဆိုပါ သင်တန်းဌာနတွင် လျှောက်လွှာများဝယ်ယူနိုင်ပါသည်။

၈။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် သက်ဆိုင်ရာအဖွဲ့အစည်း/ဝန်ကြီးဌာနများမှတစ်ဆင့် ၁၈-၂-၂၀၁၆ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ အဆိုပါသင်တန်းဌာနတွင် လျှောက်ထားနိုင်ပါသည်။ ဝင်ခွင့်ရေးဖြေစာမေးပွဲအား ၂၀-၂-၂၀၁၆ ရက်(စနေနေ့)တွင် စစ်ဆေးမည်ဖြစ်ပါသည်။ လူတွေ့နှုတ်ဖြေစာမေးပွဲကို ၂၇-၂-၂၀၁၆ရက် (စနေနေ့)တွင် စစ်ဆေးမည်ဖြစ်ပါသည်။

၉။ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန် သင်တန်းဌာနမှ ဦးကြည်မြင့် ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၇၉၆၁၃၅၀၄၇၊ ဒေါ်ကြည်ကြည်ဝင်း ညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇-၄၁၈၃၈၉၊ ၀၉-၂၅၀၈၀၄၈၂၀၊ ဒေါ်ရီရီမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၆၇- ၄၁၈၃၈၅၊ ၀၉-၄၂၀၇၁၁၅၄၀တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**အုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုပညာဘွဲ့လွန်သင်တန်းဌာန**

# သဘာဝသယံဇာတဓာတ်ငွေ့ ထုတ်လုပ်ရောင်းချမှုမှကောက်ခံရရှိသည့် ငွေပမာဏ ၅၁ ရာခိုင်နှုန်းကို နိုင်ငံတော်ဘတ်ဂျက်သို့မဝင်ဘဲ စွမ်းအင်ဝန်ကြီးဌာနက သိမ်းဆည်းထားခြင်းမှာ မမှန်ကန်ဟုဆို

တွေ့ဆုံမေးမြန်း
တင်မောင်လွင်(မြန်မာ့အလင်း)
ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွှေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

သဘာဝသယံဇာတ ဓာတ်ငွေ့ ထုတ်လုပ်ရောင်းချမှုမှ ကောက်ခံရရှိသည့် ငွေပမာဏ ၅၁ ရာခိုင်နှုန်းကို နိုင်ငံတော် ဘတ်ဂျက်သို့မဝင်ဘဲ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက သိမ်းထားခြင်းမဟုတ်ကြောင်း သဘာဝသယံဇာတဓာတ်ငွေ့ ထုတ်လုပ်မှု စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

"သဘာဝသယံဇာတ ဓာတ်ငွေ့ ထုတ်လုပ်ရောင်းချမှုမှ ကောက်ခံရရှိတဲ့ ငွေပမာဏ ၅၁ ရာခိုင်နှုန်းကို နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကို မဝင်ဘဲ ကျွန်တော်တို့ဌာနအနေနဲ့ သိမ်းဆည်းထားတယ်ဆိုတာ မမှန်ကန်ပါဘူး။ ဒီကိစ္စကို EITI အစီရင်ခံစာပြုစုတဲ့ နိုင်ငံတကာက လွတ်လပ်သော စာရင်းစစ်အဖွဲ့ Moore Stephens အဖွဲ့က လာရောက်စစ်ဆေးအတည်ပြုထားပြီး ဖြစ်ပါတယ်။ လုပ်ငန်းစဉ်အဆင့်ဆင့်နဲ့ စွမ်းအင်ဝန်ကြီးဌာနက ဒီငွေတွေကို မိမိတို့ဌာန သဘောတစ်ခုတည်းနဲ့ သုံးစွဲခွင့်မရှိကြောင်း ရှင်းပြထားပြီးသားပါ။ ဒီငွေတွေကို ဘဏ္ဍာရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ညွှန်ကြားချက်နဲ့အညီ အစိုးရအဖွဲ့ရဲ့သဘောတူညီချက်၊ လွှတ်တော်ရဲ့ သဘောတူညီချက်တွေနဲ့သာ သုံးစွဲခွင့်ရှိတယ်။

"Other Account ဆိုတာနဲ့ ပတ်သက်ပြီး ပြောရရင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတွေကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ကာ စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ဖို့အတွက် ငွေကြေးစီမံခန့်ခွဲမှုအစီအစဉ်တွေကို ချမှတ်ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စု ဘဏ္ဍာငွေစာရင်းအောက်မှာ SEE Account နဲ့ အခြားစာရင်းရှင် (Other Account) ကို မြန်မာ့စီးပွားရေးဘဏ်မှာ ဖွင့်လှစ်ထားရှိဆောင်ရွက်ခွင့် ပြုခဲ့ပါတယ်။


ဦးမင်းမင်းဦး


ဦးသန်းငွေအောင်


ဦးဝေဦး

ပြည်ထောင်စု ရန်ပုံငွေစာရင်းလက်အောက်ရှိ အခြားစာရင်းရှင် (Other Account) ကိုဘဏ္ဍာရေးနှစ်ကုန်ဆုံးချိန်မှာ အမြတ်ရဲ့ ၂၅ ရာခိုင်နှုန်း ဝင်ငွေခွန်နဲ့ ၂၀ ရာခိုင်နှုန်း နိုင်ငံတော်ထည့်ဝင်ငွေတွေ ထည့်ဝင်ပြီးပါက ကျန်တဲ့ ၅၅ ရာခိုင်နှုန်းကို ပြည်ထောင်စု အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ယူပြီး နှစ်စဉ် နောက်ဘဏ္ဍာရေးနှစ်ကို ဆက်လက်သယ်ဆောင်ခွင့်ပြုခဲ့ပါတယ်။ ရည်ရွယ်ချက်ကတော့ မိမိရန်ပုံငွေနဲ့ မိမိလည်ပတ်နိုင်စေဖို့ အရင်းအနှီးစုဆောင်းပေးခြင်းပဲ ဖြစ်ပါတယ်"ဟု ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) ဦးသန်းငွေအောင်က ပြောသည်။

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းလက်အောက်ရှိ အခြားစာရင်းရှင် (Other Account) မှ အသုံးစရိတ်များ ထုတ်ယူသုံးစွဲရာတွင် SEE Account ကဲ့သို့ပင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဌာန၏ ကြီးကြပ်မှုဖြင့်သာ သုံးစွဲရကြောင်း၊ စွမ်းအင်ဝန်ကြီးဌာန၏ သဘောတစ်ခုတည်းဖြင့် လုံးဝသုံးစွဲခြင်းမရှိကြောင်း ဦးသန်းငွေအောင်က ဆက်လက်ပြောကြားသည်။

နိုင်ငံတော်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင်ဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိရာ ကုန်းပိုင်း၊ ကမ်းလွန်လုပ်ကွက်များ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင်ကမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ကိုယ်တိုင်သော်လည်းကောင်း၊ နိုင်ငံတကာအတွေ့အကြုံရှိ ရေနံကုမ္ပဏီများနှင့် ဆွေးနွေးပူးပေါင်းလုပ်ကိုင်ခြင်းဖြင့်သော်လည်းကောင်း အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးစနစ်နှင့် အညီ ပုဂ္ဂလိကပါဝင်မှု ပိုမိုမြင့်မားလာစေရန်၊ အတတ်ပညာနှင့် အရင်းအနှီးများ နိုင်ငံတွင်းသို့ ဝင်ရောက်လာစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ရည်ရွယ်၍ ကုန်းပိုင်းလုပ်ကွက်များတွင် အပြည်ပြည်ဆိုင်ရာ တင်ဒါဖိတ်ခေါ်ကာ စာချုပ်များချုပ်ဆိုပြီး အကျိုးတူ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ ကမ်းလွန်သဘာဝဓာတ်ငွေ့စီမံကိန်းတွေကို ၁၉၉၈ ခုနှစ်မှာ ရတနာစီမံကိန်း၊ ၂၀၀၀ ပြည့်နှစ်မှာ ရဲတံခွန်စီမံကိန်း၊ ၂၀၁၃ ခုနှစ်မှာ ရွှေစီမံကိန်းနဲ့ ဇောတိကစီမံကိန်းတို့ကို စတင်လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကမ်းလွန်စီမံကိန်းလေးခုမှ လတ်တလောမှာ တစ်ရက်ကို သဘာဝဓာတ်ငွေ့ ကုဗပေသန်း နှစ်ဘီလီယံခန့် ထုတ်လုပ်လျက်ရှိပါတယ်။ အဲဒီထဲကမှ ထုတ်လုပ်မှုရဲ့ ၇၅ ရာခိုင်နှုန်းခန့်ကို ယခင်စာချုပ်အရ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကို ပိုက်လိုင်းကတစ်ဆင့် ပို့လွှတ်ရောင်းချလျက်ရှိပါတယ်။ ကုန်းတွင်းပိုင်း ထွက်ရှိမှုအပါအဝင် ၂၅ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းအတွက် အသုံးပြုလျက်ရှိပါတယ်။ ပြည်တွင်းသုံး ၂၅ ရာခိုင်နှုန်းအနက်မှ လျှပ်စစ်ကဏ္ဍအတွက် ၇၀ ရာခိုင်နှုန်းကို ဓာတ်ငွေ့သုံး တာဘိုင်တွေလည်ပတ်ဖို့ အသုံးပြုလျက်ရှိပြီး သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၃၅၀ မှ ၄၀၀ ခန့်ရှိပါတယ်"ဟု စွမ်းအင်ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမင်းမင်းဦးက ပြောသည်။

ရေနံစိမ်းအနေဖြင့် လိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းသာ ထုတ်လုပ်နိုင်ပြီး လိုအပ်သောပမာဏကို ပြည်ပမှ တင်သွင်းလျက်ရှိရာ ၂၀၁၀ ပြည့်နှစ်မှစ၍ ပုဂ္ဂလိကကဏ္ဍအတွက် တိုင်းရင်းသားပိုင် စက်သုံးဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ကာ ယနေ့အထိ စက်သုံးဆီအရောင်းဆိုင်ပေါင်း ၁၇၅၉ ဆိုင်အထိ ရှိနေပြီဖြစ်ကြောင်း သိရသည်။

"မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက SEAT ကုမ္ပဏီနဲ့ ပူးပေါင်းပြီး ရေနံနဲ့သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းတဲ့ကိစ္စတွေ ဆောင်ရွက်နေပါတယ်။ ပိုက်လိုင်းလမ်းကြောင်းက ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကနေဖြတ်ပြီး တရုတ်နိုင်ငံအထိ သွယ်တန်းတဲ့ ပိုက်လိုင်းစီမံကိန်းဖြစ်ပါတယ်။ အဲဒီသွယ်တန်းတဲ့ ပိုက်လိုင်းလမ်းကြောင်း တစ်လျှောက်မှာရှိတဲ့ မြို့နယ်တွေ၊ ကျေးရွာတွေအထိ ၂၀၀၉ ခုနှစ်မှာ ပိုက်လိုင်းဖြတ်သန်းမယ့် မြေပိုင်ရှင်တွေနဲ့ လိုက်လံဆွေးနွေးခြင်းလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ သိမ်းယူမယ့် အဲဒီမြေတွေအတွက် ထိုက်တန်တဲ့ လျော်ကြေးတွေ ပေးမယ်လို့လည်း ဆွေးနွေးခဲ့တယ်။

"မြေယာလျော်ကြေးပေးတဲ့နေရာမှာ နှစ်မျိုးရှိတယ်။ ပထမကတော့ အမြဲတမ်းသိမ်းယူတဲ့ လျော်ကြေးပေးတာရှိတယ်။ ဒုတိယကတော့ ယာယီသိမ်းမြေအတွက် လျော်ကြေးပေးတာရှိတယ်။ အမြဲတမ်းသိမ်းမြေဆိုတာ ပိုက်လိုင်း စီမံကိန်းတွေအတွက် ပိုက်လိုင်းဆွဲထားတဲ့ မြေတွေ၊ ပိုင်လိုင်းလိုအပ်တဲ့ ဓာတ်ငွေ့ဖိအားပေးစက်ရုံတွေ တည်ရှိတဲ့နေရာ၊ ကွပ်ကဲမှုတွေရှိတဲ့ နေရာအတွက် အမြဲတမ်းသိမ်းပါတယ်။ စီမံကိန်းဆောင်ရွက်တဲ့အခါမှာ ပိုက်တွေစုပုံဖို့နေရာ၊ နောက်တည်ဆောက်ရေးလုပ်သားတွေနေဖို့အတွက် ယာယီစခန်းချတဲ့နေရာ၊ စက်ယန္တရားတွေယာယီစခန်းချတဲ့နေရာ စတဲ့နေရာတွေကို ယာယီသိမ်းမြေတွေအဖြစ် သတ်မှတ်ပါတယ်။ အဲဒီလိုသိမ်းတဲ့အခါ အမြဲတမ်းသိမ်းတဲ့ မြေယာတွေပေါ်မှာ စိုက်ပျိုးထားတဲ့သီးနှံတွေကို အဖွဲ့ကနေ သီးနှံရဲ့ အမြင့်ဆုံးပေါက်ဈေးရဲ့ ငါးဆ၊ နောက်ပြီးတော့ မြေတန်ဖိုးမှာလည်း ဒေသရဲ့ အမြင့်ဆုံးတန်ဖိုးနဲ့ ပေးချေခဲ့တယ်"ဟု စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ညွှန်ကြားရေးမှူး(စီမံ) ဦးဝေဦးက ပြောသည်။

စီမံကိန်းတည်ဆောက်ရေး လုပ်ငန်းကာလ၌ လိုအပ်သည့် လုပ်သားစုစုပေါင်း လေးသိန်းနှင့် ငါးသိန်းကြား အသုံးပြုခဲ့ကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးပြီးနောက် ပိုက်လိုင်း စတင်လည်ပတ်သည့်အခါ ၂၀၁၃ ခုနှစ်နောက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်ရှိ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ တရုတ်နိုင်ငံသို့ စတင်ပို့လွှတ်ခဲ့ကြောင်း၊ ရေနံပိုက်လိုင်းစီမံကိန်းအနေဖြင့် စတင်ပို့လွှတ်ရန်အတွက် လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဒွေးနှင့်ရောင်းရင်းများ ၅ ကျိုက်ထီးရိုး/ချောင်းသာ(နေ့ခ၌)**
✿ မန်းရွှေစက်တော် ပါဒခြေတော်ရာဖွင့်ပွဲသို့ (11-2-2016) ထွက်မည်
✿ မြတ်မော်တင်စွန်းဘုရားပွဲတော်သို့ (21-2-2016) ထွက်မည်
✿ ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန် (၃)ရက် ဆက်၍-ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ (၅)ရက် (တောင်ကြီး၊ အင်းလေး၊ ပင်းတယ) (မန္တလေး၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်) (၇)ရက်၊ အားလုံးပါ (၁၁)ရက်။
✿ ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မုံရွာ၊ ဖိုလ်ဝင်တောင်၊ ရွှေဘိုတောင်(၅)ရက်။
✿ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကဿပ (၄)ရက်။ မန္တလေး၊ ပြင်ဦးလွင် ပါ (၅)ရက်။
✿ ရွှေစက်တော်၊ ရခိုင်-မြောက်ဦး၊ ကျောက်တော်၊ စစ်တွေ၊ ငပလီ၊ ကမ်းသာယာ(၈)ရက်။
✿ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်း (၄)ရက်။ လွိုင်ကော် ပါ(၅)ရက်။
✿ မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး)ပါ (၃)ရက်။ Feb 5,12,19,26
✿ ထားဝယ် ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ခမီ (၅)ရက်။ Mar 4,11,18,25
✿ ဇလွန်ပြည်တော်ပြန် ✿ နေပြည်တော် ✿ ပြည်-အကောက်တောင်၊ နဂါးရစ် ✿ မဲလ်ဆဲတော်ရှင်(စနေ၊ တနင်္ဂနွေ)
အမှတ်(၄၂၄)၊ ရွှေဘုံသာလမ်း Ph: 01-380141, 01-241863, 09-43043109, 09-73251422

**အမှတ်(၆၅၇/အေ-၁)၊ စပ္ပါယ်ရုံလမ်းသွယ်(၂)၊ (၈)ရပ်ကွက်၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူ ဒေါ်မချွေအောင် ၁၂/ဗဟန(နိုင်)၀၄၈၉၅၃(ဘ)ဦးအောင်မြင့်၊ ဦးစန္ဒာထူးမင်းဝင်း ၁၂/တမန(နိုင်)၀၉၈၁၅၁(ဘ)ဦးသာဝင်း၊ အမွေစားအမွေခံ သမီးများနှင့် အများသိစေရန်**

ဒေါ်ခင်မေခိုင် ၁၂/ဗဟန(နိုင်)၀၇၃၄၀၉ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ် နေထိုင်သူက လူကြီးမင်းတို့၏ဇနီးမောင်နှံအား အကြောင်းကြား သိစေအပ်ပါသည်။

လူကြီးမင်းတို့ ဇနီးမောင်နှံက ကျွန်ုပ်ထံတွင်တစ်ဆင့်ပြန်လည်ရောင်းချရန် ယူဆောင်သွားသော စိန်ဖိုးငွေ ၇၀၁၂၅၆၂၅ကျပ်တိတိကို ၃၀-၁၂-၂၀၁၃ရက်တွင် ပေးဆပ်ပါမည်ဟု ကတိပြုခဲ့ပါသည်။ သို့ရာတွင် လူကြီးမင်းက အထက်ပါငွေများကို သတ်မှတ်ရက်တွင် ပေးဆပ်ခြင်းမရှိခဲ့ပါ။ ၄င်းငွေအား ၂၈-၂-၂၀၁၆ ရက် နောက်ဆုံးထား၍ အကျေပေးဆပ်နိုင်ရန် အကြောင်းကြားအပ်ပါသည်။ ပေးအပ်ခြင်းမရှိပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်ခင်မေခိုင်
၁၂/ဗဟန(နိုင်)၀၇၃၄၀၉

**ကန့်ကွက်နိုင်ပါကြောင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်(၅၅၉)၊ မြေကွက်တည်နေရာအမှတ်(၅၅၉)၊ ဗိုလ်လရောင်လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (ဦးသိန်းဟံ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား(AD-၀၃၀၈၉၂) အမည်ပေါက်ဦးသိန်းဟံ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းတင့် ၁၂/မဂတ(နိုင်)၀၀၆၄၄၆က တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ခင်ပွန်းသေစာရင်းနှင့် သန်းခေါင်စာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ဂရန်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာမှ တိုက်ခန်းများအား ဘဏ်ချေးစနစ်ဖြင့် ဝယ်ယူရန် ဆန္ဒပြုသူများ သိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)မှ ဘဏ်ချေးငွေစနစ်ဖြင့် တိုက်ခန်းဝယ်ယူရန် ဆန္ဒပြုကာ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးခွင့်ကျပြီးသူများသည် ကနဦးပေးသွင်းငွေ(Down Payment) ၃၀ရာခိုင်နှုန်း ငွေပေးသွင်းခြင်းအား ၂၀-၂-၂၀၁၆ရက် နောက်ဆုံးထားပြီး အဆိုပါဘဏ်သို့ လာရောက်ဆက်သွယ် ငွေပေးသွင်းကြပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ်ခြင်း၊ ငွေပေးသွင်းခြင်းမရှိပါက တိုက်ခန်းဝယ်ယူခွင့်အား ပယ်ဖျက်၍ အခြားဝယ်ယူလိုသူအား ပြန်လည်ရောင်းချသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

**လာရောက်ဆက်သွယ်ရမည့် နောက်ဆုံးရက်သတ်မှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းတန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)မှ တိုက်ခန်းများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဒုတိယအကြိမ် ဝယ်ယူခွင့်ရရှိထားသူများသည် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၊ အမှတ် (၂၂၈၊ ၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်သို့ ၁၅-၂-၂၀၁၆ ရက် နောက်ဆုံးထား၍ လာရောက်ဆက်သွယ်ကြရန်နှင့် သတ်မှတ်ရက်ကာလအတွင်း လာရောက်ဆက်သွယ်ခြင်းမရှိပါက တိုက်ခန်းဝယ်ယူခွင့်အား ပယ်ဖျက်၍ အခြားဝယ်ယူလိုသူအား ပြန်လည်ရောင်းချသွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ ရွှေသရဖီလမ်း၊ ရွှေသရဖီအိမ်ယာ၊ တိုက်(F)၊ အခန်းအမှတ်(၃)၊ ပထမထပ် တိုက်ခန်းအား ဒေါ်စုနွယ်ဖေ (၉/မရမ (နိုင်) ၀၀၂၄၁၄)က၊ မိမိပိုင်ဆိုင်လက်ရှိပစ္စည်းဖြစ်ကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့် အဝရှိကြောင်း ဝန်ခံပြောဆို၍ ရောင်းချသဖြင့်၊ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန်စရန်ငွေ ပေးချေထားပါသည်။ ဤတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစိန်ဝင်း အထက်တန်းရှေ့နေ | ဦးခင်နု တရားလွှတ်တော်ရှေ့နေ | ဒေါ်ခင်မျိုးကြည် အထက်တန်းရှေ့နေ

အမှတ် ၈၃၊ ဒုတိယထပ်၊ အခန်းအမှတ် ၁၄ (ဗီ)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ - ၂၅၀၈၇၁၃၉၃၊ ၀၉ - ၄၃၀၈၁၉၆၃

**အမည်မှန်**

ရွှေဘိုမြို့ အလက(၂)၊ အထက(ခွဲ) အဌမတန်း(A)မှ ဦးဝင်းထွန်းအောင် ၁၂/ဗဟန(နိုင်)၀၀၁၁၉၃၏ သမီး မရွှေစင်ထွန်း၏ အမည်မှန်မှာ မဆွေဇင်ထွန်း ဖြစ်ပါသည်။

မဆွေဇင်ထွန်း

# တရားမဝင်ဖွင့်လှစ်ထားသော ဂိမ်းဆိုင်များမှ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် တရားမဝင်ဖွင့်လှစ်ထားသော ဂိမ်းဆိုင်များတွင် အကြွေစေ့ဂိမ်းလောင်းကစား ပြုလုပ်နေကြောင်း သတင်းအရ ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက် သမိုင်းဘူတာရုံလမ်း၌ VECTOR အမည်ရှိ အကြွေစေ့ဂိမ်းဆိုင်ကို ဝင်ရောက်ရှာဖွေဖမ်းဆီးခဲ့ရာ ဂိမ်းဆိုင်အတွင်း၌ ပိုင်ရှင်ဖြစ်သူ သာကော(ခ) WANG WEIJUN (၄၅နှစ်)နှင့် မင်းမင်း(၁၇နှစ်)ပါ ဆိုင်ဝန်ထမ်းခုနစ်ဦးတို့ကို တွေ့ရှိရပြီး ပိုင်ရှင် သာကော(ခ) WANG WEIJUN နှင့် ဆိုင်ဝန်ထမ်း မင်းမင်းတို့ထံမှ ဆိုင်အတွင်း ဂိမ်းလောင်းကစား ပြုလုပ်ရာတွင် ငွေကြေးအဖြစ် လဲလှယ်အသုံးပြုနိုင်သော တရုတ်စာတန်းနှင့် ငွေကြေးဂဏန်းများပါ ကတ် ၅၃ ကတ်၊ တစ်ခွက်လျှင် အကြွေစေ့ ၃၀၀ စီပါ အကြွေစေ့ခွက် ခုနစ်ခွက်၊ အကြွေစေ့ပေါင်း ၂၁၀၀၊ လောင်းကြေးငွေကျပ် ၁၈၃၀၀၀၀၊ ဂဏန်းပေါင်းစက်မျိုးစုံ သုံးလုံး၊ ဂိမ်းစက်ဖွင့်သည့် သော့မျိုးစုံ ငါးချောင်း၊ ဆိုင်ဝန်ထမ်း မစောယုနန္ဒာပါ ငါးဦးတို့ထံမှ ငွေကြေးအဖြစ် လဲလှယ်အသုံးပြုနိုင်သော တရုတ်စာတန်းနှင့် ငွေကြေးဂဏန်းများပါကတ် ၁၅၅ ကတ်၊ ဂိမ်းစက်ဖွင့်သည့် သော့သုံးချောင်း၊ ငွေအမှတ်ဖြည့်ရာတွင် အသုံးပြုသည့် လေဆာကတ်ပြားတစ်ခု၊ လောင်းကြေး ငွေကျပ် ၅၇၈၀၀၀ တို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထိုသို့ ဝင်ရောက်ရှာဖွေစဉ် ဆိုင်အတွင်းရှိဂိမ်းစက်များရှေ့၌ ထိုင်လျက် အသီးသီးဂိမ်းလောင်းကစား ပြုလုပ်နေသော မရမ်းကုန်းမြို့နယ်နေ ရဲလွင်(၂၃နှစ်)ပါ လောင်းကစားသူ ၂၃ ဦးတို့အား တွေ့ရှိရပြီး ၎င်းတို့ထံမှ လောင်းကြေးငွေကျပ် ၆၆၆၅၀၀ တို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ယင်းသို့ အကြွေစေ့လောင်းကစားဂိမ်းဆိုင်ကို ဖမ်းဆီးရမိခဲ့သည့်အတွက် ဆိုင်ရှင် သာကော(ခ) WANG WEIJUN၊ ဆိုင်ဝန်ထမ်း မင်းမင်းပါ ခုနစ်ဦးနှင့် လောင်းကစားသူ ရဲလွင်ပါ ၂၃ ဦးတို့အား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ကမာရွတ်မြို့နယ်အတွင်း ဓားဖြင့်ခုတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ကြေးစားလူမိုက်များအား ဖမ်းဆီးရမိ

**ရန်ကုန် ဖေဖော်ဝါရီ ၃**

၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက် ည ၇ နာရီခန့်တွင် ကမာရွတ်မြို့နယ်နေ ဒေါ်ဥမ္မာထိုက် (၄၂နှစ်)သည် ၎င်းပိုင် ထွန်းသစ်ထမင်းဆိုင်၌ ခင်ပွန်းဖြစ်သူ ကိုထွန်းသစ်ဦးနှင့်အတူ ထမင်းစားနေစဉ် အမျိုးသားနှစ်ဦး ဆိုင်အတွင်းဝင်ရောက်လာပြီး ဓားနှင့်ခုတ်သဖြင့် ခင်ပွန်းဖြစ်သူ ကိုထွန်းသစ်ဦးတွင် ဒဏ်ရာများရရှိပြီး သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ရာ ဒေါ်ဥမ္မာထိုက်က ဆိုင်နောက်ဘက်သို့ ပြေး၍ အကူအညီတောင်းခံခဲ့သဖြင့် လူများရောက်ရှိလာရာ အဆိုပါအမျိုးသားနှစ်ဦးက ဆိုင်ရှေ့တွင် ဆိုင်ကယ်နှင့် အသင့်စောင့်ဆိုင်းနေသည့် အမျိုးသားတစ်ဦးနှင့်အတူ ထွက်ပြေးသွားခဲ့ကြောင်း တိုင်တန်းခဲ့သဖြင့် ကမာရွတ်မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူများအား အမှုဖွင့်ပြီး စုံစမ်းဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် အခင်းဖြစ်နေရာသို့ သွားရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူများမှာ လှိုင်သာယာမြို့နယ်နေ လှမျိုးသူ(ခ) မျိုးသူ(ခ) ပြောင်ကြီး (၃၁နှစ်)နှင့် စိုးထိုက် (၃၀ နှစ်)တို့ဖြစ်ကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်နေကြောင်း သတင်းရရှိသဖြင့် လေးမျက်နှာ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း၍ စုံစမ်းဖမ်းဆီး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လှမျိုးသူ(ခ)မျိုးသူ(ခ)ပြောင်ကြီးနှင့် ရဲလင်းထိုက်(ခ) ကိုရဲ (၁၉ နှစ်)တို့ နှစ်ဦးအား လေးမျက်နှာမြို့နယ် ကတက်ကုန်းကျေးရွာအုပ်စု ရွာသာကုန်းကျေးရွာ၌ ဆိုင်ကယ်တစ်စီး၊ ငွေကျပ်ငါးသိန်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ လှမျိုးသူ(ခ)မျိုးသူ(ခ)ပြောင်ကြီးနှင့် ရဲလင်းထိုက်(ခ)ကိုရဲတို့ နှစ်ဦးအား စစ်ဆေးရာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်က လှိုင်သာယာမြို့နယ်နေ တင်မျိုးသိန်း(ခ)တင်မျိုးနိုင်(ခ) ကျားလက်ဝါး၊ စိုးထိုက်၊ အညာသားလေးတို့နှင့် တွေ့ဆုံစဉ် တင်မျိုးသိန်း(ခ) တင်မျိုးနိုင်(ခ) ကျားလက်ဝါးက ထွန်းသစ်ဦးအား ဓားဖြင့်ခုတ်ပေးပါက ငွေကျပ် ၁၀ သိန်းပေးမည်။ ၎င်းနေထိုင်သည့်နေရာအား တင်မျိုးသိန်း(ခ)တင်မျိုးနိုင်(ခ) ကျားလက်ဝါး၊ စိုးထိုက်နှင့် အညာသားလေးတို့က လိုက်ပြပေးမည်ဖြစ်ကြောင်း ပြောသဖြင့် ဒီဇင်ဘာ ၂၃ ရက် ညနေ ၄ နာရီခွဲတွင် တင်မျိုးသိန်း(ခ) တင်မျိုးနိုင်(ခ) ကျားလက်ဝါးက ကင်ဒိုဓားတစ်ချောင်းစီ ပေးခဲ့ပြီး ရဲလင်းထိုက်(ခ)ကိုရဲက ဆိုင်ကယ်ဖြင့်လည်းကောင်း၊ လှမျိုးသူ (ခ)မျိုးသူ(ခ) ပြောင်ကြီး၊ တင်မျိုးသိန်း(ခ) တင်မျိုးနိုင်(ခ) ကျားလက်ဝါး၊ စိုးထိုက်၊ အညာသားလေး၊ ဘင်ကြီးနှင့် အခြားလူတစ်ဦးတို့မှာ အငှားယာဉ်ဖြင့်လည်းကောင်း၊ ကမာရွတ်မြို့နယ်ရှိ ကိုထွန်းသစ်ဦး၏ ထမင်းဆိုင်သို့ လာရောက်ခဲ့ကြသည်။ ထို့နောက် ည ၇ နာရီတွင် လှမျိုးသူ(ခ)ပြောင်ကြီးနှင့် စိုးထိုက်တို့နှစ်ဦးမှ ဆိုင်အတွင်း ထမင်းစားနေသည့် ထွန်းသစ်ဦးအား ဓားဖြင့် ဝင်ရောက်ခုတ်ခဲ့ကြောင်း၊ ၎င်းနောက်ဆိုင်ရှေ့တွင် အသင့်စောင့်ဆိုင်းနေသည့် ရဲလင်းထိုက်(ခ) ကိုရဲ၏ ဆိုင်ကယ်ဖြင့်ထွက်ပြေးခဲ့ပြီး လေးမျက်နှာမြို့နယ် ရွာသာကုန်းကျေးရွာသို့ တိမ်းရှောင်နေခဲ့ကြောင်း၊ ထိုသို့တိမ်းရှောင်စဉ် တင်မျိုးသိန်း(ခ)တင်မျိုးနိုင်(ခ)ကျားလက်ဝါးက ၎င်းအား ငွေကျပ် ၁၀ သိန်းပေးသဖြင့် လက်ခံယူခဲ့ကြောင်း စစ်ဆေးသိရှိရသည်။



ကမာရွတ်မြို့နယ်အတွင်း ဓားဖြင့်ခုတ်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် ကြေးစားလူမိုက်များအား ဖမ်းဆီးရမိစဉ်။

အမှုမှ ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ယခုနှစ် ဖေဖော်ဝါရီ ၂ ရက် မွန်းတည့် ၁၂ နာရီက ပြစ်မှုကျူးလွန်ရာ၌ ပါဝင်သူ လှိုင်သာယာမြို့နယ်နေ တင်မျိုးသိန်း(ခ)တင်မျိုးနိုင်(ခ)ကျားလက်ဝါးနှင့် စိုးထိုက်တို့နှစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့ပြီး အမှုမှ ထွက်ပြေးတိမ်းရှောင်နေသူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူတို့ စိုးရိမ်ကြောက်ရွံ့နေရသည့် လူဆိုးလူမိုက်များအား ရှင်းလင်းဖမ်းဆီးရေး အထူးစီမံချက်အရ ကြေးစားလူမိုက်များအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# ရွှေပန်းထိမ်လုပ်ငန်းလုပ်နေစဉ် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် ယုဇနဉယျာဉ်မြို့တော် (၉၄) ရပ်ကွက် အေ(၂)လမ်း တိုက်(၁)အခန်း (၁၀၃)၌ ရွှေပန်းထိမ်လုပ်ငန်းလုပ်နေစဉ် မီးလောင်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂ ရက် ည ၇ နာရီ ၅၅ မိနစ်ခန့်က ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက် အေ(၂) လမ်း တိုက်(၁) အခန်း ၁၀၃ ၌နေထိုင်သူ ဦးဇော်ဇော်(၃၃ နှစ်)သည် ရွှေပန်းတိမ်လုပ်ငန်းလုပ်ဆောင်နေစဉ် ဖားဖိုရှိ ဂေါက်မီးမှုတစ်ဆင့် ရွှေပန်းထိမ်လုပ်သည့် စင်ပေါ်ရှိ လျှပ်စစ်မီးကြိုးကိုထိမိပြီး စင်အောက်၌ အဝတ်ထည့်ထားသည့်ပုံးကို မီးစွဲလောင်ခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးဦးသော်ဒါဦးစီးသော အုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ယာဉ်ကိုးစီးတို့ ရောက်ရှိငြိမ်းသတ်မှုကြောင့် ည ၈ နာရီ ၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် မီးပေါ်ဆစ္စာ အသုံးပြုသူ ဦးဇော်ဇော်ကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကျင်မောင်**




မွေးနေ့မင်္ဂလာဆုတောင်းလွှာ

(၁.၂.၂၀၁၆) နေ့တွင်ကျရောက်ပြီးသော ချစ်သားလေး
သန့်ရဲဇော် (ခ) Nathan
၏ရှစ်နှစ်မြောက် မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်း၊ ကောင်းကျိုးလိုအင်ဆန္ဒ များနှင့် ပြည့်စုံပြီး ချစ်သော မိသားစုနှင့်အတူ ပျော်ရွှင်အောင်မြင်သောဘဝကို ပိုင်ဆိုင်နိုင်ပါစေ.......

ချစ်ဖေဖေ
ဒေါက်တာ ရဲမြင့်စိုး

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9F/2702 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 7D/2949 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ (ရွာသာကြီး)

ATTOLLO အက်တို(လ်)လို အဆင့်မြင့်ခရီးသွားကုမ္ပဏီ

**Real Vietnam Trip (6N/7D)** Discounted
Hanoi-Halong-Da Nang-Ba Na Hill-Hoi An-Nha Trang
USD999 (All inclusive, 3Stars Hotels) APR 10-16

**Europe 6 Countries (14N/15D)**
France-Belgium-Germany-Netherland-Switzerland-Italy
USD4450 (All inclusive, 4Stars Hotels) APR 09-23
ဖေဖော်ဝါရီလ ၁၅ ရက်နေ့ထိ Special Discount Rate
01-389187, 09-32109138, 09-795418474

**OHSAMA Japanese Restaurant**
**(Hot Pot, B.B.Q, Japanese Food)**
**(ဖေဖော်ဝါရီလ တစ်လလုံးအထူး Promotion အစီအစဉ်)**
**မီးသွေးမီးဖိုဖြင့် B.B.Q စတင်ခြင်းအဖြစ်**

- Japan Beef, Black Pork, Chicken and Natural Sea Foods-20%Discount
- တစ်လအတွင်း ဒုတိယအကြိမ် ထပ်မံလာရောက်အားပေးသော ဧည့်ပရိသတ်များအား 30% Discount ရရှိမည် ဖြစ်ပါသည်။
- Special Menu - လေးဦးနှင့်အထက် တစ်ဦးလျှင် (12000 Ks) ကြိုက်နှစ်သက်ရာမှာ အဝစား ● လာရောက်အားပေးသော ဧည့်ပရိသတ်အားလုံးအား Dessert အဖြစ် (ကူလ်ဖီး) လက်ဆောင်ဧည့်ခံကျွေးမွေးပါမည်။

No.28/B, Pho Sein Road, Natmauk Quarter, Tamwe Ts.
Ph : 01-555539, 09-31382082, 09-30224438
Lunch - 11:00 am to 3:00 pm & Dinner - 5:00 pm to 11:00pm

GOLDEN STAR ခရီးသွားလုပ်ငန်း
❖ ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 705968, 703448

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၉ယ/၅၄၃၆၃၊ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဗညားစိုး ၁၄/ပသန(နိုင်)၁၉၄၉၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)

**အများပြည်သူသိရှိစေရန် ကြေညာချက်**

ဒို့အင်အား အသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်သည် အသေးစားငွေရေးကြေးရေး လုပ်ကိုင်ခွင့်လိုင်စင်အမှတ် ၀၀၁၁/၂၀၁၂ ဖြင့် လိုင်စင်ရယူ၍ လုပ်ငန်းလုပ်ကိုင်ခဲ့ရာ ဒါရိုက်တာအဖွဲ့ဝင်များမှ အခြားစီးပွားရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေရသဖြင့် ငွေရေးကြေးရေးလုပ်ငန်းအား ဆက်လက်လုပ်ကိုင်နိုင်ခြင်းမရှိပါသောကြောင့် လုပ်ငန်းပိတ်သိမ်းပြီး စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသောကြောင့် ငွေရေးကြေးရေးအဖွဲ့ဝင်များအနေဖြင့် ပေးရန်/ရရန်များကို ကုမ္ပဏီတည်ရှိရာ အမှတ် ၁၇၊ ၁၃လမ်း၊ (၇) ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီးသို့ ၇-၂-၂၀၁၆ ရက် နောက်ဆုံးထားဆက်သွယ်ကြပါရန် အကြောင်းကြားကြေညာအပ်ပါသည်။

ဝဏ္ဏ
မန်နေဂျင်းဒါရိုက်တာ
ဒို့အင်အားကုမ္ပဏီလီမိတက်

**ဖခင် အမည်မှန်**

ဗန်းမော်မြို့ အထက(၁) သတ္တမတန်း(C)မှ မောင်ညီညီဇော်မင်းထွဋ်၏ ဖခင်အမည်မှန်မှာ ဦးမောင်သေး ၉/သပက(နိုင်)၀၂၅၈၇၆ ဖြစ်ပါကြောင်း။

ဦးမောင်သေး

# ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၁၂ အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၁၂ အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့်အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့ဖြင့်ရပ်တည်ပြီး ယင်းရန်ပုံငွေမှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စအဖြစ်ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ခွင့်ပြုနိုင်သည်။

### အခန်း(၂)
### ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်များအတွက် ဖြစ်စေ၊ ပြည်ထောင်စုက တာဝန်ယူရသောချေးငွေစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် လည်းကောင်း၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့်အတိုးနှုန်းများသတ်မှတ်နိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန်စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် အတိုးနှုန်းနှင့် လိုအပ်သော စည်းကမ်းချက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ညှိနှိုင်းပြီးမှ သတ်မှတ်နိုင်သည်။

၈။ ပြည်ထောင်စုအစိုးရအဖွဲ့က ယခင်ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့်ရယူခဲ့သည့် ချေးငွေများနှင့် စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ် အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက ဘဏ္ဍာနှစ်အတွင်း လိုအပ်ငွေများဖြည့်တင်းရန် အစိုးရငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်းနှင့်ရောင်းချခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တာဝန်ပေးအပ်နိုင်သည်။

၁၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း၊ ပြည်ပမှ ငွေချေးယူနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၁။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်းပါကိစ္စရပ်များ အားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်းအရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စားအာမခံချက်ပေးနိုင်သည်။

၁၂။ ဇယား(၁)၊ (၃)နှင့်(၇)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးသော ချေးငွေစာချုပ်ချုပ်ဆိုပြီးသည့် ပြည်ပချေးယူရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊(၄)နှင့် (၈)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းဖြင့်ဖြစ်စေ၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှဖြစ်စေ၊ အထူးကိစ္စရပ်အဖြစ် လွှတ်တော်အတည်ပြုချက်ဖြင့် ကြိုတင်သုံးစွဲခွင့်ပြုသည့်နည်းလမ်းဖြင့်ဖြစ်စေ ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုမှုများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေပြဋ္ဌာန်းပြီး နောက်ပိုင်းမှရရှိပါက ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။ ယင်းသို့ သုံးစွဲခဲ့သည့် အသုံးစရိတ်များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ မတ်လ၃၁ရက်နေ့တွင် ကုန်ဆုံးသည့်ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်းအရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူရရှိသည့်ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းလေးဆယ့် ငါးသိန်း ထက်မပိုစေရ။

### အခန်း(၃)
### ပြည်ပအကူအညီရယူခြင်း

၁၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းအတွက် သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းအတွက်သော်လည်းကောင်း ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခွင့်ပြုနိုင်သည်။

၁၅။ ဇယား(၁)၊ (၃) နှင့် (၇) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေသည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား(၂)၊ (၄)နှင့်(၈) တို့တွင် ဖော်ပြခွင့်ပြုသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေမပြဋ္ဌာန်းမီဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်း၊ ပုဒ်မ ၂၇ ပါပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ခွင့်ပြုသည့်နည်းလမ်း၊ အထူးကိစ္စအဖြစ် ကြိုတင်သုံးစွဲခွင့်ပြုသည့် နည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေပြဋ္ဌာန်းပြီးနောက်ပိုင်းဖြစ်လျှင် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေ ခွင့်ပြုသည့် နည်းလမ်း၊ ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲခြင်းနည်းလမ်းတို့ဖြင့် ခွင့်ပြုနိုင်သည်။ ယင်းသို့ခွင့်ပြုသည့် သုံးငွေများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၆။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၁၇။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့်(၆)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၈။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ဇယား (၅)နှင့်(၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း(၁)
### ရငွေများနှင့်သုံးငွေများ

၁၉။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေ လက်ကျန်အခြေအနေအရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းဝယ်ယူခြင်း အသုံးစရိတ်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ထည့်ဝင်ငွေ၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကုန်ထုတ်လုပ်မှုစရိတ်/ လုပ်ငန်းဆောင်ရွက်မှုစရိတ်များကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လည်းကောင်း၊ သာမန်အသုံးစရိတ်အောက်ရှိ ပြည်ပချေးငွေအပေါ် အတိုးပေးငွေမှလွဲ၍ ကျန်သာမန်အသုံးစရိတ်အားလုံးကို လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကိုမိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရတည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ သတ်မှတ်ချက်နှင့်အညီ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၉ (က)တွင် ဖော်ပြထားသည့်မိမိတို့၏ ကိုယ်ပိုင်ဘဏ္ဍာရန်ပုံငွေဖြင့် သုံးစွဲရမည့် သာမန်အသုံးစရိတ်များမှအပ အခြားသာမန်အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၀။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေများသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၇)နှင့် (၈)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

### အခန်း(၂)
### နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၂၂။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ဇယား(၇)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့်ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

(ဆ) ပုဒ်မခွဲ(စ)ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောနိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ(စ)ပါ လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း(၃)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၂၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇)နှင့်(၈) တို့တွင်ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇)တွင် ဖော်ပြထားသောရငွေများတိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ အခြားဌာနအဖွဲ့အစည်းတစ်ခုခုသို့ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၂၂ ပုဒ်မခွဲ(စ) အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက်မကျော်လွန်ဘဲ ချေးယူနိုင်သည်။

## အခန်း(၄)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ အစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်း ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၅။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၉)နှင့်(၁၀)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၆။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား(၉)နှင့်(၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့်သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦး ရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## သီးသန့်ရန်ပုံငွေ

၂၇။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄) စာတိုင်(၄)တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့် အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန်မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၈။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၉။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၁)နှင့်(၁၂)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား(၁၁)နှင့်(၁၂)တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း၊ ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆
## နေပြည်တော်ကောင်စီ

၃၂။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၃။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ဇယား(၁၃)နှင့်(၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅)နှင့် (၁၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅)နှင့်(၁၆)တို့တွင် ဖော်ပြထားသော ငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့်ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၈
## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကိုစာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၄၀။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၇)နှင့်(၁၈)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က)ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား(၁၇)နှင့်(၁၈)တို့တွင် ဖော်ပြထားသောရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူထည့်သွင်းဖော်ပြရမည်။

၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန်အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ် လက်ကျန်ငွေကို နိုင်ငံတော်သို့ ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါကအဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ

**နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့**

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အဖွင့်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၇၈.၅၄၀ | | | ၀.၀၅၀ | | | | | | ၇၈.၆၉၀ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယကသို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | | | ၄.၀၀၀ | | | | ၄၈၃.၁၆၀ | | ၇၂၄.၇၄၀ | | | ၁,၂၁၁.၉၀၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၂၀၀ | | | | | | | | | ၀.၂၀၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၂၀၀ | | | | | | | | | ၀.၂၀၀ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၈၄.၈၅၀ | | | | | | | | | ၂၈၄.၈၅၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌသို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၀.၀၃၀ | | | | | | | | | ၀.၀၃၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၁.၂၀၀ | | | | | | | | | ၁.၂၀၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | | | ၂၆.၄၇၅ | | | | | | | | | ၂၆.၄၇၅ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၁၃၁.၃၆၅ | | | | ၂၅၇.၀၀၀ | | ၃၈၅.၅၀၀ | | | ၇၇၃.၈၆၅ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂၈.၄၈၀ | | | | | | | | | ၂၈.၄၈၀ |
| | ပေါင်း | | | | ၅၅၅.၃၄၀ | | | ၀.၀၅၀ | ၇၄၀.၁၆၀ | | ၁,၁၁၀.၂၄၀ | | | ၂,၄၀၅.၈၉၀ |

ဇယား(၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၀,၆၃၇.၁၂၉ | | ၁,၃၃၉.၇၇၅ | ၁၀.၀၀၄ | | | | | ၁၁,၉၈၆.၉၀၈ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁,၈၄၅.၁၁၀ | | | ၇၁.၀၉၅ | | | | | ၁,၉၁၆.၂၀၅ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယကသို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | ၁,၂၃၈.၈၀၀ | ၈.၀၉၆ | | ၂,၈၇၉.၃၉၉ | | | | | ၄,၁၂၆.၂၉၅ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁၀,၇၅၇.၉၃၃ | | | ၂,၈၄၆.၄၅၇ | | | | | ၁၃,၆၀၄.၃၉၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၄၉၃.၇၇၆ | | | ၇၃၉.၆၂၅ | | | | | ၈,၂၃၃.၄၀၁ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၅,၂၇၉.၈၉၉ | | | ၈,၀၉၄.၁၆၀ | | | | | ၂၃,၃၇၄.၀၅၉ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌသို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | ၈၀၉.၉၁၂ | | | ၇.၀၀၀ | | | | | ၈၁၆.၉၁၂ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | ၁၃,၈၂၉.၅၉၀ | | | ၁,၅၀၃.၈၂၀ | | | | | ၁၅,၃၃၃.၄၁၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | ၁,၉၀၄.၇၂၂ | | | ၁၁၈.၄၉၂ | | | | | ၂,၀၂၃.၂၁၄ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | ၃,၃၄၁.၆၈၇ | ၂.၈၉၁ | | ၉၀၃.၄၂၀ | | | | | ၄,၂၄၇.၉၉၈ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | ၇,၇၆၅.၇၇၇ | | | ၁၈၇.၀၂၀ | | | | | ၇,၉၅၂.၇၉၇ |
| | ပေါင်း | | ၇၄,၉၀၈.၃၈၄ | ၁၀.၉၈၇ | ၁,၃၃၉.၇၇၅ | ၁၇,၃၉၀.၅၉၂ | | | | | ၉၃,၆၄၉.၇၃၈ |

ဆက်လက်ဖော်ပြပါမည်

# ဒီရေရောက်တောတွေကို ကာကွယ်ကြဖို့

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာအရပ်ရပ်ရှိ ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေရောက်တောများကို နေရာအနှံ့ တွေ့ရှိနိုင်သည်။ အထူးသဖြင့် ဖွံ့ဖြိုးမှုနောက်ကျသော ဒေသများရှိ ပင်လယ်ကမ်းရိုးတန်းများ၌ ရှည်လျားကျယ်ပြန့်လှသော ဒီရေရောက်တောများကို တွေ့မြင်နိုင်သည်။

ကမ်းရိုးတန်းဒေသများ ဖွံ့ဖြိုးလာသည့်အခါ ရေနက်ဆိပ်ကမ်းများ တည်ဆောက်ခြင်း၊ ဒီရေလှိုင်းကိုသုံး၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းများ တည်ဆောက်ခြင်း၊ အဆင့်မြင့် ရေထွက်ပစ္စည်းထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းခြေ အားကစားရွာများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်များတည်ဆောက်ခြင်း စသည့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်လာကြသည့်အတွက် ဒီရေရောက်တောများကို ခုတ်ထွင်ရှင်းလင်းလေ့ရှိကြသည်။ ထို့ကြောင့်ပင်လျှင် ဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းသော ပင်လယ်ကမ်းခြေများ၌ ဒီရေရောက်တောများကို တွေ့မြင်ရမှု လျော့နည်းသွားခြင်း ဖြစ်သည်။

ဒီရေရောက်တောများ၌ ပေါက်ရောက်နေကြသည့်အပင်များ၏ ထူးခြားသော အမြစ်ဖွဲ့စည်းပုံသည် ရည်ရွယ်ချက်ရှိရှိဖြင့် မြေလှန်ဖျက်ဆီးခြင်းမျိုး မှတစ်ပါး၊ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်ကြောင့် ဒီရေရောက်တောများ လွယ်လင့်တကူ ပျက်စီးပြုန်းတီးသွားခြင်းမရှိအောင် ကာကွယ်ပေးထားလျက်ရှိသည်။

ပင်လယ်ကမ်းစပ်ရှိ နုန်းမြေများထဲ၌ မြဲမြံစွာ ထိုးစိုက်တည်ရှိနေရုံမျှမက ဒီရေတက်လာသည့်အခါ၌လည်း လေကိုစုပ်ယူနိုင်ရန် ရွှံ့နွံမျက်နှာပြင်ပေါ်သို့ သိသာစွာ ထိုးထိုးထောင်ထောင် ထွက်ပေါ်နေသော အမြစ်များကြောင့် ဒီရေရောက်တောများသည် ကမ္ဘာပေါ်၌ ပေါက်ရောက်ရှင်သန်လျက်ရှိသော သစ်ပင်မျိုးစိတ်များအနက် အလွန်ထူးခြားသည့်အပင်များဖြစ်သည်ဟု ဆိုရပေမည်။

ဒီရေရောက်တောများပေါက်ရောက်ရာ နေရာဒေသ အနေအထားအရ သာမန်အချိန်များတွင် ပင်လယ်ထဲသို့စီးဝင်သော မြစ်ချောင်းများ၏ မြစ်ရေ၊ ချောင်းရေများ ဖြတ်သန်းစီးဆင်းမှုကို ခံနေရသလို ဒီရေတက်ချိန်၌လည်း ပင်လယ်ရေ၏ဖုံးလွှမ်းမှုကို မကြာခဏဆိုသလို ခံကြရသည်။ ရွှံ့နွံများအတွင်း၌ ရှင်သန်ပေါက်ရောက်နေကြသော ဒီရေရောက်တောများသည် ရေချိုနှင့် ရေငန်နှစ်မျိုးစလုံး၏ ဖုံးလွှမ်းမှုဒဏ်ကိုခံနိုင်သော အရည်အသွေးနှင့် ပြည့်စုံရုံမျှမက ရေ၏ ချဉ်ဖန်နှုန်း ပြောင်းလဲမှုဒဏ်ကိုပါခံနိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံကြသည်။

ဒီရေရောက်တောများကို သာမန်အမြင်ဖြင့်ကြည့်လျှင် ပင်လယ်ကမ်းစပ်များ၌ အလေ့ကျပေါက်ရောက်နေကြသော တန်ဖိုးမဲ့သစ်ပင်များဟုသာ ထင်ရသော်လည်း တကယ့်လက်တွေ့၌မူ လူနှင့်သတ္တဝါတို့၏ အကျိုးစီးပွားကို ဘက်စုံထောင့်စုံက ထိထိရောက်ရောက် ကာကွယ်ပေးနေကြသော သဘာဝ၏ လက်ဆောင်မွန်များသာဖြစ်သည်ကို တွေ့ရှိကြရမည်ဖြစ်သည်။

ဒီရေရောက်တောများသည် ဒီရေလှိုင်း၏ ရိုက်ခတ်မှုဒဏ်ကို ကောင်းစွာခံနိုင်ရည်ရှိသည့်အတွက် ကမ်းပြိုခြင်းမှ ကာကွယ်ပေးထားလျက်ရှိသည်။ ထူးခြားသည့် အမြစ်ဖွဲ့စည်းပုံနှင့် အုပ်စုဖွဲ့ပေါက်ရောက်မှုတို့ကြောင့်လည်း မြေတိုက်စားမှုကို တားဆီးကာကွယ်ပေးထားလျက် ရှိသည်။ ရေတက်ချိန်နှင့် ရေပြန်ကျချိန်များ၌ ပင်လယ်ကမ်းနဖူးကို ဒီရေ၏ဖျက်ဆီးမှုမှလည်း ကောင်းစွာ ကာကွယ်ပေးထားသလို မုန်တိုင်းနှင့် လေပြင်းများတိုက်ခတ်သည့်ဒဏ်မှလည်း အကာအကွယ်ပြုထားပေးလျက် ရှိသည်။

ယုတ်စွအဆုံး အဖျက်စွမ်းအား အလွန်ကြီးမားလှသော ဆူနာမီလှိုင်းတံပိုးကြီးများ ကမ်းခြေသို့ဝင်ရောက်ချိန်၌ လှိုင်း၏အရှိန်ကို များစွာလျော့ကျစေခြင်းဖြင့် လူနှင့်သတ္တဝါတို့၏ အသက်အိုးအိမ်ကို တတ်နိုင်သမျှ စောင့်ရှောက်ကာကွယ်ပေးထားလျက်ရှိသည်။ ရေနေသတ္တဝါများအတွက်သာမက ရေလုပ်သားများအတွက်ပါ အန္တရာယ်ဖြစ်စေနိုင်သော ခဲနှင့် အာဆင်းနစ်စသည့် အဆိပ်အတောက်များကိုလည်း စုပ်ယူပေးထားနိုင်စွမ်း ရှိကြသည်။

ဒီရေရောက်တောများသည် ရေချို ငါးနှင့်ပုစွန်များ၊ ရေငန် ငါးနှင့်ပုစွန်များ၊ ရေချိုနှင့် ရေငန် နှစ်မျိုးစလုံး၌ရှင်သန်သော ငါး၊ ပုစွန်များ စသည်တို့၏ မှီခိုကျက်စားရာ၊ ဥချရာ၊ သားပေါက်ရာ၊ မျိုးပွားရာ အသိုက်အမြုံကြီးတစ်ခုလည်း ဖြစ်သည်။ ဒီရေရောက်တောများ၌ ငါး၊ ပုစွန်များသာမက ဝက်ဝံ၊ ရှဉ့်၊ ဖျံ စသည့်သတ္တဝါများကပါ မှီခိုရှင်သန် နေထိုင်ကျက်စားလျက်ရှိနေသည့်အတွက် ငါးနှင့် ပုစွန်များ၊ သားရဲတိရစ္ဆာန်တို့၏ သားရေ၊ အရိုးနှင့် အစွယ်များစသည့် ရေထွက်သယံဇာတများနှင့် သစ်တောသယံဇာတများကိုလည်း ဒီရေရောက်တောများ၌ ထုတ်ယူရရှိနိုင်သည်။

ကမ္ဘာအရပ်ရပ်တွင် ဒီရေရောက်တောများသည် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးပြုန်းတီးလျက် ရှိနေကြသည်။ စိုက်ပျိုးမြေများချဲ့ထွင်ခြင်း၊ လူနေမြို့ရွာများ ချဲ့ထွင်ခြင်း၊ ကမ်းခြေစီမံကိန်းများပြုလုပ်ခြင်း စသည်တို့သည် ဒီရေတောများကို ပျက်စီးပြုန်းတီးစေသော အကြောင်းရင်းများဖြစ်ကြသည်။ ထို့ပြင် ဆားကွင်းများဖော်ထုတ်၍ ပင်လယ်ကမ်းခြေဆားချက်လုပ်ငန်း လုပ်ကိုင်ခြင်းကြောင့်လည်း ဒီရေရောက်တောများ ဖျက်ဆီးခြင်းခံကြရသလို သစ်ထုတ်လုပ်မှုကို အလွန်အကျွံဆောင်ရွက်ခြင်းများကြောင့်လည်း ဒီရေရောက်တောများ ပြုန်းတီးနေကြရသည်။



အလားတူပင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် စွန့်ပစ်ပစ္စည်းများနှင့် ဓာတုအညစ်အကြေးများ စုပုံလာခြင်းသည်လည်း ဒီရေရောက်တောများကို ပျက်စီးစေသော အကြောင်းအရင်းများ ဖြစ်ကြသည်။ ခေတ်သစ်စိုက်ပျိုးရေးလုပ်ငန်းများ၌ အလွန်အကျွံသုံးစွဲနေကြသော ဓာတ်မြေဩဇာအကြွင်းအကျန်များက စိုက်ခင်းများမှတစ်ဆင့် ရေစီးကြောင်းနှင့် လိုက်ပါလျက် ဒီရေရောက်တောများတွင် လာရောက်စုဝေးနေကြခြင်းသည်လည်း ဒီရေရောက်တောများကို ဖျက်ဆီးနေသောအကြောင်းအရင်းများ ဖြစ်ကြသည်။

ပင်လယ်ကမ်းပြိုခြင်းနှင့် ရေတိုက်စားခြင်းများသည် ဒီရေရောက်တောများကို သွယ်ဝိုက်သောနည်းဖြင့် ပျက်စီးစေနိုင်သော အကြောင်းအရင်းများဖြစ်ကြသည်။ ပင်လယ်ရေအောက်ရှိ သန္တာကျောက်တန်းများသည် အောက်လွှာရေစီးကြောင်းနှင့်အတူ မျောပါလာသောနုန်းနှင့် အနည်အနှစ်များကို စစ်ထုတ်ပေးနေကြသည့်အားလျော်စွာ အကယ်၍ သန္တာကျောက်တန်းများ ပျက်စီးသွားမည်ဆိုပါကလည်း နုန်းနှင့် အနည်အနှစ်များကို စစ်ထုတ်ပေးခြင်း မပြုနိုင်တော့သည့်အတွက် အဆိုပါ နုန်းအနည်အနှစ်များအားလုံးသည် ဒီရေရောက်တောများ၌ လာရောက်စုပုံနေခြင်းဖြင့် ဒီရေရောက်တောများ၏ ရှင်သန်ပေါက်ရောက်ဖွံ့ဖြိုးမှုကို သိသာစွာ ထိခိုက်စေလိမ့်မည်ဖြစ်သည်။

ပင်လယ်ပြင်၌ ခုတ်မောင်းသွားလာလျက်ရှိကြသော ရေနံနှင့် ဓာတုပစ္စည်းများ တင်ဆောင်ထားသည့်သင်္ဘောများ နစ်မြုပ်ပျက်စီးသည့်အခါနှင့် ရေနံဓာတုပစ္စည်းများ ယိုဖိတ်သည့်အခါမျိုးများ၌လည်း ပင်လယ်ရေပြင်ပေါ်၌ စုပုံမျောပါနေသော ရေနံနှင့် ဓာတုပစ္စည်းများသည် ပင်လယ်ကမ်းစပ်ရှိ ဒီရေရောက်တောများ၌ လာရောက်စုစည်းကြလေ့ရှိကြသည်။ ဤဖြစ်ရပ်မျိုးသည်လည်း ဒီရေရောက်တောများကို ပျက်စီးပြုန်းတီးစေနိုင်သော သွယ်ဝိုက်သည့် အကြောင်းတရားများ ဖြစ်ကြသည်။

ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဝင်ရိုးစွန်းရေခဲလွှာများ ထုထည်ပမာဏများပြားစွာ အရည်ပျော်ကျကာ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းသည်လည်း ဒီရေရောက်တောများကို အစုလိုက်အပြုံလိုက် ပျက်သုဉ်းသွားစေမည့် အကြောင်းရင်းများဖြစ်ကြသည်။

ကမ္ဘာ့အပူပိုင်းဒေသ၌ ပေါက်ရောက်နေကြသော ဒီရေရောက်တောများသည် အခြားဒေသများရှိ သစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ကို ပိုမိုစုပ်ယူ သိုလှောင်ပေးထားနိုင်ကြသည်။ ကမ္ဘာ့အပူပိုင်းဒေသရှိ သစ်တောဧရိယာ၏ ၀ ဒသမ ၇ ရာခိုင်နှုန်းသည် ဒီရေရောက်တောများဖြစ်ကြပြီး အပူပိုင်း မုတ်သုံသစ်တောများထက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ဖြစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို နှစ်ဆမှ လေးဆခန့်အထိ ပိုမိုစုပ်ယူ သိုလှောင်ပေးထားကြခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျော့ကျအောင် စွမ်းဆောင်ပေးလျက် ရှိနေကြသည်။

သို့ရာတွင် ဒက္ခိဏယဉ်စွန်းတန်းနှင့် ဥတ္တရယဉ်စွန်းတန်းကြား ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်ရှိ ဒီရေရောက်တောများ၏ စုစုပေါင်းဧရိယာသည် ကမ္ဘာ့လူဦးရေတိုးပွားလာမှုကြောင့် လွန်ခဲ့သောရာစုနှစ်ဝက်အတွင်းက သုံးဆယ်ရာခိုင်နှုန်းမှ ငါးဆယ်ရာခိုင်နှုန်းအထိ ယုတ်လျော့ကျဆင်းသွားခဲ့သည်။

အကယ်၍ ကမ္ဘာပေါ်ရှိ အပူပိုင်းဒေသ ဒီရေရောက်တောများအားလုံး ပျက်စီးသွားခဲ့မည်ဆိုလျှင် တစ်ကမ္ဘာလုံးရှိ သစ်တောများပြုန်းတီးမှုကြောင့် ထွက်ပေါ်လာမည့် ကာဗွန်ဓာတ်ငွေ့စုစုပေါင်း၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောပမာဏကို လေထုထဲသို့ ပြန်လည်ထုတ်လွှတ်လိမ့်မည် ဖြစ်သည်။ ထိုအခါ ကမ္ဘာကြီးကလည်း ပိုမိုဆိုးရွားပြင်းထန်စွာ ပူပြင်းလာလိမ့်မည်ဖြစ်သည်။

သို့ဖြစ်၍ လူနှင့်သတ္တဝါတို့၏ အကျိုးစီးပွားကို ထိရောက်စွာကာကွယ်ပေးနေသော၊ ကမ္ဘာကြီးပူနွေးလာမှုကို ဟန့်တားထားနိုင်စွမ်းရှိသော၊ ရေထွက်သယံဇာတနှင့် သစ်တောထွက် သယံဇာတများကို ထုတ်လုပ်ပေးနေသော၊ အန္တရာယ်ရှိ အဆိပ်အတောက်များကို စုပ်ယူစစ်ထုတ်ပေးနိုင်စွမ်းရှိသော ဒီရေရောက်တောများ ပြုန်းတီးသွားခြင်းမရှိဘဲ ထာဝရရှင်သန်ဖွံ့ဖြိုးနေအောင် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

**ဒီရေရောက်တောများသည် ရေချိုနှင့် ရေငန်နှစ်မျိုးစလုံး၏ ဖုံးလွှမ်းမှုဒဏ်ကိုခံနိုင်သော အရည်အသွေးနှင့် ပြည့်စုံရုံမျှမက ရေ၏ ချဉ်ဖန်နှုန်း ပြောင်းလဲမှုဒဏ်ကိုပါခံနိုင်သော အစွမ်းသတ္တိနှင့်လည်း ပြည့်စုံကြသည်။ ဒီရေရောက်တောများကို သာမန်အမြင်ဖြင့်ကြည့်လျှင် ပင်လယ်ကမ်းစပ်များ၌ အလေ့ကျပေါက်ရောက်နေကြသော တန်ဖိုးမဲ့သစ်ပင်များဟုသာ ထင်ရသော်လည်း၊ တကယ့်လက်တွေ့၌မူ လူနှင့်သတ္တဝါတို့၏ အကျိုးစီးပွားကို ဘက်စုံထောင့်စုံက ထိထိရောက်ရောက် ကာကွယ်ပေးနေကြသော သဘာဝ၏လက်ဆောင်မွန်များသာဖြစ်သည်ကို တွေ့ရှိကြရမည်. . .**




# အထူးကုဆရာဝန်ကြီးများ ကျန်းမာရေးပညာပေး

**နေပြည်တော် ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် ကျုံတနီးကျေးရွာမှ ဒေသခံပြည်သူများအား မအူပင်ခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မေသွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများအဖွဲ့ ဇန်နဝါရီ ၃၁ ရက်က ကွင်းဆင်းဆေးကုသပေးခဲ့ပြီး ကျန်းမာရေးပညာပေးဟောပြောမှုများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

ဆေးကုသပေးရာတွင် ခွဲစိတ်အထူးကု၊ ကလေးအထူးကု၊ အရိုးအထူးကု၊ အကြောအဆစ်နှင့် ကိုယ် အင်္ဂါပြန်လည်သန်စွမ်းရေးအထူးကု၊ မျက်စိအထူးကု၊ သားဖွားမီးယပ်အထူးကု၊ သွားနှင့် ခံတွင်းရောဂါအထူးကုနှင့် စိတ်ရောဂါအထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးကုသပေးခဲ့ကြရာ ဓနုဖြူ ပန်းတနော်နှင့် ကျုံပျော်မြို့နယ်တို့မှ ဒေသခံပြည်သူ ၁၂၀၀ နီးပါးကို ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ ဟောပြောပွဲတွင် မအူပင်ခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ပြီး မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးအေးသောင်း၊ ဓနုဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောဝင်းသူ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။ **ခင်သန္တာထွေး(ပြန်/ဆက်)**

# လာလီဂါပွဲစဉ်(၂၃)မှာ အမှတ်ပြည့်ရဖို့မလွယ်တဲ့ ဗီလာရီးရဲနဲ့ ပွဲကျပ်အဖြစ် အီဘာကို ရင်ဆိုင်ရမယ့် အက်သလက်တီကို

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဖေဖော်ဝါရီ ၆ ရက်နဲ့ ၇ ရက်တွေမှာ လာလီဂါပွဲစဉ်(၂၃)ကို ယှဉ်ပြိုင်ဖို့ရှိနေပါတယ်။ လာလီဂါပွဲစဉ်(၂၂)ကို ကြားရက်မှာကစားခဲ့ရလို့ ပွဲပန်းနေပေမယ့် ပွဲစဉ်တိုင်း အရေးကြီးလာပြီဖြစ်တဲ့ အသင်းကြီးတွေအတွက်ကတော့ အမှတ်ပြည့်ရရှိရေး ဦးတည်ကြိုးစားနေတာမို့ ပြိုင်ဘက်အသင်းတွေကတော့ ခက်ခဲတဲ့ရင်ဆိုင်မှုတွေနဲ့ ကြုံတွေ့ရဖို့ရှိနေပါတယ်။

မိုးမြင့်လင်းလက်




### အက်သလက်တီကိုနှင့် အီဘာ

ဒီနှစ် လာလီဂါဖလားကိုချိန်ရွယ်နေတဲ့ အက်သလက်တီကိုတို့က အများအယွင်းအနည်းဆုံးဖြစ်အောင် ပွဲတိုင်းအလေးအနက်ထား ကစားနေပါတယ်။ အက်သလက်တီကိုခြေစွမ်းက တည်ငြိမ်အောင်ကြိုးစားနေရတဲ့ အနေအထားရှိတာမို့ အခုပွဲ အိမ်ကွင်းဆိုပေမယ့် ပေါ့ပေါ့ဆဆကစားမှာတော့ မဟုတ်ပါဘူး။ လက်ရှိ တန်းစီဇယားရပ်တည်မှုထက် ပိုမိုကောင်းမွန်ဖို့ဆိုတာ သွင်းဂိုးရော ရမှတ်ပါ အပြည့်အဝလိုအပ်နေတာမို့ အက်သလက်တီကိုဟာ အိမ်ကွင်းအားသာချက်ကို အပြည့်အဝ အသုံးချပါလိမ့်မယ်။ အဝေးကွင်းတွေမှာ ရလဒ်မကောင်းတတ်တဲ့ အီဘာဟာ ခံစစ်ပိုင်းကျစ်လျစ်တောင့်တင်းတဲ့ အက်သလက်တီကိုကွင်းကနေပြီး အမှတ်ဗလာနဲ့ အိမ်ပြန်ရမှာပါ။

### မာလာဂါနှင့် ဂီတာဖေး

နောက်ဆုံးတွေ့ဆုံခဲ့တဲ့သုံးပွဲမှာ ဂီတာဖေးတို့က နှစ်ပွဲနိုင်ခဲ့ပေမယ့် လက်ရှိဂီတာဖေးရဲ့ အဝေးကွင်းခြေစွမ်းက ကျဆင်းနေပါတယ်။ မာလာဂါတို့ကတော့ အိမ်ကွင်းမှာဆိုရင် ခြေစွမ်းထက်မြက်ပြီး နိုင်ပွဲရအောင်လည်း စွမ်းဆောင်နိုင်ပါတယ်။ ဒီနှစ်သင်းရဲ့ လာလီဂါမှာ တွေ့ဆုံခဲ့မှုရလဒ်တွေကိုကြည့်ရင် တစ်လှည့်စီ အနိုင်ယူနေကြတာမို့ ဘယ်အသင်းမှ အသာစီးမရနိုင်ပါဘူး။ ဒါပေမယ့် အိမ်ကွင်းမှာ အားထုတ်မှုပိုကောင်းတဲ့ မာလာဂါကိုပဲ ရွေးချယ်အားပေးရမှာပါ။

### ဗယ်လီကာနိုနှင့် လက်စ်ပယ်မက်

နှစ်သင်းစလုံးရပ်တည်မှုအနေအထား ဆိုးရွားနေတာမို့ အခုပွဲမှာ ပြိုင်တူရုန်းကန်ကြိုးစားကြပါလိမ့်မယ်။ ဗယ်လီကာနိုတို့က အိမ်ကွင်းဆိုပေမယ့် ခံစစ်ပိုင်းအားနည်းချက်ရှိနေသလို တိုက်စစ်ပိုင်းကလည်း အားရစရာ မရှိပါဘူး။ လက်စ်ပယ်မက်တို့ကလည်း ဒီနှစ်လာလီဂါမှာ အဝေးကွင်းနိုင်ပွဲဈေးဦးမပေါက်သေးတာမို့ ဒီပွဲမှာ အနိုင်ရလဒ်ကိုမျှော်မှန်းပြီး ရင်ဆိုင်ပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ ဗယ်လီကာနိုတို့ပဲ ရလဒ်ကောင်းကို ပိုင်ဆိုင်သွားဖို့များပါတယ်။

### ဘီလ်ဘာအိုနှင့် ဗီလာရီးရဲ

ချန်ပီယံလိဂ်ဝင်ခွင့်အတွက် သေချာဖို့ ဒီပွဲကို အနိုင်ကစားမယ့် ဗီလာရီးရဲတို့က ဥရောပဝင်ခွင့်အတွက် ကြိုးစားနေတဲ့ ဘီလ်ဘာအိုကို ခက်ခက်ခဲခဲရင်ဆိုင်ရပါလိမ့်မယ်။ ဗီလာရီးရဲတို့က လောလောဆယ်မှာ ပုံမှန်ခြေစွမ်းရရှိနေပြီး တိုက်စစ်၊ ခံစစ်မျှအောင် အားထုတ်နိုင်နေပါတယ်။ ဘီလ်ဘာအိုတို့ကတော့ အခုအိမ်ကွင်းမှာ ကစားမှာဖြစ်တဲ့အပြင် ခြေစွမ်းလည်းပြန်လည်ကောင်းမွန်ဖို့ ကြိုးစားနေချိန်ဖြစ်တာမို့ ဒီပွဲမှာ အမှတ်ယူသွားဖို့ ရာခိုင်နှုန်းများနေတာတော့ အမှန်ပါပဲ။

### ဂီဂျွန်နှင့် ဒီပို့တီဗို

ဒီနှစ်သင်းရဲ့ နောက်ဆုံး သုံးပွဲတွေ့ဆုံခဲ့မှုရလဒ်ကိုကြည့်ရင် ဂီဂျွန်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ တန်းဆင်းဇုန်အတွင်း ရောက်ရှိနေတဲ့ ဂီဂျွန်တို့ဟာ ဒီပွဲမှာ အပြင်းအထန်ရုန်းကန်ရမယ့် အနေအထားရှိပြီး ဒီပို့တီဗိုကို ဖိအားပေးနိုင်အောင် အားထုတ်ပါလိမ့်မယ်။ ဒီပို့တီဗိုဟာ ဂီဂျွန်နဲ့ဆုံတိုင်း အသာစီးမရတတ်တဲ့ အစဉ်အလာကို ဒီပွဲမှာ ပယ်ဖျက်နိုင်မလားကြည့်ရမှာပါ။ အကြိုက်က အိမ်ရှင်ဖြစ်ပါတယ်။

ဒါပေမယ့် ဒီပို့တီဗိုဟာ အဝေးကွင်းမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် အားထုတ်နိုင်တဲ့ ခြေစွမ်းရှိတာကို ဂီဂျွန်တို့ မေ့ထားလို့မရပါဘူး။ တိုက်စစ်၊ ခံစစ်မျှအောင် ကစားနိုင်တဲ့ ဒီပို့တီဗိုကလည်း ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်လောက်တော့ရအောင် ယူသွားနိုင်ပါတယ်။ ။

---




## ပေါ်တိုကစားသမားကို စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ စတုတ်ခေါ်ယူ

စတုတ်စီးတီးအသင်းက ပေါ်တိုကွင်းလယ်ကစားသမား ဂီယန်နယ်လီအမ်ဘူလာကို ပေါင် ၁၈ ဒသမ ၃ သန်းနဲ့ ခေါ်ယူလိုက်ပါတယ်။ စတုတ်အသင်းက အခုခေါ်ယူလိုက်တဲ့ ကွင်းလယ်ကစားသမားဟာ အသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ နည်းပြ မတ်ဟုတ်ချ်က ယခင်ပေါင် ၁၂ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ရှာကျီရီရဲ့ ပြောင်းရွှေ့ကြေးကိုကျော်ပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ပေါ်တိုနဲ့ စတုတ်အသင်းတို့ဟာ ၂၄ နာရီကြာ အကြိတ်အနယ်ဆွေးနွေးခဲ့ကြပြီးနောက် ကွင်းလယ်ကစားသမား အမ်ဘူလာကို စာချုပ်ခဲ့တယ်လို့ ဆိုပါတယ်။ နည်းပြ မတ်ဟုတ်ချ်အနေနဲ့ အသက် ၂၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမ်ဘူလာကို ခေါ်ယူဖို့ကြိုးစားနေသည်မှာလည်း ကြာပြီလို့ သိရပါတယ်။ သူက ငယ်လည်းငယ်တယ်။ ကောင်းကောင်းလည်း ကစားနိုင်သေးတယ်။ ဒါကြောင့် ကျွန်တော်သူ့ကို အရခေါ်ယူခဲ့တာပါလို့ မတ်ဟုတ်ချ်က ဆိုပါတယ်။

## လိုကိုမိုးတစ်တိုက်စစ်မှူး အဲဗာတန်ရောက်ပြီ

အဲဗာတန်အသင်းဟာ လိုကိုမိုးတစ်တိုက်စစ်မှူး အိုမာနက်ဆေးကို ပေါင် ၁၃ ဒသမ ၅သန်းနဲ့ စာချုပ်လိုက်ပြီဖြစ်ပါတယ်။ နက်ဆေးဟာ အဲဗာတန်အသင်းက ခေါ်ယူခဲ့တဲ့ ဈေးအကြီးဆုံးကစားသမားတွေထဲက တစ်ဦးဖြစ်ပါတယ်။ ဆီနီဂေါတိုက်စစ်မှူး နက်ဆေးဟာ လိုကိုမိုးတစ် မော်စကိုမှ ရောက်ရှိလာပြီး ၂၀၂၀ ပြည့်နှစ်အထိ ဂုတ်ဒီဆင်ပက်ခ်မှာကစားဖို့ စာချုပ်လိုက်ပြီဖြစ်ပါတယ်။ နက်ဆေးကို ပရီမီယာလိဂ်ကလပ်တွေ အများစုက ခေါ်ယူဖို့စိတ်ဝင်စားခဲ့တာပါ။ လူကာကူ၊ အာရိုနာကွန်းတို့လို ခြေစွမ်းပြလာလိမ့်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ အဲဗာတန်အသင်းဟာ ပရီမီယာလိဂ်မှာ အကောင်းဆုံးအသင်းဖြစ်သလို ကမ္ဘာမှာလည်း ပရီမီယာလိဂ်က အကောင်းဆုံးဖြစ်ပါတယ်လို့ နက်ဆေးက စာချုပ်အပြီး ပြောဆိုလိုက်ပါတယ်။ နက်ဆေးဟာ ရုရှားပရီမီယာလိဂ်မှာ ခြေစွမ်းပြကစားနေတဲ့ ကစားသမားဖြစ်ပြီး လိုကိုမိုးတစ်မှာ ၂၈ ပွဲကစား ၁၈ ဂိုးသွင်းယူထားပါတယ်။






## ရန်းနက်စ်ကွင်းလယ်လူကို ဝက်ဖို့ဒ်ခေါ်ယူ

ဝက်ဖို့ဒ်အသင်းက ပြင်သစ်ကလပ် ရန်းနက်စ်အသင်းမှ ကွင်းလယ်ကစားသမား ဒိုးကိုစ့်ကို ပေါင်ရှစ်သန်းပေးပြီး ခေါ်ယူလိုက်ပါတယ်။ နည်းပြ ဆန်ချက်ဇ်ဖလောရက်အနေနဲ့ ဒိုးကိုစ့်ကိုခေါ်ယူဖို့ ပြီးခဲ့တဲ့နွေရာသီကတည်းက စိတ်ဝင်စားခဲ့တာပါ။ သို့သော်လည်း ယခုမှသာ စာချုပ်နိုင်ခဲ့တာပါ။ ဒိုးကိုစ့်အနေနဲ့ ပြင်သစ်ကလပ် ရန်းနက်စ်အသင်းမှာ ပထမပွဲထွက်ကစားသမားအဖြစ် ၇၂ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၂ ဂိုးသွင်းယူထားသူ ဖြစ်ပါတယ်။ ဒီအသင်းက ကျွန်တော့်ကိုခေါ်ယူဖို့ ကြိုးစားနေတာကြာပါပြီ။ ပြီးခဲ့တဲ့နွေရာသီကတည်းကပါ။ ကျွန်တော့်အနေနဲ့ အကောင်းဆုံးကစားသွားမှာဖြစ်ပါတယ်လို့ သူကဆိုပါတယ်။ ဒိုးကိုစ့်ဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးက ပစ်မှတ်ထားခဲ့တဲ့ကစားသမားလည်းဖြစ်ပါတယ်။ ပြင်သစ် ၂၁ နှစ်အောက် အသင်းမှာ အသင်းခေါင်းဆောင်အဖြစ် ကစားခဲ့ပြီး ဘောလုံးကျွမ်းကျင်မှု အရည်အချင်းပြည့်ဝတဲ့ ကွင်းလယ်ကစားသမားဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# မီးဘေးအန္တရာယ် ကြိုကာကွယ် လာမည့်ရန်မီး ဒို့တားဆီး

မီးသည်သုံးတတ်လျှင်အကျိုးပြုပြီး သေချာစွာ မသုံးစွဲတတ်ပါက အန္တရာယ်တွေ့နိုင်ပါသည်။ ဆိုရိုးစကားအရ သူခိုး ခိုးလျှင် တချို့တစ်ဝက်ကျန်နိုင်သေးသော်လည်းမီးလောင်ပါက ပြာပုံအထိဖြစ်သွားသည်ကို လူတိုင်းအသိပင်ဖြစ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေး ပညာပေးစာစောင်၌ "မီးဘေးဆိုသည်မှာ လူပြုသည့် ဘေးတစ်ခုဖြစ်သည်။ သဘာဝဘေးလည်းဖြစ်သည်။ လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်အားလုံးကို ဖျက်ဆီးပစ်နိုင်သော ဘေးဆိုးတစ်ခုဖြစ်သည်။ မီးကိုကြိုတင်ကာကွယ်ခြင်းဖြင့် အနိုင်ယူပါ" ဟူ၍ မီးနှင့်ပတ်သက်ပြီး နှိုးဆော်ထားသည်။

အမှန်တကယ်လည်း "မီး"သည် သဘာဝကြောင့် ဖြစ်ရသည်ထက် လူကြောင့်ဖြစ်ရသည်က ပိုမိုများပြား၏။ မီးလောင်ခံရပြီးဆိုလျှင် အဆောက်အအုံ၊ အိုးအိမ်နှင့်တကွ ရှိသမျှ အတွင်းအပြင်ပစ္စည်းမှန်သမျှ ပြောင်တလင်းခါသွားတတ်သည်။ အခန့်မသင့်ပါက လူသားတို့၏ အသက်ပင် ဆုံးရှုံးနိုင်သေးပေသည်။

မြန်မာနိုင်ငံ၌ မီးလောင်မှု အများဆုံးဖြစ်သောကာလမှာ ပူပြင်းခြောက်သွေ့သောရာသီ "နွေ" ကာလဖြစ်သည်။

ယခုဆိုလျှင် မိုးမှဆောင်း ဆောင်းမှနွေသို့ တစ်စတစ်စ ကူးပြောင်းလာပြီဖြစ်၏။ ထိုကာလများမှာပင် မီးလောင်မှုတို့ ကြိုးကြားကြိုးကြားဖြစ်နေပေပြီ။ မကြာသေးခင်က ရန်ကုန်မြို့ မင်္ဂလာဈေးကြီး၌ လောင်ကျွမ်းခဲ့သောမီးမှာ သာဓကတစ်ခုပင် ဖြစ်ပေသည်။

မီးသတ်ဦးစီးဌာနအနေဖြင့်လည်း မီးလောင်မှုမဖြစ်ပွားရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မီးကိုအသုံးပြုလျှင် လူစောင့်နေရန်၊ လောင်စာမီးတို့ကို လိုအပ်သည်ထက် ပိုမသုံးစေရန်၊ မီးဖိုနှင့် အမိုးအကာနံရံအကြား အပူခံအကာများထားရန် စသော မီးလောင်မှုအများဆုံး ဖြစ်ပွားစေနိုင်သည့် အကြောင်းအရာများကို အမြဲသတိပေးလျက်ရှိသည်ကို ကြားမြင်နေရသည်။

မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မီးလောင်မှုဖြစ်ပွားပြီဆိုလျှင် မည်သည့်ကာလ၊ မည်သည့်အချိန်၊ မည်သည့်နေရာတွင် မီးလောင်မည်ကို ကြိုတင်ခန့်မှန်းတွက်စနိုင်သည့်အတွက် "မြန်မြန်သိ မြန်မြန်သွား မြန်မြန်မီးငြိမ်း" ဟူသော လက်ကိုင်ဆောင်ပုဒ်နှင့်အညီ အမြဲအသင့်ရှိနေကြရမည်။

မီးလောင်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် မိမိတို့၏ခြံအတွင်း မီးလောင်လွယ်စေနိုင်သော အမှိုက်များကို ရှင်းလင်းထားရန်နှင့် အိမ်တိုင်း၌ မီးချိတ်၊ မီးကပ်နှင့် သဲအိတ်များထားရန် လိုအပ်ပါက အလွယ်တကူ အသုံးပြုနိုင်သည့် ရေလှောင်ကန်များထားရှိရန်၊ မီးသတ်ဆေးဘူးများထားရှိရန်၊ လောင်စာဆီ သိုလှောင်ခြင်း၊ လောင်စာဆီအနီး မီးသုံးစွဲခြင်းကို ရှောင်ကြဉ်ရန်၊ ခြင်ဆေးခွေ၊ အမွှေးတိုင်၊ ဖယောင်း တိုင်များကိုလည်း မီးခံခွက်မရှိဘဲ အသုံးမပြုရန်၊ လမ်းသွားရင်း ဆေးလိပ်သောက်ခြင်းနှင့် သောက်လက်စ ဆေးလိပ်တိုများကို မီးမငြိမ်းသတ်ဘဲ စည်းကမ်းမဲ့ မစွန့်ပစ်ရန် အရေးကြီးလှ၏။

ထို့အပြင် လျှပ်စစ်အသုံးပြုသူများအနေဖြင့်လည်း ဟောင်းနွမ်းဆွေးမြည့် ကြိုးများကိုလဲလှယ်ပေးရန်၊ လျှပ်စစ်ဒဏ်ခံကြိုး Fuse များကိုလည်း လိုအပ်သည်ထက် ပိုမိုအသုံးမပြုရန်၊ လျှပ်စစ်အသုံးပြုပြီးလျှင်လည်း မီးခလုတ်ကိုပိတ်၍ ပလပ်ခေါင်းအားဖြုတ်ထားရန်၊ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်လျှင် ပင်မခလုတ်ပိတ်ပြီး ခြောက်သွေ့သော အဝတ်စတို့ဖြင့် အသုံးပြု၍ မီးငြိမ်းသတ်ရန်၊ ချွတ်ယွင်းလျှပ်စစ်ပစ္စည်းများကို အသုံးမပြုရန် အရေးကြီးလှပေသည်။

လူတိုင်း အသိသတိနှင့် မီးကိုဆင်ဆင်ခြင်ခြင် အသုံးပြုပါက မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# ရန်ကြီးအောင်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်

**ရမည်းသင်း ဖေဖော်ဝါရီ ၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ သင်ပန်းကုန်းအုပ်စု လက်ဆည်ကန်ရပ်ကွက်ရှိ ရန်ကြီးအောင်ဘုရား (၁၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် သံဃာအပါး ၂၀၀ ကျော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၆ ရက်တွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ပင့်သံဃာများက ရန်ကြီးအောင်စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်မည်ဖြစ်ပြီး ပင့်သံဃာအပါး ၆၀ အား ဆွမ်းများဆက်ကပ်လှူဒါန်းကာ လှူဖွယ်ပစ္စည်းများဖြင့် လှူဒါန်းသွားမည်ဖြစ်ကြောင်း၊ ညနေပိုင်းတွင် ပင့်သံဃာအပါး ၂၀၀ ကျော်အား စေတနာရှင်အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူကြမည်ဖြစ်ကြောင်း သိရသည်။

ပျော်ပွဲရွှင်ပွဲများအဖြစ် အမျိုးသားအကြီးတန်း၊ အလတ်တန်းနှင့် အငယ်တန်း ဂိုးကျဉ်းဘောလုံးပြိုင်ပွဲကိုလည်း ဖေဖော်ဝါရီ ၁ ရက်မှစတင်ကျင်းပလျက်ရှိပြီး အသင်း ၅၀ ပါဝင်ယှဉ်ပြိုင်ကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်အထိ ယှဉ်ပြိုင်ပြီး အနိုင်ရရှိသော အသင်း ရှစ်သင်းအား ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆုများချီးမြှင့်မည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၆ မှ ၂၈ ရက်အထိတွင်လည်း ဇာတ်သဘင်ဖြင့် အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **ညွန့်ရွှေ**

# လိုင်စိတ်ကြွဆေး မရောင်းချရေးအတွက် ဆေးရောင်းချသူများအား ဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၃**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်း လိင်စိတ်ကြွဆေးများ ရောင်းချမှုမရှိစေရေးအတွက် ဆေးရောင်းချသူများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တွေ့ဆုံဆွေးနွေးပွဲကို အလုံမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလဲ့ညိုဝင်းက ဆေးရောင်းချရာတွင် မှတ်ပုံတင်ပြီးသားဆေးများကိုသာ ရောင်းချရန်နှင့် လိင်စိတ်ကြွဆေးများ တရားမဝင်ရောင်းချမှုမရှိစေရေးအတွက် ဆေးဆိုင်ရှင်များအား ဆွေးနွေးပြောကြားသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးနန္ဒအောင်က ဆေးဝါးများရောင်းချခွင့် မှတ်ပုံတင်ပြုလုပ်ရေးနှင့် တရားမဝင်ရောင်းချပါက တရားစွဲဆိုအရေးယူနိုင်သည့် ဥပဒေပုဒ်မများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေက ဖမ်းဆီးအရေးယူမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားကာ ဆေးရောင်းချသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**တင်မောင်ဦး(အလုံ)**

# ခရမ်းချဉ်သီး ဈေးကျသဖြင့် ခရမ်းချဉ်စိုက် တောင်သူများ အရှုံးပေါ်

**ပွင့်ဖြူ ဖေဖော်ဝါရီ ၃**

ယခုနှစ် ခရမ်းချဉ်သီးပေါ်ချိန်တွင် ဈေးနှုန်းများကျဆင်းနေသဖြင့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ခရမ်းချဉ်စိုက်တောင်သူများမှာ စိုက်ပျိုးစရိတ်ပင်ပြန်မရဘဲ အရှုံးပေါ်နေကြောင်း သိရသည်။

"ဒီနှစ် ရေကြီးရေလျှံဖြစ်ပြီးတော့ စင်တင်ခရမ်းချဉ်ကို ရာသီနဲ့အညီ ပျိုးထောင်စိုက်ပျိုးခဲ့တာ စိုက်ပြီးသုံးလကြာမှ ဆွတ်ခူးရောင်းချတော့ ခရမ်းချဉ်တစ်ပိဿာ ၁၀၀ ကျပ်ပဲ ရတယ်။ ကိုင်းမြေတစ်ဧကမှာ စင်တင်ခရမ်းချဉ် အပင် ၅၀၀၀ စိုက်ရတယ်၊ တစ်ဧက တစ်ရက်ခြားပုံမှန်ဆွတ်ခူးတာ တစ်ကြိမ်ကို ခရမ်းချဉ် ပိဿာ ၁၈၀၀ ကနေ ၂၀၀၀ အထိ ထွက်တယ်၊ ဈေးမကောင်းတော့ ပျိုးထောင်စရိတ်၊ စိုက်ပျိုးစရိတ်တွေ ဆုံးရှုံးရတယ်"ဟု သာစည်ကျေးရွာမှ ခရမ်းချဉ်စိုက် တောင်သူဦးနိုင်က ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်း ပြီးခဲ့သည့်နှစ်က ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် တောင်သူများမှာ ရာသီအချိန်ကိုက်ညီသော ခရမ်းချဉ်များကို စိုက်ပျိုးခဲ့ကြပြီး အသီးထွက်နှုန်းကောင်းမွန်သော်လည်း ဈေးနှုန်းများကျဆင်းနေသဖြင့် အရှုံးပေါ်ကြခြင်းဖြစ်ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

# (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**ကလေး ဖေဖော်ဝါရီ ၃**

ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ကို ကလေးမြို့ ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဦးဆောင်ပြီး ကလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားနေ့ကျင်းပရေးကော်မတီ၏ ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ကလေးမြို့ တာဟန်းရပ်ကွက်ရှိ Pensy Hall ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဂင်ခန့်ပေါင်က (၆၈) နှစ်မြောက် ချင်းအမျိုးသားနေ့ကို အခြေခံပညာအထက်တန်းကျောင်း ဘောလုံးကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ဘောလုံးပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲများကျင်းပရန် စီစဉ်ထားကြောင်း၊ ညပိုင်းတွင် ချင်းအမျိုးသားနေ့အခမ်းအနားကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် ချင်းရိုးရာဝတ်စားဆင်ယင်မှုနှင့် အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး ၂၀၁၄- ၂၀၁၅ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသူများ၊ ၂၀၁၅ ခုနှစ်အတွင်း နိုင်ငံတော်အဆင့် တက္ကသိုလ်အသီးသီးမှ စာစီစာကုံး၊ ကျပန်းစကားပြော ပြိုင်ပွဲစသည့် နိုင်ငံတော်အဆင့်ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူ ကျောင်းသား ကျောင်းသူများကိုလည်း ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က ချင်းအမျိုးသားနေ့ အခမ်းအနားကို ကလေးမြို့တွင် တက္ကသိုလ်ကျောင်းသားများက ဦးဆောင်ကျင်းပခဲ့ရာ ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာကျင်းပလိုသဖြင့် ချင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# ချောင်းဆုံမြို့နယ် လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးများအတွက် သင်တန်းပို့ချ

**ချောင်းဆုံ ဖေဖော်ဝါရီ ၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ကမ္ဘာ့ဘဏ်၏ ငွေကြေးအထောက်အပံ့ဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ချောင်းဆုံမြို့နယ် လူထုဗဟိုပြုစီမံကိန်း စည်းရုံးရေးမှူးသင်တန်းအပိုင်း(၁)ကို ချောင်းဆုံမြို့ ကျွန်းသာယာခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။



သင်တန်းတွင် လူထုဗဟိုပြုစီမံကိန်း (National Community Driven Development Project-NCDDP)၏ ရည်ရွယ်ချက်ဖြစ်သည့် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လူထုဗဟိုပြုချဉ်းကပ်နည်းဖြင့် ဆင်းရဲသောရပ်ရွာဒေသများက အလွယ်တကူ ရယူအသုံးပြုကာ အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေရန်အတွက် မိတ်ဆက်သင်ကြားခြင်း၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးနှင့် လူထုဗဟိုပြု စီမံကိန်းများအကြောင်း၊ NCDDP စီမံကိန်းစက်ဝန်းအကြောင်း စသည့် စီမံကိန်းများကို ကျေးလက်ဒေသများသို့ တိုက်ရိုက်ကွင်းဆင်းကြမည့် လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူး ၃၇ ဦးအား သင်ကြားပို့ချမည်ဖြစ်ကာ သင်တန်းဆရာများအဖြစ် (Department of Rural Development-DRD)မှ ဆရာနှစ်ဦးက သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၃ အုပ်စု၊ ရပ်ကွက်ကျေးရွာ ၇၈ ခု၌ DRD ဝန်ထမ်းများ၊ လူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများ၊ NGO အဖွဲ့ဝင်များ စုစုပေါင်း ၅၁ ဦးက လူထုဗဟိုပြုစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သတင်းတိုများ

### ပြန်/ဆက်ဝန်ထမ်းများလုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ရေးသင်တန်းဖွင့်

မိတ္ထီလာခရိုင်အတွင်း မြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု မြှင့်တင်ရေးအတွက် ဆင့်ပွားသင်တန်းကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သင်တန်းခန်းမ၌ ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့ရာ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်နှင်းရီက ပြည်သူ့ဆက်ဆံရေးဘာသာရပ်ကို သင်ကြားပို့ချသည်။ သင်တန်းသို့ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်း၊ သာစည်မြို့နယ်များမှ ဝန်ထမ်းသင်တန်းသားသင်တန်းသူများ တက်ရောက်ခဲ့ကြသည်။ **ချမ်းသာ(မိတ္ထီလာ)**

### ဘိုးဘွားရိပ်သာနှင့် ပရဟိတကျောင်းသို့ အာဟာရဒါနလှူဒါန်း

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၃၄ ဦးနှင့် ဇေယျာသီရိ မိဘမဲ့အမျိုးသမီးများ ပရဟိတဂေဟာရှိ ကျောင်းသူ ၈၀ ကျော်အား အာဟာရဒါနအဖြစ် အကျွေးအမွေးများနှင့် ထောက်ပံ့ငွေများကို တောင်ငူမြို့နေ သတင်းထောက်ဦးကျော်လှ(သမာဓိ)၏ (၇၉)နှစ်ပြည့် မွေးနေ့ကုသိုလ်ဒါနအဖြစ် သမာဓိမိသားစုက ဖေဖော်ဝါရီ ၁ ရက်တွင် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါ ဘိုးဘွားရိပ်သာနှင့် ပရဟိတဂေဟာအပြင် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ သက်ကြီးသတင်းစာဆရာကြီးများနှင့် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်လူမှုကူညီရေးအဖွဲ့သို့လည်း အလှူငွေ ကျပ်တစ်သိန်းစီကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၁၁၅)**

### သထုံမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲကျင်းပ

သထုံမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဒဂုံမြို့နယ် မဟာဝိဇယစေတီတော် ကုန်းမြေရှိ အသင်းဓမ္မာရုံ၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့ပြီး အသင်းဥက္ကဋ္ဌ ဦးခင်မောင်ပြုံးနှင့် အသင်းဝင်များက အသက် ၇၅ နှစ်နှင့်အထက် အသင်းဝင်များအား ကန်တော့ပစ္စည်းများဖြင့် လှူဒါန်းကန်တော့ခဲ့ကြသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

### ပြန်/ဆက်ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

လှိုင်လင်ခရိုင်အတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်း အမှတ်စဉ် (၂/ ၂၀၁၆) ကို ဖေဖော်ဝါ ၁ ရက်က လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဖွင့်လှစ်ခဲ့ကာ သင်တန်းသားဝန်ထမ်း ၁၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၆ ရက်အထိဖြစ်ကြောင်း သိရသည်။

**မိုးလွင်ဦး(လှိုင်လင်)**

# ယာဉ်မတော်တဆမှုဖြစ်ချိန်တွင် ဒဏ်ရာရလူနာများအား ရှေးဦးသူနာပြုစုခြင်း လက်တွေ့ပို့ချ

**တာချီလိတ် ဖေဖော်ဝါရီ ၃**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အမှတ်(၁၉) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(ရှမ်းအရှေ့)လက်အောက်ရှိ အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်) တပ်ဖွဲ့တို့ ပူးပေါင်း၍ အခြေခံရှေးဦးသူနာပြုစုခြင်း စာတွေ့လက်တွေ့သင်တန်းကို အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်) တပ်ဖွဲ့စုမှူးရုံးနှင့် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားအနီး၌ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၁ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းတွင် ဒုတိယတန်း ခရိုင်ကြက်ခြေနီဦးစီးမှူး ဦးဘမိုးမြင့်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များအား အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၊ ရှေးဦးပြုစုခြင်းနှင့် သဘောတရားအတွေးအခေါ်များ၊ လူနာဆန်းစစ်ခြင်း၊ သွေးဆုတ်သွေးလန့်ခြင်း၊ အပူလောင်ခြင်းနှင့် အရည်ပူလောင်ခြင်း၊ ဒဏ်ရာနှင့် သွေးယိုစီးခြင်း၊ အခြေခံအသက်ကယ် အထောက်အကူပြုနည်း၊ လူကြီး၊ ကလေးများ၏ လေလမ်းကြောင်းအတွင်း ပြင်ပပစ္စည်းဝင်ခြင်း(ဆို့နင်ခြင်း)၊ ရှေးဦးပြုစုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှု၊ အရိုးကျိုးခြင်း၊ အဆစ်လွဲခြင်း၊ ကြွက်သားနှင့် ရိုးဆက်ကြောများဒဏ်ရာ၊ အဆိပ်သင့်ခြင်း၊ သတ္တဝါများနှင့် ပိုးမွှားများကိုက်ခြင်း၊ တုပ်ခြင်း၊ ဆေးထည့်ခြင်းနှင့် ပတ်တီးစည်းခြင်း၊ ဦးခေါင်းဒဏ်ရာ၊ သတိလစ်ခြင်း၊ အထွေထွေအရေးပေါ်အခြေအနေများ ကိုင်တွယ်ခြင်းနှင့် သယ်ဆောင်ခြင်းစသည်တို့ကို ပို့ချခဲ့သည်။

ဖေဖော်ဝါရီ ၁ ရက်တွင် လက်တွေ့သင်တန်းကို ပို့ချပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရွှေတာချီဆိုင်ကယ်အသင်း၊ မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်း၍ ရုတ်တရက် ယာဉ်တိမ်းမှောက်ချိန်၊ ယာဉ်တိုက်မိချိန်တွင် ဒဏ်ရာရအရေးပေါ် လူနာများအား အခြေခံရှေးဦးသူနာပြုစုခြင်း၊ အခင်းဖြစ်စဉ် ရုတ်တရက် အသက်ရှူရပ်တန့်သည့်လူနာများအား ပြုစုခြင်း၊ အရိုးကျိုးဒဏ်ရာရရှိသူများအား ပတ်တီးစည်း၍သယ်ဆောင်ခြင်း သင်ခန်းစာများကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတား လမ်းဆုံမီးပွိုင့်တွင် မြေပြင်အနေအထားအတိုင်း လက်တွေ့ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# အာလူးခင်းများ အောင်မြင်ဖြစ်ထွန်း၍ ဈေးကောင်းမျှော်လင့်

**တပ်ကုန်း ဖေဖော်ဝါရီ ၃**

နေပြည်တော် တပ်ကုန်း-ပုဗ္ဗသီရိ ကွန်ကရစ်ကားလမ်းဘေးရှိ စိုက်ခင်းများတွင် ဆောင်းသီးနှံအဖြစ် ဒေသခံပြည်သူများ စိုက်ပျိုးထားသော အာလူးစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် အကျိုးအမြတ်ကောင်းရန် ဒေသခံ အာလူးစိုက်တောင်သူများ မျှော်လင့်နေကြသည်။

"ကျွန်တော်တို့တောင်သူတွေက ပိုက်ရေတွင်းအနက်၊ လည်ချောင်းပိုက်၊ အင်ဂျင်စက်အမျိုးအစားအပေါ် မူတည်ပြီးတော့ လေးသိန်းခွဲ၊ ငါးသိန်းလောက် ပထမဆုံး ရင်းထားရပါတယ်။ အာလူးမျိုးကတော့ ရှမ်းအာလူးမျိုးတွေဖြစ်ပါတယ်။ မျိုးတစ်ပိဿာ ၈၀၀ ကျပ်၊ ထယ်တစ်ရှဉ်း ၅၀၀၀ ကျပ်၊ နေ့စားတစ်ဦး ၂၀၀၀ ကျပ်၊ သုံးရက်တစ်ခါ ရေလောင်း စက်ဆီဖိုးက ၄၂၀၀ ကျပ်၊ စုစုပေါင်း အာလူးတစ်ဧကစိုက်ခင်းတစ်ခင်းအတွက် ကုန်ကျငွေ ငါးသိန်းဝန်းကျင်ဖြစ်ပါတယ်။ အာလူးခင်းတွေကို တန်ဆောင်မုန်းလဆန်းပိုင်းမှာ စတင်စိုက်ပျိုးပြီး တပို့တွဲလပြည့်ကျော်မှာ ပေါ်မှာဖြစ်ပါတယ်။ ပေါ်ချိန်မှာ မျိုးဈေးလောက်ပြန်ရောင်းချရရင် တစ်ဧကစိုက်ခင်းမှာ ၁၀ သိန်းကျော် အကျိုးအမြတ်ခန့်မှန်းထားပါတယ်"ဟု ကြံ့ဖိုကျေးရွာမှ အာလူးစိုက်တောင်သူတစ်ဦးက ပြောပြသည်။

အာလူးစိုက်တောင်သူများ၏ မြေဆီအသုံးချမှန်ကန်မှု၊ အသုံးပြုသည့် စိုက်ပျိုးနည်းစနစ်မှန်ကန်မှု၊ အာလူးမျိုးမှန်ကန်မှု၊ မြေအောက်ရေပိုက်တွင်းစနစ် အသုံးပြုမှန်ကန်မှုတို့ကြောင့် အာလူးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေခြင်းဖြစ်ရာ အာလူးများမှာလည်း ကောင်းမွန်သဖြင့် ပွဲစားများ အကြိုက်တွေ့မည်ဖြစ်ကြောင်း ဒေသခံတောင်သူများ မျှော်လင့်လျက်ရှိသည်။

**တင်စိုးလွင်**



# မိုးညှင်းမြို့နယ်၌ မှိုစိုက်ပျိုးနည်းသင်တန်း ဒုတိယအကြိမ်ဖွင့်

**မိုးညှင်း ဖေဖော်ဝါရီ ၃**

ကချင်ပြည်နယ် မိုးညှင်းမြို့၌ မှိုစိုက်ပျိုးခြင်းဖြင့် ကျေးလက်ဒေသနေပြည်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေပိုမိုရရှိစေရန်ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ဒုတိယအကြိမ် မှိုစိုက်ပျိုးနည်းသင်တန်းကို မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအေးမင်းနိုင်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးမင်းမင်းဇော် (အင်ဂျင်နီယာ-၂)၊ ဦးရာဇာဝင်းနှင့် ဦးဝင်းလှထိုက်တို့က မှိုစိုက်ပျိုးနည်းများကို သင်ကြားပို့ချခဲ့သည်။ သင်တန်းသို့ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများမှ သင်တန်းသား သင်တန်းသူ ၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ဝ၆၃)**


MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1- 2301772, 2301773

အစုရှယ်ယာမှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာလွှဲပြောင်းခြင်း ဆောင်ရွက်ပေးမှု ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၃)ရက်

၁။ မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုး(လ်)ဒင်း(စ်) ပတ်ဘလစ် လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) သည် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် စာရင်းဝင်မှတ်ပုံတင်နိုင်ရန် လိုအပ်သည့်အချက်အလက်များကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အစုရှယ်ယာရှင်များအနေဖြင့် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange - YSX) တွင် အစုရှယ်ယာ အရောင်း/အဝယ်ပြုနိုင်ရန်နှင့် နောက်နောင် အမြတ်ဝေစုလက်ခံရရှိစေနိုင်ရန်အတွက် YSX မှ သတ်မှတ်ထားသည့် လိုင်စင်ရငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုခုတွင် ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) တစ်ခု ဖွင့်လှစ်ရန် လိုအပ်ပါသည်။

၃။ အဆိုပါ Securities Account ဖွင့်လှစ်ရာတွင် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် အစုရှယ်ယာမှတ်ပုံတင်စာရင်းတွင် အစုရှယ်ယာလွှဲပြောင်းခြင်းအား ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့မှ မတ်လ (၉)ရက်နေ့အထိ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်(စ်)အီးဇက်ဟိုး(လ်)ဒင်း(စ်)ပတ်ဘလစ်လီမိတက်



**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်င/၁၁၊ မြေကွက်အမှတ်၂၁၉၊ အကျယ်အဝန်းပေ(၆၀×၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေ နှင့်မြေပေါ်ရှိအကျိုးခံစားခွင့်တို့ကို ဗိုလ်မှူးမြင့်ဆွေ ၁၂/တကန(နိုင်)၀၀၂၃၆၀၏ အမည်ဖြင့် ပါမစ်ချထားပေးခဲ့ပြီး ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ၂၀၁၂ ခုနှစ်ကဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အထက်ဖော်ပြပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်တို့အားမည်သူကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပါမစ်ပျောက်လျှောက်ထားခြင်း၊ ဂရန်လျှောက်ထားခြင်းမပြုပါရန် တားမြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမျိုးမြင့်အောင်(LL.B)** | **ဦးအေးမင်းသူ(LL.B)** |
| **စဉ်-၂၅၁၆၅** | **စဉ်-၂၆၁၉၉** |

**ရိုးမဘဏ်ဥပဒေအကြံပေးအထက်တန်းရှေ့နေများ**
**အမှတ်၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၄၅၇၅၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သဃ်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ (၅)ခန်းတွဲ (၁၂)ထပ်၊ တိုက်အမှတ် ၂၃၊ အခန်းအမှတ် ၇၀၃ကို Tosta Co;Ltd. ထံမှဝယ်ယူထားသူ ဒေါ်သူဇာဦး ၁၂/တမန(နိုင်) ၀၁၂၂၅၃ မှ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**



**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ လူနေရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ် (၁၀၁၆/က)၊ အင်း၀ (၉) လမ်း၊ မြေငှားစာချုပ်အမှတ်-တဥ/၆-၀၇၄၈/၉၃(ရကစ/မြေရာ/တဥ/၀၆၇၇၂/၉၃)မြေဧရိယာ (၁၂၀၀) စတုရန်းပေ(20'x60')ရှိ ဦးတင်ဝင်း ၁၂/ဥကတ(နိုင်) ၀၄၂၃၁၇အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် လျှပ်စစ်မီတာအပါအဝင် ရောင်းချသည့်အိမ်မြေအကျိုးခံစားခွင့်အရပ်ရပ်တို့ကို အပြီးအပိုင် စာချုပ်အဆက်ဆက် လက်ဝယ်ထားရှိပိုင်ဆိုင်ထားသူ (၁) ဦးအောင်လင်း ၁၂/ဒဂန(နိုင်) ၀၁၀၂၈၈ (၂) ဒေါ်ကြည် ၁၂/ဥကတ(နိုင်) ၀၅၀၂၃၁တို့မှ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအနက်မှ စရန်ငွေ တစ်စိတ်တစ်ဒေသအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်နိုင်ဝင်း ၁၂/ကတတ(နိုင်) ၀၀၇၃၅၈**
**ဖုန်း-၀၉-၄၃၃၂၂၉၉၀၊ ၀၉-၇၉၃၃၂၂၉၉၀**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၈၂၁၊ မြေကွက်တည်နေရာအမှတ် ၈၂၁၊ သုဇိတာလမ်း၊ ဦးထီဆန်းဖီဂျောင် ၁/ပတအ(နိုင်)၀၃၈၇၃၇ အမည်ပေါက်နှစ်( ၆၀) ဂရန်မြေအား ခင်ပွန်း ဦးထီဆန်းဖီဂျောင် ကွယ်လွန်သဖြင့် ဇနီးဒေါ်နန်းဟီးခေါ်နော် ၁/ပတအ(နိုင်) ၀၂၈၉၅၈ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်းတင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



**အများသိစေရန်ကြေညာချက်**

ဒေါ်ခင်ဝင်းတင့်၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးသက်လွင် တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၃၁)နှင့် ဒေါ်နန်းသင်းသင်းရွှေ တရားလွှတ်တော်ရှေ့နေ(စဉ်-၉၄၀၀)၏၂၅-၁-၂၀၁၆ရက်ထုတ်မြန်မာ့အလင်းသတင်းစာပါ ကန့်ကွက်နိုင်ကြောင်းကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း၊ ၂၅-၁-၂၀၁၆ရက်စွဲပါ ကြေညာချက်မှာ မှန်ကန်မှုမရှိပါ၊ ပြင်ဦးလွင်မြို့၊ ကုန်းဘောကျေးရွာ၊ အကွက်အမှတ် ၂၂၊ ၂၃၊ ၂၅တို့အား ဦးခင်ဇော်မှ ကျေးရွာအုပ်ချုပ်ရေးမှူးရှေ့မှောက်တွင် တရားဝင်လွှဲပြောင်းရယူပြီးဖြစ်ပါသည်။ ဤကြေညာချက်ပါမြေနှင့်ပတ်သက်၍ နောက်နောင် ယခုကဲ့သို့ ဒေါ်ခင်ဝင်းတင့်မှ ထပ်မံကြေညာခြင်းများပြုလုပ်ပါက ဥပဒေရှိသည်နှင့်အညီ အရေးယူဆောင်ရွက်သွားမည့်အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲပြောင်းညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးခင်ဇော်** | **ဒေါ်ခင်မြမိုး (တရားလွှတ်တော်ရှေ့နေ)** |
| | **စဉ်-၈၅၂၅** |
| | **တရားဝင်လက်ဝယ်လွှဲပြောင်းရယူပြီး ဖြစ်ပါသည်။** |

# သက်ကြီးဘိုးဘွားများနှင့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့လှူဒါန်း



**ဒေးဒရဲ ဖေဖော်ဝါရီ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ကပ်လှူခြင်း၊ သက်ကြီးဘိုးဘွားများအား အဝတ်အထည်နှင့် ဆေးဝါးများ လှူဒါန်းခြင်း၊ ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်းနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်း အခမ်းအနားကို ဒေးဒရဲမြို့ ထိုင်ကူမြစ်တန်းကျေးရွာ ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း၌ ဇန်နဝါရီ ၃၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် ဆရာတော်နှင့် ကသပေါင်းကျေးရွာဆရာတော် တို့က ဩဝါဒမြွက်ကြားကာ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ် ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျေးရွာ ၁၄ ရွာမှ သက်ကြီးဘိုးဘွား ၂၅၇ ဦးအတွက် အဝတ်အထည်နှင့် ဆေးဝါးများကိုလည်းကောင်း၊ မူလတန်းနှင့် အလယ်တန်းကျောင်း ၁၇ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် အဝတ်အထည်များနှင့် ကျောင်းသုံးပစ္စည်းများကိုလည်းကောင်း လိပ်ပြာကန်ကျောင်းတိုက်ဆရာတော်အား အမှူးထား၍ အလှူရှင်များက ပေးအပ်လှူဒါန်းကြသည်။

ဒေသခံပြည်သူများအား အခမဲ့ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းကိုလည်း တပ်မတော်ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာနမှ လက်ထောက်ကထိက ဒေါက်တာလင်းမျိုးထက်၊ သယ်န်းကျွန်းစံပြဆေးရုံ မေ့ဆေးဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာဆွေဆွေဝင်းနှင့် ဆရာဝန်များ၊ သူနာပြုများက ဇန်နဝါရီ ၃၀ နှင့် ၃၁ နှစ်ရက်တိုင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

# ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် သီးနှံနှင့် ပန်းမန်စိုက်ပျိုးသူများအား ဖိတ်ခေါ်ထား

**မုံရွာ ဖေဖော်ဝါရီ ၃**

(၆၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကို မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းရှိ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနပြခန်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီးအတွင်းမှ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် (ဒေသ/နိုင်ငံခြား) ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်မည့် သစ်သီးဝလံ၊ ပန်းမန်များကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနပြခန်း ပြည်သူ့အားကစားကွင်း မုံရွာမြို့သို့ ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီမှ ၁၀ ရက် ညနေ ၅ နာရီ နောက်ဆုံးထားပေးပို့ပြီး ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ပါဝင်ယှဉ်ပြိုင်ရမယ့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနဲ့ ပန်းမန်များအနေနဲ့က ဘူး၊ ဖရုံ၊ သခွား၊ ဖရဲသီး တစ်လုံးစီ၊ မုံလာပွင့်၊ ဂေါ်ဖီထုပ် တစ်ထုပ်၊ မုံလာဥဖြူ ဥနီ၊ နိုကိုဥ၊ ခရမ်းသီးငါးလုံး၊ နဂါးမောက်၊ သဘော်သီးသုံးလုံး၊ သံပရာ၊ ရှောက်သီးငါးလုံး/အတွဲလိုက်၊ ငရုတ်သီး၊ ခရမ်းချဉ်သီး ၁၀ လုံး၊ ဇီးသီး ၁၀ လုံး၊ ပန်းမန်(ပန်းအလှ၊ အရွက်အလှ) တစ်အိုး၊ အာလူးငါးလုံး၊ ငှက်ပျော၊ ကွမ်းသီး၊ အုန်းသီး တစ်ခိုင်၊ ပိန်းဥ၊ မျောက်ဥ၊ ဝ ဥ ငါးလုံး၊ အလှပန်းအိုး တစ်အိုးတို့ ဖြစ်ပါတယ်။ အခြားထူးခြားမှုရှိတဲ့ အသီး၊ အရွက်၊ အပွင့်၊ ဥ၊ အပင်များနဲ့လည်း လာရောက်ယှဉ်ပြိုင်နိုင်ပါတယ်"ဟု ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဖိုးချမ်း(မုံရွာ)**

# မူလတန်းလွန်ကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်

**မင်းတပ် ဖေဖော်ဝါရီ ၃**

ချင်းပြည်နယ် မင်းတပ်မြို့နယ် ဝေးလောင်းကျေးရွာအုပ်စု လေရှိကျေးရွာ မူလတန်းလွန်ကျောင်း၌ တည်ဆောက်ပြီးစီးခဲ့သော ကျောင်းဆောင်သစ်ကို ဖေဖော်ဝါရီ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။

ကျောင်းဆောင်သစ်ကို ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်၊ ပြည်နယ်ပညာရေးမှူး ဦးသိန်းဆောင်နှင့် ရပ်မိရပ်ဖတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်စည်ပင်ဝန်ကြီး ဦးနိန်နိုင်း၊ ဆောက်လုပ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးငွန်ဆန်းအောင်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကျေးလက်နေပြည်သူများ၏ ပညာရေးကဏ္ဍ အဆင့်တိုးမြင့်လာစေရန် ရည်ရွယ်၍ အဆိုပါကျောင်းဆောင်သစ်ကို ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ရွှေချင်းညီနောင်ကုမ္ပဏီက တာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်
## ၂၀၁၅ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၅၂

ဒေါ်သီတာဝင်း နှင့် ဒေါ်မြကြည် ပါ ၅
**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ အမှတ် ၁။ ဒေါ်မြကြည်၊ ၂။ ဒေါ်အေး၊ ၃။ မနုန၊ ၄။ ကိုဗိုလ်မင်း၊ အိမ်အမှတ်(၁၃/ခ)၊ စိန်ပန်းလမ်းနှင့် သံလမ်းကြား၊ ၇၁×၇၂ လမ်းကြား၊ အကွက်အမှတ်(က-၆)၊ အမှတ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါဒေါ်သီတာဝင်းက ဤရုံးသို့ မန္တလေးခရိုင်တရားရုံး၊ မကြီး ၂၆/၂၀၁၅ တွင် ၂၂-၁၀-၂၀၁၅ရက်စွဲပါ အမိန့်နှင့်စပ်လျဉ်းသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၁၆ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေဖြစ်စေ၊ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်မှုပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ**
**(တင်ထွေးဦး)**
**ဒုတိယညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
## အကြောင်းကြားစာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## ပြည်ကြီးတံခွန်မြို့နယ်၊ တရားမရုံးတော်၌
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၈ နှင့်ဆက်သွယ်သည့်
## ၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၂၆

ဦးအားကွယ် နှင့် ဦးကျော်မြင့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဦးကျော်မြင့် (ပလစ-၂)၊တံခွန်တိုင်ရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၂၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ဤရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဖြူဖြူခိုင်**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်၌
## ၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၅၅၇

ဒေါ်ဝင်းကြည် နှင့် ၁။ ဦးကိုကိုကြီး
၂။ ဒေါ်ခင်မာထွေး
**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်၊ အကွက်(၂၆၁)၊ ၃၀×၃၁လမ်း၊ ၈၉×၉၀လမ်းကြားတွင် နေထိုင်သူ ၁။ ဦးကိုကိုကြီး၊ ၂။ ဒေါ်ခင်မာထွေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝင်းကြည်က ချေးငွေကျပ် သိန်း ၅၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဒေါ်ချိုချို)**
**ဒုတိယခရိုင်တရားသူကြီး(၆)**
**မန္တလေးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ချထားပေးသော ဖလမ်းကွက်သစ်၊ အကွက်အမှတ် (၁၅၅)၊ ဦးသောင်းအမည်ပေါက် အလျားပေ (၄၀×၆၀)ရှိ မြေကွက်နှင့် ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ အကွက်အမှတ် (၅) ဦးကျော်အေးအမည်ပေါက် အလျားပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ ထန်းပင်ကုန်း (၅)လမ်း၊ အမှတ် (၈/က)၊ ဧရိယာ ဝဒသမ ဝ၂၇ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ကျွန်ုပ်မိတ်ဆွေမှ တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူများထံမှ အထောက်အထားစာရွက်စာတမ်းအဆက်အဆက် စာချုပ်စာတမ်းများဖြင့် တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်များဖြစ်ကြောင်းကို အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိဦး (LL.B, LL.M)**
**အထက်တန်းရှေ့နေ**
**အမှတ် (၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊**
**သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၁၀၉၇၈၆**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ကျောက်မဲခရိုင်တရားရုံး
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၁

ဦးထွေးအောင်အေး နှင့် ဦးနိုင်မင်းအောင် ပါ(၂)
**တရားလို** **တရားပြိုင်များ**

နောင်ချိုမြို့၊ ဘန့်ဘွေးကျေးရွာ၊ နယ်မြေ(၂) (မှတစ်ဆင့်-ဦးမောင်မောင် ပစ္စည်းအဟောင်းအရောင်းအဝယ်)နေထိုင်သူ ဦးနိုင်မင်းအောင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးထွေးအောင်အေးက နစ်နာမှုလျော်ကြေးရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက် (၁၃၇၇ခုနှစ် တပို့တွဲလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသည့် တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်စန်းမြင့်)**
**ခရိုင်တရားသူကြီး**
**ကျောက်မဲခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်/ဦးပိုင်အမှတ်(ဒ ၃၀၅၇၄)၊ ဧရိယာ ဝဒသမ ၁၄၇ ဧကရှိ ဦးတင်ရွှေအမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်အား ဒေါ်မြတ်မြတ်ဆွေ ၇/ပမန(နိုင်)၁၄၈၆၉၀ (ဘ) ဦးမြင့်အောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မစိုးရိမ်အနောက်၊ မြေကွက်/ဦးပိုင်အမှတ်(၁၉၊ ၂၀ᵃ)၊ ဧရိယာ ဝဒသမ ၁၈၅ဧကရှိ ဒေါ်ချိုချိုသက်(ပါ)၅ အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်ခင်ခင်ရှမ်း (ပါ)၅ ၉/ပမန(နိုင်)၀၀၂၈၅၀ (ဘ) ဦးဝင်းမြင့်အောင်မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## (၅၉)ကြိမ်မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄)(ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း) (၁)နှစ်သင်တန်းဝင်ခွင့်
# လျှောက်လွှာခေါ်ယူခြင်း

ကုသရေးဦးစီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီးဆေးရုံများ (မြောက်ဥက္ကလာပ၊ မန္တလေး၊ မုံရွာ၊ တောင်ကြီး၊ မကွေး၊ ပုသိမ်၊ လှိုင်ကော်၊ ပြည်၊ မော်လမြိုင်၊ မြိတ်၊ မြစ်ကြီးနား)တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ပညာသင်နှစ်အတွက် ၂-၅-၂၀၁၆ ရက်တွင် ဖွင့်လှစ်မည့် (၅၉)ကြိမ်မြောက် ဓာတ်ခွဲကျွမ်းကျင်အဆင့်(၄)/ဓာတ်ခွဲစစ်ဆေးသူ-ဒုတိယတန်း (Grade-II) (၁)နှစ်သင်တန်းသို့ တက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။

၁။ **အရည်အချင်းသတ်မှတ်ချက်**
လျှောက်ထားသူသည်-
(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(၂) အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူဖြစ်ရမည်။ [ဓာတုဗေဒဘာသာရပ်၊ သချ်ာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ် တစ်ခုစီတွင် အနည်းဆုံး (၅၀)မှတ်ဖြင့် အောင်မြင်သူများသာ]
(၃) လျှောက်လွှာပိတ်သည့် ၂၉-၂-၂၀၁၆ရက်တွင် အသက်(၁၈)ပြည့်ပြီး (၂၅)နှစ်အောက် ဖြစ်ရမည်။
(၄) ပါတီနိုင်ငံရေးကင်းရှင်းသူ၊ ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။
(၅) အိမ်ထောင်မရှိသူ (အပျို၊ လူပျို) ဖြစ်ရမည်။
(၆) ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိရ။ သင်တန်းတက်ရောက်ရန် ကိုယ်ရောစိတ်ပါ ကျန်းမာရမည်။
(၇) သင်တန်းအောင်မြင်ပြီးဆုံးသည်အထိ မိမိအစီအစဉ်ဖြင့် မိမိတက်ရောက်နိုင်သူဖြစ်ရမည်။
(၈) သင်တန်းအောင်မြင်ပြီးဆုံးပါက ဓာတ်ခွဲကျွမ်းကျင်-၄ (လစာနှုန်း ၁၅၀၀၀၀/-၂၀၀၀-၁၆၀၀၀၀/) နေရာများကို နိုင်ငံတော်ဝန်ထမ်းအဖြစ် ခန့်အပ်ခံရပါက မည်သည့်ဒေသတွင်မဆို အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(၉) သင်တန်းတက်ရောက်ပြီး သင်တန်းကာလအတွင်း ပျက်ကွက်လျှင်ဖြစ်စေ၊ သင်တန်းစည်းကမ်းများကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ သင်တန်းပြီးဆုံးပြီး ဝန်ထမ်းအဖြစ် ခန့်အပ်ပါက အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လျှင်ဖြစ်စေ နိုင်ငံတော်မှ အခါအားလျော်စွာ သတ်မှတ်ထားသောသင်တန်းလျော်ကြေးငွေ ၅၀၀၀၀/- (ကျပ်ငါးသောင်းတိတိ) ပေးလျော်မည်ဖြစ်ကြောင်း ကတိဝန်ခံချုပ်ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၂။ **လျှောက်လွှာပေးပို့ရန်။**
(၁) လျှောက်လွှာများကို (မည်သည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးတွင်မဆို) ရယူပြီး ပြည့်စုံစွာဖြည့်စွက်၍ လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး မိမိ၏အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် စာစစ်ဌာနတည်ရှိသည့် ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးသို့သာ လိပ်မူ၍ လျှောက်လွှာပိတ်ရက် ၂၉-၂-၂၀၁၆ရက်ထက် နောက်မကျစေဘဲ လျှောက်ထားရမည်။ (နေပြည်တော်၊ ကုသရေးဦးစီးဌာနသို့လိပ်မူ၍ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ)
(၂) လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများကို ပူးတွဲပေးပို့ရမည်။
၁။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် (မိတ္တူ) ၁စောင်
၂။ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း (မူရင်) ၁စောင်
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) ၁စောင်
၄။ နိုင်ငံရေးကင်းရှင်းကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ သက်ဆိုင်ရာရဲစခန်းထောက်ခံစာ(မူရင်း) ၁ စောင်
၅။ အပျို/လူပျိုဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်(သို့) ကျေးရွာအထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး/ အတွင်းရေးမှူး) ထောက်ခံစာ (မူရင်း) ၁စောင်
၆။ ကိုယ်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း၊ ကိုယ်ရောစိတ်ပါကျန်းမာကြောင်း၊ သက်ဆိုင်ရာမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ (မူရင်း) ၁စောင်
၇။ ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် (သင်တန်းတက်ခွင့်ရရှိပါက) ရာထူးမှ နုတ်ထွက်ခွင့်ပြုမည်ဖြစ်ကြောင်း သက်ဆိုင်ရာအကြီးအကဲ၏ထောက်ခံစာ (မူရင်း) ၁စောင်
၈။ လျှောက်လွှာပုံစံတွင်လိုင်စင်ဓာတ်ပုံ (၁)ပုံကပ်ပြီး၊ ဓာတ်ပုံ(၂)ပုံကို ပူးတွဲပေးပို့ရမည်။ (၆လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် ပတ်စ်ပို့အရွယ်ဓာတ်ပုံဖြစ်ရမည်။ ဓာတ်ပုံနောက်ကျောတွင် လျှောက်ထားသူအမည်၊ မှတ်ပုံတင်အမှတ်၊ အမည်၊ နေရပ်များ ရေးရမည်။)
**(မှတ်ချက်။ ။ ထောက်ခံစာများအားလုံးတွင် ထောက်ခံပေးသူ၏အမည်၊ လက်မှတ် ရာထူးတံဆိပ်တုံး၊ ရုံးတံဆိပ်ဝိုင်းပါရှိရမည်။)**

၃။ သင်တန်းတက်ခွင့်ရရှိပါက တက္ကသိုလ်/ကောလိပ်/အဝေးသင်တက်နေသူဖြစ်လျှင် သင်တန်းကာလအတွင်း (တက္ကသိုလ်/ ကောလိပ်/အဝေးသင်) ပညာသင်ရပ်နားခွင့်ပြုကြောင်း သက်ဆိုင်ရာကျောင်းအုပ်/အကြီးအကဲ၏ ထောက်ခံစာမူရင်းကို တက်ခွင့်ရမည့် သင်တန်းတည်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ဆေးရုံကြီးသို့ ပေးအပ်နိုင်ရမည်။ (သင်တန်းတက်စဉ်ကာလအတွင်း မည်သည့်လက်မှတ်ရသင်တန်းမဆို လုံးဝတက်ခွင့်မပြုပါ။)

၄။ အောက်ပါအချက်များနှင့် ငြိစွန်းသည့် လျှောက်လွှာကို လုံးဝ(လုံးဝ)ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
(၁) ရှင်းလင်းပီသစွာနှင့် ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် လျှောက်လွှာများ
(၂) သတ်မှတ်ချက် စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများ
(၃) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာနမှူးရုံးသို့ လိပ်မူ၍ လျှောက်ထားခြင်းမပြုဘဲ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်ပို့သည့်လျှောက်လွှာများ
(၄) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပို့သည့် လျှောက်လွှာများ

၅။ သင်တန်းတက်ခွင့်ရအမည်စာရင်းနှင့် သင်တန်းနေရာထုတ်ပြန်သတ်မှတ်ကြေညာခြင်း ၂၀၁၆ခုနှစ် ဧပြီ ၄ ရက်တွင် အောက်ပါဌာနများ၌ ကြော်ငြာထားပါသည်။
(၁) ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်
(၂) သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးရုံးများ
(၃) တက်ခွင့်ရသည့် သက်ဆိုင်ရာ သင်တန်းများတည်ရာ၊ ပြည်နယ်/တိုင်းဒေသကြီး ဆေးရုံကြီးများ
**(မှတ်ချက်။ ။ သင်တန်းစတင်ဖွင့်လှစ်ပြီး (၂)ပတ်ထက် နောက်ကျပါက သင်တန်းတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။)**

၆။ အသေးစိတ်သိလိုပါက အောက်ပါဌာနများတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။
(၁) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးရုံးများ
(၂) ကုသရေးဦးစီးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ဖုန်း-၀၁-၃၇၁၉၅၇၊ ၀၁-၃၇၁၉၂၅)

**ကုသရေးဦးစီးဌာန**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၁၁၉၉ Honda Dream ND 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်အေး ၆/တသရ(နိုင်)၀၄၀၇၉၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၅ယ/၅၆၅၂၆ Kenbo 125 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတိုင်အန်ကွေ ၁၃/နဆန(ဧည့်)၀၀၀၃၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(လားရှိုး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5B/8216 Nissan Diesel Truck (8 x 4) T/S ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိုက်စိုး ၇/ပခန(နိုင်)၁၉၅၉၆၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)**
**ရန်ကုန်မြို့**

---

# မြတ်ဆရာပူဇော်ခြင်းနှင့် မြို့မသံဃနိကာယအဖွဲ့ စုံညီတွေ့ဆုံပွဲ အခမ်းအနားပင့်လျှောက်လွှာ

**ရိုသေစွာပင့်လျှောက်အပ်ပါသည်-**

ပဲခူးမြို့၊ မြို့မစာသင်တိုက်ထွက် သံဃာတော်များနှင့် ပဲခူးမြို့နယ်၊ သုဓမ္မာနိကာယ(၁၀) ပဝါရဏာဌာနမှ သံဃာတော်အရှင်မြတ်တို့ဘုရား-

အာဒိကမ္မိက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးမြို့နယ်၊ သုဓမ္မာနိကာယ(၁၀)ပဝါရဏာဌာန၏ ဥက္ကဋ္ဌ၊ အနန္တဂိုဏ်းဝင် ကျေးဇူးတော်ရှင် ပဲခူးမြို့၊ မြို့မစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာထေရ် ဘဒ္ဒန္တကုဏ္ဍာစာရ (အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) [နိုင်ငံတော်ပရိယတ္တိတက္ကသိုလ် (ရန်ကုန်-မန္တလေး)တို့၏ အဓိပတိ]ဆရာတော်ကြီးနှင့် ဂန္ထဝါစကဆရာတော်များ၏အထံတော်၌လည်းကောင်း၊ ပဲခူးမြို့၊ မြို့မစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာထေရ်နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တဂန္ဓမာ (သာသနဓဇဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)နှင့် ဂန္ထဝါစကဆရာတော်များ၏အထံတော်၌လည်းကောင်း စာပေသင်ကြားခဲ့ကြကုန်သော တပည့်သံဃာတော်များနှင့် ပဲခူးမြို့နယ်၊ သုဓမ္မာနိကာယ(၁၀)ပဝါရဏာဌာနမှ သံဃာတော်များအားလုံးတို့က မြတ်ဆရာပူဇော်ခြင်းနှင့် မြို့မသံဃနိကာယအဖွဲ့သံဃာတော်များ စုံညီတွေ့ဆုံပွဲသို့ အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ရိုသေစွာပင့်လျှောက်အပ်ပါသည်ဘုရား။

ပင့်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် (မပျက်မကွက်) ကိုယ်တော်တိုင် ကြွရောက်တော်မူကြပါရန်နှင့် မိမိတို့နှင့်နီးစပ်ရာ မြို့မစာသင်တိုက်ထွက် သံဃာတော်များထံ ဆက်သွယ်အကြောင်းကြားပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားဝံ့ပါသည် သံဃာတော်အရှင်သူမြတ်တို့ဘုရား။

**အစီအစဉ်**

**ကြွရောက်ရမည့်နေ့ရက်** - ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း(၇)ရက်၊ ၁၅-၂-၂၀၁၆ ရက်၊ တနင်္လာနေ့ ညကျိန်းမီ
**ပူဇော်ပွဲနေ့ရက်** - ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်၊ ၁၆-၂-၂၀၁၆ ရက်၊ အင်္ဂါနေ့ (မြတ်ဆရာပူဇော်ခြင်းနှင့် မြို့မသံဃနိကာယအဖွဲ့စုံညီတွေ့ဆုံပွဲ)
**အချိန်** - ၁၃၇၇ ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်၊ ၁၆-၂-၂၀၁၆ ရက်၊ နံနက် ၇း၀၀နာရီ
**နေရာ** - နိကာယဓမ္မဗိမာန်တော်ကြီး၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့
(ဆက်သွယ်ရန်ဖုန်းနံပါတ်) ၀၉-၄၂၈၁၅၃၉၇၂၊ ၀၉-၈၆၅၀၁၇၈၊ ၀၅၂-၂၂၂၄၂၈၁

**မြို့မသံဃနိကာယအဖွဲ့**
**မြို့မစာသင်တိုက်၊ ပဲခူးမြို့**

---

## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ **ခေါ်ယူသည့်တင်ဒါ** - ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၅၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဘွဲ့နှင်းသဘင်ခန်းမအတွင်း ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်း
၂။ **တင်ဒါသက်တမ်း** - ၂၄-၂-၂၀၁၆ရက်၊ ၂၇-၂-၂၀၁၆ရက်နှင့် ၂၈-၂-၂၀၁၆ ရက်
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၊ ပင်မဆောင် ဘွဲ့နှင်းသဘင်ဌာန
၄။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၂-၂၀၁၆ရက် (အင်္ဂါနေ့)
၅။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊ အချိန် နေရာ** - ၁၇-၂-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂း၀၀ နာရီ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)
၆။ အသေးစိတ်အချက်လက်များကို အထက်ပါတင်ဒါပုံစံရောင်းချမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၉-၇၃၂၄၁၀၀၇၊ ၀၉-၇၃၂၄၁၀၀၈ တို့သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

---

## Textile Engineer များ၏ သက်ကြီးဆရာပူဇော်ပွဲနှင့် ကျောင်းသူ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ

ရန်ကုန်စက်မှုတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ ချည်မျှင်နှင့်အထည် အင်ဂျင်နီယာများ၏ သက်ကြီးဆရာပူဇော်ပွဲနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကျောင်းသူ ကျောင်းသားများအားလုံး မပျက်မကွက် (မပျက်မကွက်) ကြွရောက်ချီးမြှင့်ပေးကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၆-၂-၂၀၁၆ ရက် (စနေနေ့)
**အချိန်** - နံနက် ၉ နာရီမှ ၁၂း၀၀ နာရီအထိ
**နေရာ** - ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ (RIT)

**Account No.0661120001348(KBZ)**
**Branch No.12-019**

**ဖြစ်မြောက်ရေးကော်မတီ**

---

## (၁၇) ကြိမ်မြောက် (အထက သုံးဆယ်)
## မြတ်ဆရာပူဇော်ကန်တော့ပွဲ

အသက် (၆၀)ပြည့် အငြိမ်းစားဆရာ/ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းအားလုံး ပူးပေါင်းပါဝင်ကြွရောက်၍ ကန်တော့ကြပါရန် ရိုသေလေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၂-၂-၂၀၁၆ရက် (ပြည်ထောင်စုနေ့)
**အချိန်** - မွန်းတည့် ၁၂း၀၀နာရီ
**နေရပ်** - ပီမိုးနင်းခန်းမ အထက (သုံးဆယ်မြို့)

အဆက်အသွယ်ပြတ်နေသည့် အသက်(၆၀)ပြည့် အထက (သုံးဆယ်)တွင် တစ်နှစ်ပြည့်တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားဆရာ ဆရာမကြီးများ အောက်ဖော်ပြပါတပည့်များထံ ဆက်သွယ်ပါရန်။

ဦးနေဝင်း ဥက္ကဋ္ဌ ဖုန်း-၀၅၅-၃၀၅၂၂၊ ကျောင်းအုပ်ကြီး ဖုန်း-၀၅၅-၃၀၀၀၂၊ ဦးလှထူး (တွဲမှူး)ဖုန်း-၀၉-၄၂၃၇၁၇၃၇၄၊ ဦးမျိုးတင်(ဘဏ္ဍာရေးမှူး)ဖုန်း-၀၅၅-၃၀၅၀၈၊ ရပ်ဝေးမှ အလှူငွေထည့်ဝင်လိုသူများ ဦးသိန်းအောင်(အတွင်းရေးမှူး) ဖုန်း-၀၅၅-၃၁၁၁၄ ၇/သဝတ(နိုင်)၀၆၀၅၅၁၊ ကမ္ဘောဇဘဏ်ခွဲ(သုံးဆယ်) ဦးမောင်နှစ် (ရန်ကုန်) ဖုန်း-၀၉-၂၅၀၀၀၁၇၃၆၊ ဦးတင်မောင်ဝင်း(ရန်ကုန်) ဖုန်း-၀၁-၃၈၇၅၂၂ သို့ လွှဲပြောင်းပေးအပ်လှူဒါန်းနိုင်ကြပါသည်။

**မှတ်ချက်-** ၁၂-၂-၂၀၁၆ရက် နံနက် ၇း၀၀နာရီတွင် သခင်မြပန်းခြံ၊ စံချိန်မီကားဂိတ်မှ ကြို/ပို့ယာဉ်ထွက်ခွာပါမည်။ (ဦးမောင်နှစ် ဖုန်း-၀၉-၂၅၀၀၀၁၇၃၆၊ ဦးစိုးနိုင် ဖုန်း-၀၉-၄၂၀၁၆၁၄၅၄ သို့ ဆက်သွယ်ပါရန်။)

---

## တစ်ဦးတည်းဖြစ်ကြောင်း

ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်၊ ချယ်ရီလမ်းနေ ဦးအောင်ကျော်ဦး၏သမီး မနေခြည်ကောင်းထက်မှူး ၉/လဝန(နိုင်)၁၅၀၆၈၇နှင့် မနေခြည်ကျော်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မနေခြည်ကျော်ဦး(ခ) မနေခြည်ကောင်းထက်မှူး**

---

## ဖခင်အမည်မှန်

ကျောက်တန်းမြို့နယ်၊ ကျုံကန်ကျေးရွာ(အထက)တက္ကသိုလ်ဝင်တန်းမှ မောင်ပိုင်ဇေဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစန်းမြင့်ဦး ဖြစ်ပါကြောင်း။

---

## အမည်ပြောင်း

မကွေးမြို့၊ အထက(၂)၊ အဋ္ဌမတန်း(A)မှ ဒေါ်မာမာအောင် ၈/မကန(နိုင်)၀၅၂၆၈၉၏သမီး မဆောင်းမြတ်နိုးဦးအား မဆောင်းနှင်းရနံ့ဟု ပြောင်းလဲခေါ်ပါရန်။

**မဆောင်းနှင်းရနံ့**

---

## အမည်ပြောင်း

သြောင်ဦးမြို့၊ အမှတ် (၂) နယ်မြေ၊ ဒါးတန်းရပ်နေ ဦးဇော်လင်းအောင် ၉/ညဥန(နိုင်)၁၁၂၇၇၈ ၏သား မောင်ပြည့်စုံစိုး ၉/ညဥန(နိုင်)၂၄၂၄၃၀အား မောင်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ဆိုပေးပါရန်။

**မောင်ပြည့်ဖြိုး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/3743၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2J/3326 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၉၃၂၇၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ ဖေဖော်ဝါရီလ၊ ၆-၇၊ (၅၇)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဇန်နဝါရီလ (၁၀)ရက် (၅၆)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၇၁၀၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ ဖေဖော်ဝါရီလ (၆၊ ၇)ရက်တွင် ၅၇-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀ိ/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းအပ်ပါသည်။

**လှူဒါန်းရန်ဌာန - သီတဂူရွှေပြည်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။** (ကျိုက္ကဆံစူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

**ရွှေဂုံတိုင်ကမ္ဘောဇဘဏ် - အရှင်စေမာသိရိလင်္ကာရ (Account No. 007-50100701690301)** ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

**ရန်ကုန်တက္ကသိုလ် (၁၉၆၉-၁၉၇၃) ခုနှစ် မြန်မာစာအဓိက ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

ရန်ကုန်တက္ကသိုလ်၊ (၁၉၆၉-၁၉၇၃) ခုနှစ် မြန်မာစာအဓိက ကျောင်းသား၊ ကျောင်းသူများ၏ တစ်ဆယ့်လေးကြိမ်မြောက် မြတ်ဆရာ ပူဇော်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
[သီးခြားဖိတ်စာ မပို့ပါ]

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် - ၁၂-၂-၂၀၁၆ (သောကြာနေ့) (ပြည်ထောင်စုနေ့)
ကျင်းပမည့်အချိန် - နံနက် (၁၀း၀၀) နာရီ
ကျင်းပမည့်နေရာ - တော်ဝင်နှင်းဆီ သီရိခန်းမ ၂၂၁/၂၂၃၊ ရွှေဂုံတိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။

---

# ကန့်ဘလူမြို့နယ်အသင်း(ရန်ကုန်)

မွေးရပ်မြေ ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီးစေတီတော် (၁၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်သို့ သွားရောက် လှူဒါန်းပူဇော်ပါမည်။ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်မှထွက် ဖေဖော်ဝါရီ ၂၅ရက်တွင် ကန့်ဘလူမှ ပြန်လည်ထွက်ခွာကာ ၂၆ရက် ရန်ကုန်ပြန်ရောက်ပါမည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ကန့်ဘလူမြို့ ဘိုးဘွားရိပ်သာအတွက် လှူဒါန်းလိုသူ အလှူရှင်များ လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ လိုက်ပါလှူဒါန်းလိုသူများ ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းကြပါရန် ဦးအောင်သိန်း(ဥက္ကဋ္ဌ) ဖုန်း-၀၉-၄၃၂၀၂၂၁၁၊ ဦးစိုးသူရ (အတွင်းရေးမှူး) ဖုန်း-၀၉-၅၀၁၀၅၀၆၊ ဒေါ်သန်းသန်းဝင်း(ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၀၅၁၉၉၁၊ ဒေါ်ခင်သန်းညွန့်(စာရင်းစစ်) ဖုန်း-၀၉-၄၂၁၀၈၇၃၂၇။

**အလုပ်အမှုဆောင်အဖွဲ့**

---

## ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တော ကျောင်းတိုက်၊ ဓမ္မာရုံ ကျောင်းပရိယတ္တိစာသင်တိုက်၌ စာချ/ စာသင် သံဃာတော် အရှင် သူမြတ်များ သီတင်းသုံးရန်အတွက် ပေ(၇၀ × ၆၇)အကျယ်အဝန်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင် လှူဒါန်း နိုင်ကြပါရန် နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | |
|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁သိန်း |
| ၂။ | ၁၀ ပေပတ်လည် တစ်ကျင်းကြွေပြား | ၁သိန်း |
| ၃။ | အခန်းတံခါး | ၂သိန်း |
| ၄။ | ရေချိုးခန်း | ၃သိန်း |
| ၅။ | ကုဋီတစ်ခန်း | ၅သိန်း |
| ၆။ | အဝင်တံခါးမကြီးတစ်စုံ | ၇သိန်း |
| ၇။ | သံကူကွန်ကရစ်လှေကားတစ်စုံ | ၉သိန်း |
| ၈။ | သံဃာနှစ်ပါးနေတစ်ခန်း | ၁၀သိန်း |
| ၉။ | ရေတိုင်ကီတစ်လုံး | ၁၂သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀သိန်း |
| ၁၁။ | မုခ်ဦး | ၃၀သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃သိန်း |
| ၁၇။ | စာချဆရာတော်များနေတစ်ခန်း | ၂၅သိန်း |
| ၁၈။ | စာကြည့်တိုက် (စာကြည့်ခန်း) | ၁၀၀သိန်း |
| ၁၉။ | သံဃာတစ်ပါးနေရန်တစ်နေရာ | ၅သိန်း |

အလှူရှင်များကမ္ပည်းထိုးပေးပါမည်။
ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ
ဓမ္မာရုံကျောင်းပရိယတ္တိစာသင်တိုက်
ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၁၃၀၅၁၆၊ ၀၉-၂၆၁၃၆၂၉၃၂၆
ဦးတေဇိန္ဒ-ကမ္ဘောဇဘဏ်၊ ဗဟိုရ်စည်လမ်းမတော်
(Account No. 061-301-06100921001)
ရိုးမဘဏ်၊ ဘုန်းကြီးလမ်း၊ လမ်းမတော်
(Account No. 021-31-501798-9)ဘဏ်စာရင်းသို့နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်းဆက်သွယ်လှူဒါန်းနိုင်ပါသည်။

---

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီမြေရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသော တိုက်ခန်းအား ကန်ထရိုက်တာထံမှဝယ်ယူပြီး အဆောက်အအုံ နေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲ၍ စာချုပ်ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|
| ကန်ထရိုက်တာဦးအောင်မြင့် ၁၂/ပဘတ(နိုင်)၀၁၇၇၀၃ ရတနာမြိုင်ဆောက်လုပ်ရေး(မှ) | ဒေါ်ဇလေခါဘီ(ခ)ခင်လေးနွယ် MME-၅၉၈၅၂ | တိုက်အမှတ်(၁/၃)၊ အခန်းအမှတ်(၄)လွှာ၊(၁၁၉)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

---

# (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ ဖိတ်ကြားလွှာ

(၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားကို ၂၀-၂-၂၀၁၆ ရက်တွင် MICC(2) Banquet Hall (နေပြည်တော်)တွင် ၁၈း၃၀နာရီမှ ၂၀း၃၀နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အခမ်းအနားတွင် ချင်းရိုးရာ အကပဒေသာများ၊ ရိုးရာအစားအစာများဖြင့် တည်ခင်းဧည့်ခံမည်ဖြစ်ပါသဖြင့် ချင်းတိုင်းရင်းသားများ/တိုင်းရင်းသား မိတ်ဆွေများအနေဖြင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများအား ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားကျင်းပရေးကော်မတီ**

ဦးစိုးထက်-ဖုန်း-၀၉-၄၃၁၃၂၀၄၀၊ ဦးလိုင်ဒိန်း ဖုန်း-၀၉-၄၄၈၅၃၅၀၉၀
ဦးဝင်းစိုးဦး-ဖုန်း-၀၉-၄၄၈၅၄၈၇၈၅၊ ဦးဆွီးလျှံဟရဲ ဖုန်း-၀၉-၄၄၈၅၃၄၁၇၄

---

**အလက(၄)ကျောင်းခွဲ၊ မင်္ဂလာဒုံ (ယခင်-၅၀၂-လေတပ်)**

## (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

အရှင်ကုသလာနန္ဒ(ဆရာဦးကျော်စိုး)နှင့် ဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများမှ စုပေါင်း၍ (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် မပျက်မကွက် တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁၃၇၇ ခုနှစ် ပြာသိုလဆန်း (၄)ရက် ၁၂-၂-၂၀၁၆ ရက်၊ သောကြာနေ့ (ပြည်ထောင်စုနေ့)
**အချိန်** - နံနက် ၉ နာရီ
**နေရာ** - အနန်းပင်တောရစာသင်တိုက်၊ အနန်းပင်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်
**ဆက်သွယ်ရန်** - မတင်အေးခိုင် ၀၉-၉၇၅၅၉၄၀၁၆၊ ကိုမောင်မောင်မျိုး ၀၉-၂၅၅၈၄၇၀၁၀၊ မယဉ်မျိုးစု ၀၉-၂၅၀၁၆၇၂၂၆၊ မယဉ်းမာလှိုင် ၀၉-၂၅၃၉၆၇၀၀၉၊ ကိုလင်းရောင်တင် ၀၉-၃၁၀၇၇၅၃၅

---

## အလှူမင်္ဂလာဖိတ်ကြားခြင်း

ဒုရဲအုပ်လောင်းသင်တန်းအပတ်စဉ် ၁၆/၈၄ သာရေးနာရေးအဖွဲ့ ဥက္ကဋ္ဌ (ရန်ကုန်) ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်ကြည် မိသားစု၏ သိက္ခာထပ်၊ ရဟန်းခံ ရှင်သူတော် ဝတ်မင်္ဂလာသို့ မိသားစုနှင့်တကွ ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၇-၂-၂၀၁၆(တနင်္ဂနွေနေ့)
အချိန် - နံနက်(၁၀း၀၀)နာရီမှနေ့လည်(၁၂း၀၀)နာရီထိ
နေရာ - ခြောက်ထပ်ကြီးဘုရား၊ မဟာသိမ်တော်ကြီး၊ သိမ်ဆင်းချိန်နံနက်(၉း၀၀)နာရီ၊ သိမ်ဆင်းသံဃာ(၂၆)ပါး

**သာရေးနာရေးအဖွဲ့(ရန်ကုန်/မန္တလေး)**

ကြော်ငြာပံ့ပိုးကူညီသူ ညီလေး ကိုအေးမင်းဦး
(တော်ဝင်ရွှေဆိုင်၊ ဖျာပုံ)
**Ph: 045-40265**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကို၁ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂**

ဦးခင်မောင်ထွေး **နှင့်** ၁။ ဦးငွေအောင် ၂။ ဦးဇော်ဝင်းမြင့်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ် ၈၈၉(က)နေ ဦးငွေအောင်နှင့် ဦးဇော်ဝင်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

